[redacted]
Public Disclosure Authorized
Public Disclosure Authorized
Public Disclosure Authorized
Public Disclosure Authorized

ကမ္ဘာ့ဘဏ်အုပ်စုနှင့် ပညာအလင်းပွင့်မြန်မာသုတေသန
ဖောင်ဒေးရှင်း (EMReF) တို့မှ ပူးတွဲဆောင်ရွက်သည့်

# မြန်မာနိုင်ငံ၏ ရပ်ရွာအသိုင်းအဝိုင်းများအပေါ် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုဆန်းစစ် လေ့လာချက်

ပထမအကျော့၊ ၂၀၂၀ ဇူလိုင်



WORLD BANK GROUP
Social Sustainability & Inclusion

KOREA TRUST FUND
for Economic and Peace-Building Transitions

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာသည် ကမ္ဘာ့ဘဏ်ရုံး (မြန်မာ)ရှိ လူမှုဘဝရေရှည်ဖွံ့ဖြိုးရေးနှင့် ပေါင်းစည်းပါဝင်ရေး အဖွဲ့၏ (Social Sustainability and Inclusion Team) လုပ်ငန်းတစ်ခုဖြစ်သည်။ ဤသုတေသန လုပ်ငန်းကို လုပ်ငန်းမန်နေဂျာ (Practice Manager) Susan Shen နှင့် ဌာနညွှန်ကြားရေးမှူး (Country Director) Mariam Sherman ၏ ကြီးကြပ်လမ်းညွှန်မှု၊ မအိအိထွေး၏ ပံ့ပိုးကူညီမှုဖြင့် Natacha Lemasle မှ ဦးစီးဆောင်ရွက်ခဲ့ပါသည်။ ဤအစီရင်ခံစာကို ကမ္ဘာ့ဘဏ်မှ အကြံပေး ပုဂ္ဂိုလ်များဖြစ်သည့် Elizabeth Rhods နှင့် Markus Kostner (World Bank Consultants) တို့နှင့်အတူ ပညာအလင်းပွင့် မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)မှ သုတေသနမှူးများ ဖြစ်သည့် မချိုချိုဝင်းနှင့် မခင်မျိုးဝေတို့မှ ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။ EMReF သုတေသန အဖွဲ့ကို မချိုချိုဝင်းမှ ဦးဆောင်ခဲ့ပြီး အင်တာဗျူးပေါင်း ၂၂၄ ခုမှတစ်ဆင့် အချက်အလက်များ ကောက်ယူခဲ့ပါသည်။ Giorgia Demarchi, Emilie Perge, Sean Bradley နှင့် Partick Barron တို့ထံမှလည်း အဖိုးတန်သည့် သဘောထားမှတ်ချက်နှင့် အကြံပြုချက်များ ရရှိခဲ့ပါသည်။ ဤအစီရင်ခံစာကို Andrea Woodhouse, Nikolas Myintနှင့် Stephen Winkler တို့မှ Peer Reviewers အဖြစ် ပြန်လည်ဆန်းစစ်သုံးသပ်မှုများ ဆောင်ရွက်ခဲ့ပါသည်။ မိမိတို့အနေဖြင့် ဤစီမံကိန်းတွင် စိတ်ဝင်တစားနှင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

# မာတိကာ

အနှစ်ချုပ်တင်ပြချက် ၁
၁ နောက်ခံအချက်အလက်နှင့် နည်းစနစ် ၆
၂ ကျန်းမာရေးနှင့် ပြုမူနေထိုင်မှုပုံစံ ၉
၂.၁။ ကပ်ရောဂါဆိုင်ရာ အသိပညာ ၉
၂.၂။ အစိုးရထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ၁၀
၂.၃။ ကွာရန်တင်းဝင်သည့် ပြည်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ၁၂
၂.၄။ ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများ ဆောင်ရွက်ခြင်း ၁၄
၃ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ရွှေ့ပြောင်းသွားလာခြင်း ၁၅
၃.၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၆
၃.၂။ ဝင်ငွေနှင့် အလုပ်အကိုင်ဆုံးရှုံးမှုများ ၁၇
၃.၃။ လယ်ယာလုပ်ငန်းနှင့် ကျပန်းလုပ်သားများ ၁၈
၃.၄။ ငါးလုပ်ငန်း ၂၁
၃.၅။ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်ခြင်းနှင့် ငွေလွှဲပေးပို့ခြင်းများ ၂၂
၃.၆။ အစားအစာဖူလုံမှု ၂၅
၄ အခက်အခဲဖြေရှင်းမှု နည်းလမ်းများ ၂၆
၄.၁။ ငွေချေးယူခြင်း ၂၇
၄.၂။ အခြားဝင်ငွေနည်းလမ်း အရင်းအမြစ်များ ရှာဖွေခြင်း ၃၂
၄.၃။ အသုံးစရိတ်လျှော့ချခြင်း ၃၄
၅ လူမှုကဏ္ဍဆက်ဆံမှုများ ၃၇
၅.၁။ လူမှုကဏ္ဍ ပေါင်းစည်းညီညွတ်မှု ၃၇
၅.၂။ အမျိုးသမီးများအပေါ် သက်ရောက်မှု ၄၀
၅.၃။ ပြစ်မှုများ ၄၃
၅.၄။ ကျေးရွာများအကြား ဆက်ဆံ/ဆက်သွယ်မှုများ ၄၃
၆ ဦးဆောင်မှု ၄၅
၆.၁။ ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများတွင် ဦးဆောင်ပါဝင်သူများ ၄၅
၆.၂။ ကိုဗစ် - ၁၉ ရောဂါကာကွယ်တားဆီးရေး ကော်မတီများ ၄၈
၆.၃။ ခေါင်းဆောင်များအကြား ပူးပေါင်းဆောင်ရွက်မှု ၄၉
၇ အကူအညီပံ့ပိုးမှု ၅၁
၇.၁။ အကူအညီ ပံ့ပိုးဖြည့်ဆည်းသူများ ၅၂
၇.၂။ ကူညီထောက်ပံ့မှု အမျိုးအစားများ ၅၂
၇.၃။ ကူညီထောက်ပံ့မှုများ ပြည့်စုံလုံလောက်မှုအခြေအနေ ၅၃
၇.၄။ ထောက်ပံ့မှု ရရှိကြသူများ ၅၄
၇.၅။ အကူအညီ လုံလောက်ပြည့်စုံမှုမရှိခြင်း၏ နောက်ဆက်တွဲသက်ရောက်မှုများ ၅၇
၈ နောက်ဆက်တွဲများ ၅၈
နောက်ဆက်တွဲ ၁.၁။ ကျေးရွာဆိုင်ရာ စံနှုန်းညွှန်းမှတ်များ ၅၈
နောက်ဆက်တွဲ ၁.၂။ ကျေးရွာဆိုင်ရာ အချက်အလက်များ ၆၀

# အနှစ်ချုပ်တင်ပြချက်

စာမျက်နှာ ၁-၅



ဤအစီရင်ခံစာသည် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ၏ စီးပွားရေးနှင့် လူမှုရေး သက်ရောက်မှုများအပေါ် ပထမအကျော့ ကျေးရွာအဆင့် ဆန်းစစ်အကဲဖြတ်မှုမှ အဓိကလေ့လာတွေ့ရှိချက်များကို တင်ပြထားခြင်းဖြစ်ပါသည်။ ၎င်းလုပ်ငန်းစဉ်တွင် နိုင်ငံတစ်ဝှမ်းရှိ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းစီမှ မြို့နယ် ၂ မြို့နယ်စီ ရွေးချယ်၍ ၎င်းမြို့နယ်များရှိ ကျေးရွာပေါင်း ၅၆ ရွာမှ လူပေါင်း ၂၂၄ ဦးကို တွေ့ဆုံမေးမြန်းမှုများပါဝင်ပါသည်။[၁] (ကျေးရွာအခြေအနေအပေါ် သိရှိနားလည်မှုနှင့် အဓိကအုပ်စုကွဲများကို ကိုယ်စားပြုနိုင်မှု အခြေအနေအပေါ်မူတည်၍ တစ်ရွာလျှင် လူ ၄ ဦးခန့် ရွေးချယ်ပါသည်။) ၎င်းတွေ့ဆုံမေးမြန်းမှုများအားလုံးကို ၂၀၂၀ ဇူလိုင်လအတွင်း ဖုန်းဖြင့် ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တစ်ကြိမ်လျှင် ခန့်မှန်းခြေ ၁ နာရီခန့် ကြာမြင့်ပါသည်။ **အောက်ဖော်ပြပါ လေ့လာတွေ့ရှိချက်များသည် လူနာအရေအတွက် တစ်ဟုန်ထိုးမြင့်မားလာသည့် ဩဂုတ်လ နှောင်းပိုင်းမတိုင်မီ ၂၀၂၀ ဇူလိုင်လအထိ အကျုံးဝင်သည့် အခြေအနေများကို ထင်ဟပ်ဖော်ပြထားခြင်းဖြစ်ပြီး ၎င်းကာလသည် ခရီးသွားကန့်သတ်ချက် အများစုဖြေလျှော့ထားသည့် အချိန်ဖြစ်၍ တရားဝင် ကိုဗစ်-၁၉ လူနာအရေအတွက်မှာ ၃၅၀ ခန့်သာ ရှိပါသည်။**

**မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ မတ်လနှောင်းပိုင်းတွင် နိုင်ငံတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ပထမဦးဆုံးဖြစ်ပွားမှုကို တွေ့ရှိကြောင်း ဖော်ပြခဲ့ပါသည်။ ယင်းနောက်ပိုင်းတွင် ဒေသတွင်းကူးစက်မှုအခြေအနေများရှိကြောင်း အတည်ပြုဖော်ပြခဲ့ပါသည်။** နောက်ပိုင်းလများတွင် ကျန်းမာရေးနှင့်

၁ နိုင်ငံအတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုမှ မြို့နယ် ၂ မြို့နယ်စီကို ရွေးချယ်ခဲ့ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုချင်းအတွက် မြို့နယ် ၂ မြို့နယ်အနက် တစ်မြို့နယ်ကို NCDDP စီမံကိန်းတွင် ပါဝင်မှုအပေါ် အခြေခံ၍ ရွေးချယ်ခဲ့ပါသည်။ ယခင်ဆန်းစစ်လေ့လာမှုမှတစ်ဆင့် ကြိုတင်ဆက်သွယ်နိုင်မှုအပေါ် အဓိကအခြေခံ၍ မြို့နယ်တစ်မြို့နယ်တွင် ကျေးရွာ ၂ ရွာစီကို ရွေးချယ်ခဲ့ပါသည်။

အားကစားဝန်ကြီးဌာနသည် ကနဦးရောဂါပိုးစစ်ဆေးမှုဆိုင်ရာ ကန့်သတ်ချက်များစွာရှိသော်လည်း လူနာနှင့် ဆက်စပ်ထိတွေ့မှုများကို ခြေရာခံခြင်းလုပ်ငန်းများအား အရှိန်မြှင့် ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံရပ်ခြားမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်သည့် ခရီးသည်များ (အဓိကအားဖြင့် နေရပ်သို့ပြန်လာသည့် မြန်မာနိုင်ငံသားများ)နှင့် ပြည်တွင်း/နိုင်ငံတကာ နယ်စပ်ဝင်ပေါက်များမှ တစ်ဆင့် ၎င်းတို့ရပ်ရွာများသို့ ပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းလုပ်သားများအတွက် တင်းကျပ်သည့် စောင့်ကြပ်ကြည့်ရှုမှု(ကွာရန်တင်း/Quarantine) ဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များသတ်မှတ်၍ တုံ့ပြန်ဆောင်ရွက်ခဲ့ပါသည်။ ပြည်တွင်းနှင့် နိုင်ငံတကာ ခရီးသွားလာမှု ကန့်သတ်ချက်များအပါအဝင် ညမထွက်ရအမိန့်များ ထုတ်ပြန်ခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ကျောင်းများ ယာယီရပ်နားရန် အမိန့်ထုတ်ပြန်ခြင်းစသည်တို့ကို နိုင်ငံတစ်ဝှမ်းတွင် ဆောင်ရွက်ခဲ့ပြီး ၎င်းကန့်သတ်ချက်များကို ၂၀၂၀ ဇွန်နှင့် ဇူလိုင်လများတွင် ပြန်လည်ဖြေလျှော့ခဲ့ပါသည်။ ၂၀၂၀ ဧပြီလတွင် ပြည်ထောင်စုအစိုးရသည် ကိုဗစ်–၁၉ ကပ်ရောဂါအရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုအစီအစဉ်ကို ထုတ်ပြန်ကြေငြာခဲ့ပြီး ၎င်းတွင် ရောဂါကူးစက်မှု ထိန်းချုပ်ရန်၊ ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးအစီအမံများနှင့် ဗိုင်းရပ်စ်ရောဂါတို့ကြောင့် ဖြစ်ပေါ်စေသည့် လူမှုစီးပွားသက်ရောက်မှုများ လျော့ပါးသက်သာစေရန် အစိုးရအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်များ ပါဝင်ပါသည်။ ပြည်ထောင်စုအစိုးရ၏ ပံ့ပိုးမှုအစီအစဉ်တွင် နွမ်းပါးသည့် အိမ်ထောင်စုများအတွက် စားသောက်ကုန်ပစ္စည်းများ ပံ့ပိုးခြင်း၊ ကြွေးမြီကောက်ခံမှုများအတွက် တရားဝင် ဆိုင်းငံ့ကာလသတ်မှတ်ခြင်း၊ လိုအပ်သည့်အိမ်ထောင်စုများအတွက် ငွေသားထောက်ပံ့ကြေး (One-time) တစ်ကြိမ်ပေးအပ်ခြင်းနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ သက်ကြီးရွယ်အိုများအပေါ် အဓိကထား ပံ့ပိုးသည့် လက်ရှိငွေသားထောက်ပံ့ကြေးအစီအစဉ်များတွင် ရန်ပုံငွေဖြည့်တင်းခြင်း စသည်တို့ ပါဝင်ပါသည်။

**ကျေးရွာပြည်သူများအနေဖြင့် ရောဂါပိုးကူးစက်ခံရမည်ကို အဓိကစိုးရိမ်ပူပန်ကြသည်ဟု အင်တာဗျူးဖြေကြားသူများမှ ဖော်ပြခဲ့ကြပါသည်။** သို့သော် သိရှိရသည့်အထောက်အထားများအရ တစ်ဦးနှင့် တစ်ဦးအကြား ခပ်ခွာခွာနေရန် (Social distancing) သတ်မှတ်ချက်များ၊ အစိုးရ ထုတ်ပြန်ချက်များအပေါ် တိကျစွာလိုက်နာမှုများ အချိန်ကြာသည်နှင့်အမျှ လျော့နည်းလာကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် ရောဂါပိုးစတင်တွေ့ရှိမှု နောက်ပိုင်း ကပ်ရောဂါတုံ့ပြန်ဆောင်ရွက်ရေး အစောပိုင်းအဆင့်ကာလများတွင် အစိုးရလမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်မှု ပိုမိုမြင့်မားခဲ့ပါသည်။ ကပ်ရောဂါဖြစ်ပွားမှု ဆက်လက်တည်ရှိနေသော်လည်း ရောဂါကူးစက်နိုင်မှု အလားအလာနည်းပါးသည့်အချိန်တွင် (အင်တာဗျူးမေးမြန်းမှု ဆောင်ရွက်သည့်အချိန်) ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားမှုထိန်းချုပ်ရန် ကာကွယ်တားဆီးရေး အစီအမံများနှင့် အချင်းချင်း ခပ်ခွာခွာနေရန် (Social distancing)၊ နှာခေါင်းစည်း (mask) တပ်ဆင်ရန် စသည့် သတ်မှတ်ချက်များကို ကျေးရွာပြည်သူများအကြား လိုက်နာမှု လျော့နည်းလာခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးမှ ယင်းသို့ အဆင့်ဆင့်ပြောင်းလဲလာသည့် အပြုအမူများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့ပါသည်။

> “အစကတော့ လူတိုင်း အိမ်ပြင်ထွက်တာနဲ့ မတ်စ်(နှာခေါင်းစည်း)တပ်တယ်။ အခုဆိုရင် မတပ်ကြတော့ဘူး။ မတ်စ်တပ်တဲ့သူတောင် ကြောင်တောင်တောင် ဖြစ်နေတယ်။ အိမ်ကလူတွေတောင် ကျွန်တော် အပြင်သွားလို့ မတ်စ်တပ်ရင် ကြောင်တောင်တောင်လို ကြည့်ကြတယ်။”

**ဇူလိုင် ၂၀၂၀ တွင် ကိုဗစ်–၁၉ ကပ်ရောဂါအပေါ် ပူပန်ကြောင့်ကြမှုနှင့် ရောဂါပိုး ပြန့်ပွားမှု ထိန်းချုပ်ရေး ကန့်သတ်ချက်များကြောင့် ဒေသတွင်းကူးစက်မှုမရှိ/ နည်းပါးသည့်ဒေသများ အပါအဝင် နိုင်ငံတစ်ဝှမ်းလုံးရှိ အခြားကျန်းမာရေးဝန်ဆောင်မှုများ (ကိုဗစ်–၁၉ နှင့် ဆက်နွှယ်ခြင်းမရှိသော) ရရှိအသုံးပြုနိုင်မှုနှင့် လိုအပ်သလို ကုသဖြည့်ဆည်းနိုင်မှု အခြေအနေများအပေါ် ဖိအားနှင့် သက်ရောက်မှုများ ရှိနှင့်နေပြီဖြစ်သည်။** ကျန်းမာရေးဆေးပေးခန်းများ မရှိသောဒေသများရှိ ကျေးရွာပြည်သူများသည် ၎င်းတို့၏ ပုံမှန်နှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရန် အခြားမြို့နယ် (သို့မဟုတ်) ကျေးရွာများရှိ ဆေးပေးခန်းများသို့ သွားရောက်ပြသရန် လိုအပ်သည့်အခြေအနေ ရှိကြသည်။ ယင်းသို့သွားလာရန်မှာလည်း ဒေသများအကြား သယ်ယူပို့ဆောင်ရေးအစီအစဉ်များမရှိခြင်း၊ ကျေးရွာသို့ ပြန်လည်ဝင်ရောက်ရန် ကွာရန်တင်း စည်းမျဉ်းသတ်မှတ်ချက်များနှင့် ညမထွက်ရအမိန့်များ ထုတ်ပြန်ထားခြင်းကြောင့် ရံဖန်ရံခါ ယင်းသို့ ခရီးသွားလာရန် အခက်အခဲများရှိပါသည်။ ကျေးရွာကိုယ်စားလှယ်များ၏ ပြောကြားချက်အရ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုအပေါ် စိုးရိမ်ပူပန်ခြင်းကြောင့် ဤဆန်းစစ်လေ့လာမှုတွင် ပါဝင်သည့် အချို့သော ကျေးရွာများသို့ ရွေ့လျားဆေးပေးခန်းများ၊ သားဖွားဆရာမများနှင့် မြို့နယ်ကျန်းမာရေးအရာရှိများ လာရောက်ရန် ငြင်းဆိုသည့် အခြေအနေများရှိကြောင်း သိရပါသည်။ သို့ဖြစ်၍ ပုံမှန်ကျန်းမာရေး စစ်ဆေးရန် လိုအပ်သည့် ကျေးရွာပြည်သူများကို မြို့နယ်ဆေးရုံများသို့ လွှဲပြောင်းပေးပို့ရပြီး ၎င်းရွာသားများအနေဖြင့် လိုအပ်ချက်ထက် ပိုမိုမြင့်မားသော ကျန်းမာရေးကုသမှု အဆင့်အတန်းများအတွက် ကုန်ကျစရိတ်ကျခံရန် သိသာကြီးမားသည့် ချေးငွေပမာဏရယူ၍ ဖြေရှင်းရသော အခြေအနေများ ရှိပါသည်။

**ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ကျေးလက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် ကြီးမားသည့် ဆိုးကျိုးသက်ရောက်မှုများ ရှိနေပါသည်။** ကျေးရွာကိုယ်စားလှယ်များ၏ ပြောကြားချက်အရ ဆန်းစစ်လေ့လာသည့်ကျေးရွာ ၅၆ ရွာအနက် ကျေးရွာတစ်ရွာမှလွဲ၍ ကျန်သည့် ကျေးရွာများအားလုံးတွင် ၂၀၂၀ ဇူလိုင်လအထိ အခြေအနေများအရ စီးပွားရေး အခြေအနေများ ပိုမိုဆိုးရွားလာမှုရှိကြောင်း သိရပါသည်။ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသည့် အချိန်ကာလနှင့် အခြေအနေများသည် သီးနှံစိုက်ပျိုးကာလနှင့် ရိတ်သိမ်းကာလ ၂ ခုလုံး အပေါ် ဆိုးကျိုးသက်ရောက်မှုရှိပြီး သီးနှံရိတ်သိမ်းကာလအတွက် လိုအပ်သော ရွှေ့ပြောင်းလုပ်သားများ သာမက သီးနှံဝယ်ယူခြင်းနှင့် စိုက်ပျိုးရေး သွင်းအားစု ရောင်းချသည့် ကိုယ်စားလှယ်များ အတွက်ပါ လုပ်ငန်းကိစ္စ ခရီးသွားလာရန် ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည့်အပြင် တောင်သူများအတွက် သီးနှံစိုက်ပျိုးရန်နှင့် ရိတ်သိမ်းရန် လုပ်သားမရှိခြင်း (သို့မဟုတ်) လုပ်သားများ/ သွင်းအားစုများအတွက် အခကြေးငွေမရှိခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်စေသည်။ စစ်တမ်းတွင် ဖြေကြားသည့် အမျိုးသမီးတစ်ဦးမှ ယင်းသို့ အကျပ်အတည်း တိုးမြင့်လာသည့် အခြေအနေကို ယခုကဲ့သို့ ဖော်ပြခဲ့ပါသည်။ *“အခုက စိတ်ပိုပင်ပန်းတယ်။ ဒီနေ့တစ်ရက် ကုန်သွားပြီဆို နောက်နေ့တစ်ရက် ဘယ်လိုစားရမလဲဆိုတာကို အမြဲတွေးပူနေရတော့ ညတောင် အိပ်မပျော်ဘူး စဉ်းစားရင်းနဲ့ မိုးလင်းသွားတယ်”*

**ရွှေ့ပြောင်းလုပ်သားအဖြစ် လုပ်ကိုင်ခြင်းနှင့် သီးနှံရိတ်သိမ်းကာလမတိုင်မီ ကြိုတင်အခကြေးငွေ ရယူခြင်းကဲ့သို့သော သမားရိုးကျနည်းလမ်းများဖြင့် စီးပွားရေးလိုအပ်ချက် ဖြည့်ဆည်းသည့် အခြေအနေများသည် ကိုဗစ်–၁၉ ဆိုင်ရာ ခရီးသွားကန့်သတ်ချက်များကြောင့် ဆိုးရွားစွာ သက်ရောက်မှု ခံစားကြရပါသည်။** ပုံမှန်လူမှုဖူလုံရေးအစီအစဉ်များ (သို့မဟုတ်) လိုအပ်ချက် ဖြည့်ဆည်းသည့် အစီအစဉ်များမရှိသည့် အခြေအနေတွင် ကျေးရွာပြည်သူများသည် ပုံမှန်ထက်အလွန်နည်းပါးသည့် အရင်းအမြစ်များအပေါ် အခြေပြုနေထိုင်နေကြရပြီး ကြွေးမြီဝန်ထုပ်ဝန်ပိုးများလည်း ပိုမိုတိုးပွားလာကြောင်း ကျေးရွာကိုယ်စားလှယ်များမှ ဖော်ပြခဲ့ကြပါသည်။ ကျေးရွာကိုယ်စားလှယ်အများစု၏ ပြောကြားချက်အရ အိမ်ထောင်စုများသည် ၎င်းတို့၏ အသုံးစရိတ်လျော့နည်းစေရန် ပုံမှန်ထက် အစားအသောက်လျှော့ချခြင်း၊ အရည်အသွေးနိမ့်ပါးသည့် အစားအစာများဝယ်ယူခြင်း၊ စားသောက်ကုန်များကို ဝယ်ယူခြင်းထက် ဒေသတွင်းအခမဲ့ ရှာဖွေရရှိနိုင်မည့် အစားအစာများ တိုးမြှင့်စားသုံးခြင်း စသည်ဖြင့် တတ်နိုင်သမျှနည်းလမ်းများဖြင့် ရုန်းကန်ရှာဖွေနေကြရပါသည်။ ကျေးရွာပြည်သူများသည် အများအားဖြင့်

မြေယာရောင်းချခြင်းထက် ၎င်းတို့၏ စုဆောင်းငွေများ ထုတ်ယူအသုံးပြုခြင်း၊ ပိုင်ဆိုင်မှုပစ္စည်းများရောင်းချခြင်း (သို့မဟုတ်) ပေါင်နှံခြင်း စသည့်နည်းလမ်းများ အသုံးပြု၍ အခက်အခဲကို ဖြေရှင်းနေကြရပါသည်။

**ကပ်ရောဂါပိုး၏ စီးပွားရေးသက်ရောက်မှုများကို အောက်ပါကျေးရွာများကဲ့သို့သော ဘေးဒဏ်ကြောင့် ထိခိုက်လွယ်သည့်ဒေသများတွင် အထူးသဖြင့် ပိုမိုခံစားနေကြရပါသည်။** ဥပမာ – (၁) ယေဘုယျအားဖြင့် သဘာဝဘေးအန္တရာယ် (ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားဖြစ်ရပ်၊ ပိုးမွှား (သို့မဟုတ်) ရာသီဥတုအခြေအနေ ဆိုးရွားခြင်း) ထိခိုက်ခံစားရလေ့ရှိသည့် ဒေသများ၊ (၂) မကြာသေးမီကာလအတွင်း သီးနှံထွက်နှုန်း နည်းပါးခြင်းကြောင့် ကြွေးမြီဝန်ထုပ်ဝန်ပိုး တိုးမြှင့်ခံစားနေရသည့် အခြေအနေရှိသော ဒေသများ၊ (၃) နယ်စပ်ကုန်သွယ်မှုအပေါ် မှီခိုအားထားရသည့်ဒေသများ၊ (၄) အနီးဝန်းကျင်တွင် တိုက်ပွဲများ (သို့မဟုတ်) မြေမြှုပ်မိုင်းများရှိခြင်းကြောင့် နီးစပ်ရာ သစ်တောများတွင် စားဝတ်နေရေးအတွက် ရှာဖွေလုပ်ကိုင်စားသောက်ရန် အန္တရာယ်ရှိသည့် ကျေးရွာများ၊ (၅) စိုက်ပျိုးရေးသွင်းအားစုများနှင့် ဈေးကွက်သို့ လက်လှမ်းမီ ချိတ်ဆက်နိုင်ရန် အကျိုးဆောင်/ပွဲစားများအပေါ် မှီခိုရသည့်ဒေသများ၊ (၆) ရွှေ့ပြောင်းလုပ်သားများထံမှ ငွေလွှဲပေးပို့သည့် ဝင်ငွေအပေါ် မှီခိုရသည့် အိမ်ထောင်စုများ (သို့မဟုတ်) ကျပန်းလုပ်သားများပြားသည့်ဒေသများ စသည်တို့ ပါဝင်ပါသည်။

**ကပ်ရောဂါအခြေအနေများကြောင့် ကြွေးမြီဝန်ထုပ်ဝန်ပိုးများ သိသာစွာတိုးမြင့်လာပြီး ကျေးရွာပြည်သူများအနေဖြင့် ၎င်းတို့၏ လက်ရှိကြွေးမြီများ ပေးဆပ်နိုင်မှုအပေါ် အဟန့်အတားဖြစ်စေပါသည်။** ဝင်ငွေနှင့် ငွေပို့ငွေလွှဲဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ကျေးရွာပြည်သူအများအပြား (ရရှိနိုင်သည့် အချက်အလက်များအရ ကျေးရွာများ၏ လေးပုံသုံးပုံခန့်ရှိ)သည် အကျပ်အတည်း ဖြေရှင်းရေးအတွက် ချေးငွေအသစ်များရယူရန် ကြိုးစားကြရကြောင်း ကျေးရွာကိုယ်စားလှယ်များမှ ဖော်ပြပါသည်။ စစ်တမ်းဖြေကြားသူတစ်ဦး၏ ပြောကြားချက်မှာ –

> “အကြွေးတွေပြန်ဆပ်ရမှာဆိုတော့ ကျွန်တော်တို့ ဘာတတ်နိုင်မလဲ။ အရင်အကြွေးဟောင်းတွေ ပြန်ဆပ်ဖို့ အခြားနေရာတွေက အကြွေးအသစ်တွေ ချေးယူကြရတယ်။ ဒ့ါအပြင် အခြားပေးစရာရှိတာတွေကိုလည်း ခဏတစ်ဖြုတ် ရွှေ့ဆိုင်းပေးဖို့ တောင်းပန်ရတာပေ့ါ။”

**ကျေးရွာပြည်သူများအနေဖြင့် ရုတ်ချည်းကြုံတွေ့ရသည့် စိတ်ဖိစီးမှုများ၊ ဖိအားများကို ကြာရှည်စွာ ခံစားနေရသော်လည်း ဤဆန်းစစ်လေ့လာမှုတွင် ပါဝင်သည့် ကျေးရွာများ၌ လူမှုကဏ္ဍဆက်ဆံရေး/ ဆက်နွယ်မှုအခြေအနေများမှာ သိသာစွာ ခိုင်မာအားကောင်းနေဆဲဖြစ်ပါသည်။** လူမှုဘဝဆိုင်ရာ မတူကွဲပြားမှုရှိသည့် ကျေးရွာများတွင် အခြေအနေအနည်းငယ်ပိုမိုကောင်းမွန်မှုရှိကြောင်း တွေ့ရပါသည်။ လူမှုဆက်ဆံရေး/ဆက်နွယ်မှုအခြေအနေဆိုးရွားသည့် ကျေးရွာများတွင် ယင်းသို့ အဓိကဖြစ်စေသည့် အချက် ၂ ချက် တွေ့ရပါသည်။ ဦးစွာအနေဖြင့် လတ်တလောအခြေအနေတွင် ကျေးရွာအများအပြား၌ နေရပ်သို့ ပြန်လာသော ရွှေ့ပြောင်းလုပ်သားများသည် ကိုဗစ်–၁၉ ရောဂါပိုး သယ်ဆောင်သူများ ဖြစ်နိုင်သည်ဟူသော စိုးရိမ်ထိတ်လန့်မှုကြောင့် ၎င်းတို့အား သံသယဖြင့် ဆက်ဆံကြခြင်း။ ဒုတိယအနေဖြင့် အမှန်တကယ်ဖြစ်စေ၊ ယူဆချက်သက်သက်ဖြစ်စေ အစိုးရ၏ ခံစားခွင့်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက် အသုံးပြု၍ ဝေငှသည့် ပံ့ပိုးမှုအစီအစဉ်၏ ရှုပ်ထွေးသည့်အခြေအနေများနှင့် အထောက်အပံ့ပံ့ပိုးရေးလုပ်ငန်းစဉ် စီမံမှုအားနည်းချက်များကြောင့် အမျိုးမျိုးသော ရပ်ရွာအသိုင်းအဝိုင်းများတွင် ဖိအားနှင့် တင်းမာမှုများ ဖြစ်ပေါ်စေခြင်း စသည့်အချက်များကြောင့် ဖြစ်ပါသည်။ ဒေသ

ခေါင်းဆောင်များအနေဖြင့် ကျေးရွာအတွင်းမှ ထပ်ဆောင်းအရင်းအမြစ်များအား စီမံဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်ကြသော်လည်း အဖက်ဖက်မှ ကျေနပ်လက်ခံသည့် အခြေအနေမျိုးဖြင့် အဆိုပါ ပြဿနာရပ်များအားလုံးကို အပြည့်အဝ ဖြေရှင်းနိုင်ခဲ့ခြင်းမရှိပါ။

**သို့သော် လေ့လာတွေ့ရှိချက်များအရ အမျိုးသမီးများသည် အကျပ်အတည်းကြောင့် ပိုမိုထိခိုက်ခံစားရကြောင်း တွေ့ရပါသည်။** အများအားဖြင့် မိသားစုဘဏ္ဍာရေးနှင့် ချက်ပြုတ်ရေးတာဝန်ယူရသူများဖြစ်သော အမျိုးသမီးများသည် ငွေကြေးနှင့် အစားအစာ ဖူလုံမှုဆိုင်ရာ ပူပန်ကြောင့်ကြရမှုများကြောင့် သက်ရောက်မှု ပိုမိုခံစားကြရပါသည်။ စစ်တမ်းဖြေကြားသူတစ်ဦး၏ ဖြေကြားချက်မှာ – *“ဒီလိုရောဂါဖြစ်ပွားမှုတွေကြောင့် အများဆုံးထိခိုက်ရတာ အမျိုးသမီးတွေပါ။ မိသားစုအတွက် ငွေကြေးစီမံခန့်ခွဲရတာ၊ စားဖို့သောက်ဖို့ ပြင်ဆင်ရတာတွေက အမျိုးသမီးတွေရဲ့ တာဝန်ဖြစ်တာကြောင့် အကြွေးကိစ္စ၊ စားစရာပြတ်လပ်တဲ့ကိစ္စတွေ ပူပန်ရတာနဲ့ သူတို့မှာ ဝန်ထုပ်ဝန်ပိုးတွေ အများကြီးဖြစ်စေတာပါပဲ။”*

**ဆန်းစစ်လေ့လာခဲ့သည့် ကျေးရွာပေါင်း ၄၀ ခန့်တွင် ဒေသခံခေါင်းဆောင်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ ရှိကြပါသည်။** ခိုင်မာသည့် အထောက်အထားများအရ ခေါင်းဆောင်များ အပြန်အလှန် ပူးပေါင်းဆောင်ရွက်သည့် ကျေးရွာများတွင် ကျေးရွာပြည်သူများသည် အကူအညီထောက်ပံ့မှု ပိုမိုရရှိကြပါသည်။ ကျေးရွာများအနေဖြင့် ကိုဗစ်–၁၉ နှင့် ဆက်နွယ်သည့် ကျန်းမာရေးအစီအမံများအပေါ် သဘောထားနှင့် လိုက်နာဆောင်ရွက်မှု အခြေအနေများသည် ဒေသဦးဆောင်သူများအား ဒေသခံများ၏ ယုံကြည်မှုအပေါ် များစွာမူတည်ကြောင်း တွေ့ရပါသည်။

**ဆန်းစစ်လေ့လာမှု ဆောင်ရွက်ခဲ့သည့် ကျေးရွာအများစုသည် အချို့သော ပံ့ပိုးမှု အထောက်အပံ့များ ရရှိခဲ့သော်လည်း ဧပြီ–မေ ကာလ ပြင်ပသွားလာမှုကန့်သတ်သည့် Lock down ကာလ (သို့မဟုတ်) နောက်ပိုင်းကာလအတွက် လုံလောက်ပြည့်စုံသော အထောက်အပံ့အရင်းအမြစ်အဖြစ် ရှုမြင်ခြင်းထက် ယေဘုယျအားဖြင့် မိသားစုများသည် ၎င်းအထောက်အပံ့ကို ထပ်ဆောင်းအရင်းအမြစ်အဖြစ်သာ ရှုမြင်ကြသည်။** ငွေသားထောက်ပံ့ကြေး ၁၅၀၀၀ ရရှိခဲ့သူတစ်ဦး၏ ပြောကြားချက်မှာ –

> **“ဒီထောက်ပံ့ကြေး ငွေလေးနဲ့ ဘာလုပ်လို့ရမလဲ။ ကျေးဇူးတင်ပေမယ့် သက်ကယ်ချောင်းနဲ့ ခေါင်းလောင်းထိုးသလိုပေါ့၊ အသံမထွက်ဘူးပေါ့ကွာ။”**

# ၁

# နောက်ခံအချက်အလက် နှင့် နည်းစနစ်

စာမျက်နှာ ၆-၉




ကမ္ဘာ့ဘဏ်သည် **မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်စေသည့် လူမှုစီးပွား သက်ရောက်မှုများကို လေ့လာစောင့်ကြည့်ဆန်းစစ်ရန် ၂၀၂၀ ဇွန်လတွင် လုပ်ငန်းအစီအစဉ် တစ်ရပ်စတင်ခဲ့ပါသည်။** ၎င်းအစီအစဉ်၏ ဦးတည်ချက်မှာ မြန်မာနိုင်ငံတစ်ဝှမ်းရှိ အိမ်ထောင်စုများ၊ အဖွဲ့အစည်းများ၊ ရပ်ရွာအသိုင်းအဝိုင်းများအနေဖြင့် ကပ်ရောဂါနှင့် သက်ရောက်မှုများအပေါ် ကြိုတင်ပြင်ဆင်မှု၊ ကြုံတွေ့ခံစားရမှုနှင့် တုံ့ပြန်ဆောင်ရွက်မှုနည်းလမ်းများအား ဖော်ထုတ်သတ်မှတ်ရန်နှင့် အချိန်ကာလအလိုက် အဆိုပါ သက်ရောက်မှုများ ပြောင်းလဲဖြစ်ပေါ်မှု အခြေအနေများကို လေ့လာစောင့်ကြည့်ရန် ဖြစ်သည်။

**ဤအစီအစဉ်အရ တစ်ချိန်တည်းတွင် အပြန်အလှန် ဖြည့်စွက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ၂ ရပ် ပါဝင်ပါသည်။** - (၁) အိမ်ထောင်စုများ၏ လူမှုဘဝဖူလုံမှုနှင့် အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများအပေါ် စီးပွားရေးရာ သက်ရောက်မှုများအား ဆန်းစစ်အကဲဖြတ်နိုင်ရန် ၆ လ တာကာလအတွင်း အိမ်ထောင်စုများနှင့် အဖွဲ့အစည်းများကို ရည်ရွယ်သည့် ကြိမ်နှုန်းမြင့် ဖုန်းစစ်တမ်း ၈ ကြိမ်ဆောင်ရွက်ခြင်း၊ (၂) တစ်နှစ်တာကာလအတွင်း ရပ်ရွာကိုယ်စားလှယ်များနှင့် ဖုန်းအင်တာဗျူးများ အကြိမ်ကြိမ်ဆောင်ရွက်၍ ရပ်ရွာအဆင့်ဆန်းစစ်အကဲဖြတ်မှု လုပ်ဆောင်ခြင်းစသည်တို့ ပါဝင်ပါသည်။ အဆိုပါ လေ့လာဆန်းစစ်သည့်စနစ်အနေဖြင့် အစိုးရနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများအတွက် အချိန်နှင့် တစ်ပြေးညီနီးပါးဖြစ်သော အချက်အလက်များ ဖြည့်ဆည်းနိုင်ရန်၊ အကျပ်အတည်းကာလ၊ ကာလတိုနှင့် ကာလလတ် သက်ရောက်မှုများ လျော့ပါးသက်သာစေရေးအတွက် မူဝါဒနှင့် စီမံကိန်းဆိုင်ရာ ဆက်စပ်သက်ဆိုင်သူများအားလုံးကို အချက်အလက် ဖြည့်ဆည်းနိုင်ရန်နှင့် အကျပ်အတည်းကာလအတွက် အထောက်အထား

အချက်အလက်အခြေပြု တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်အပေါ် ပံ့ပိုးနိုင်ရန်ဖြစ်သည်။ လုပ်ငန်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာအနှစ်ချုပ်အနေဖြင့် အသေးစိတ် မဟာဗျူဟာကိစ္စရပ်များအပေါ် ပိုမိုနက်ရှိုင်းစွာ ဆန်းစစ်လေ့လာနိုင်ရေးအတွက် စစ်တမ်းနှင့် ရပ်ရွာဆန်းစစ် အကဲဖြတ်မှုများမှ တွေ့ရှိချက်များကို စုစည်းပေါင်းစပ်ရန် ဖြစ်သည်။ ဤအစီရင်ခံစာအနေဖြင့် ပထမအကျော့ ရပ်ရွာအဆင့် ဆန်းစစ်အကဲဖြတ်မှုမှ လေ့လာတွေ့ရှိချက်များကို တင်ပြထားပါသည်။

**ဤရပ်ရွာအဆင့် ဆန်းစစ်အကဲဖြတ်မှုတွင် အဓိကနယ်ပယ် ၆ ခုအပေါ် ကိုဗစ်–၁၉ သက်ရောက်မှုအခြေအနေများကို လေ့လာဆန်းစစ်ထားပါသည်။ (၁) ကျန်းမာရေးနှင့် ပြုမူနေထိုင်မှုပုံစံ၊ (၂) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ရွှေ့ပြောင်းသွားလာခြင်း၊ (၃) အကျပ်အတည်းဖြေရှင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ၊ (၄) လူမှုကဏ္ဍဆက်ဆံမှုများ၊ (၅) ဦးဆောင်မှု၊ (၆) အကူအညီပံ့ပိုးမှု စသည်တို့ ပါဝင်သည်။** ထို့ပြင် ကပ်ရောဂါ၏ သက်ရောက်မှုများ ပိုမိုနက်ရှိုင်းစေသည့် (သို့မဟုတ်) လျော့ပါးသက်သာစေသည့် အချို့သော စံနှုန်းညွှန်းမှတ်များ (markers) များအတွက်လည်း သုတေသနလုပ်ငန်းကို ဒီဇိုင်းရေးဆွဲထားပါသည်။

၄င်းအချက်အလက်များတွင် အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် စီမံအုပ်ချုပ်မှုအတွက် ညွှန်းမှတ် (marker) တစ်ခု[၂]အဖြစ် ကျေးရွာသည် လူထုဗဟိုပြုစီမံကိန်း (NCDDP)တွင် ဆောင်ရွက်ပါဝင်ခြင်း ရှိ/မရှိ၊ အနီးဆုံးဈေးနေရာနှင့် အကွာအဝေး (အကယ်၍ အနီးဆုံးဈေးသို့ သွားလာရသည့်အချိန်သည် ၄၅ မိနစ်ထက် ကျော်လွန်ပါက ၄င်းကျေးရွာကို ဝေးလံခေါင်ဖျားနေရာအဖြစ် သတ်မှတ်သည်။ ကျေးရွာသည် ပဋိပက္ခ သက်ရောက်မှု ခံစားရခြင်းရှိ/မရှိ (အကယ်၍ ကျေးရွာသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုခုမှ အပြည့်အဝ (သို့မဟုတ်) တစ်စိတ်တစ်ဒေသ စီမံအုပ်ချုပ်သောဒေသ (သို့မဟုတ်) လက်ရှိပဋိပက္ခဖြစ်ပွားနေသည့် ဒေသတွင်တည်ရှိပါက ၄င်းကို ပဋိပက္ခသက်ရောက်မှု ခံစားရသည့်ဒေသအဖြစ် သတ်မှတ်သည်။)၊ သဘာဝဘေးအန္တရာယ်များ (အကယ်၍ကြီးမားသည့် ဘေးအန္တရာယ် သက်ရောက်မှု ခံစားရသောဒေသတွင် တည်ရှိပါက ၄င်းကျေးရွာကို ဘေးအန္တရာယ်သက်ရောက်မှု ခံစားရသည့်ဒေသအဖြစ် သတ်မှတ်ပါသည်)၊ စိုက်ပျိုးဂေဟဆိုင်ရာဇုန် (ကမ်းရိုးတန်း၊ ပူပြင်းခြောက်သွေ့ဒေသ၊ တောင်တန်းဒေသ)၊ စီးပွားရေးဆိုင်ရာ ကွဲပြားစုံလင်မှု အတိုင်းအတာ (အကယ်၍ ကျေးရွာတွင် ပင်မ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပြင် အနည်းဆုံး အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုခုရှိပါက ၄င်းကျေးရွာကို စီးပွားရေးဆိုင်ရာ ကွဲပြားစုံလင်မှု ရှိသည်ဟု သတ်မှတ်သည်။ သို့သော် ကျပန်းလုပ်သား၊ ဈေးရောင်းဈေးဝယ်နှင့် ရွှေ့ပြောင်းလုပ်သားများမှာမူ ခြွင်းချက်ဖြစ်သည်။) ရွှေ့ပြောင်းသွားလာမှုအတိုင်းအတာ (ကျေးရွာလူဦးရေအပေါ် အခြေခံ၍ ကပ်ရောဂါဖြစ်ပွားမှုမတိုင်မီ အခြားဒေသသို့ ရွှေ့ပြောင်းသွားလာခဲ့ကြသည့် ကျေးရွာပြည်သူရာခိုင်နှုန်းကို အသုံးပြု၍ ရွှေ့ပြောင်းသွားလာမှု အတိုင်းအတာကို တွက်ချက်ပါသည်။ ဥပမာ–ကပ်ရောဂါမတိုင်မီ အခြားဒေသသို့ ရွှေ့ပြောင်းသွားလာသည့် ကျေးရွာပြည်သူ ၆–၁၅% ရှိပါက အလယ်အလတ်အဆင့် ရွှေ့ပြောင်းသွားလာမှုရှိသည်ဟု သတ်မှတ်သည်။)၊ လူမှုကဏ္ဍကွဲပြားစုံလင်မှု (လူမျိုးနှင့်/သို့မဟုတ် ဘာသာ) အတိုင်းအတာ (ကျေးရွာတွင် လူမျိုးစု ၂ စု နှင့်/သို့မဟုတ် ဘာသာရေးအုပ်စု ၂ စု (သို့မဟုတ်) ယင်းထက်ပိုမိုသော အုပ်စုများရှိပါက ၄င်းကို လူမှုကဏ္ဍကွဲပြားစုံလင်မှုရှိသည်ဟု သတ်မှတ်သည်။) စသည့်အချက်များ ပါဝင်ပါသည်။

**ရပ်ရွာအဆင့် ဆန်းစစ်အကဲဖြတ်မှုလုပ်ငန်း၏ အခြေခံယူနစ်စံနှုန်းမှာ ကျေးရွာဖြစ်သည်။** နိုင်ငံအတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းစီမှ မြို့နယ် ၂ မြို့နယ်စီကို ရွေးချယ်ခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းအတွက် NCDDP တွင် ပါဝင်မှုအပေါ် အခြေခံ၍ တစ်မြို့နယ်ကို ရွေးချယ်ခဲ့ပါသည်။ စစ်တမ်းအတွက် ဖုန်းကွန်ယက်ဖြန့်ကျက်နိုင်မှု – ဖုန်းဖြင့် အင်တာဗျူး မေးမြန်းမှုဆိုင်ရာ ခက်ခဲမှုအခြေအနေများကို ထည့်သွင်းစဉ်းစား၍ ယခင်လေ့လာမှု အကျော့များမှတစ်ဆင့် ကြိုတင်အဆက်အသွယ် ရရှိနိုင်မှု စသည့်အချက်များအပေါ် မူတည်၍

၂ NCDDP စီမံကိန်းအရ အားလုံးပါဝင်ဆောင်ရွက်နိုင်မှုရှိသော ကျေးရွာနှင့် ကျေးရွာအုပ်စု ဦးဆောင်မှုပုံစံကို တည်ဆောက်ထားပါသည်။ စီမံကိန်းမြို့နယ်များရှိ ကျေးရွာများအားလုံးသည် အစဉ်လိုက်ဖြစ်သော ၄ နှစ်တာကာလအတွက် နှစ်စဉ်တိုက်ရိုက်ထောက်ပံ့ငွေများ ရရှိကြပါသည်။ ဤဆန်းစစ်လေ့လာမှုအတွက် အနည်းဆုံးထောက်ပံ့ငွေ ၃ ကြိမ် ဆောင်ရွက်ပြီးစီးပြီးဖြစ်သည့် NCDDP စီမံကိန်းကျေးရွာများကို ရွေးချယ်ခဲ့ပါသည်။

ဆန်းစစ်လေ့လာရေးအဖွဲ့၏ စစ်တမ်းဖြေကြားသူများနှင့် ဆက်သွယ်နိုင်မှု အခြေအနေအပေါ် အခြေခံ၍ မြို့နယ်တစ်ခုလျှင် ကျေးရွာ ၂ ရွာစီကို ရွေးချယ်ခဲ့ပါသည်။ စစ်တမ်းနမူနာကောက်ယူမှု (Convenience Sample)တွင် ကျေးရွာပေါင်း ၅၆ ရွာ ပါဝင်ပါသည်။

**ဤဆန်းစစ်လေ့လာမှု လုပ်ငန်းအနေဖြင့် အချက်အလက်စုဆောင်းရာတွင် မတူညီသည့် နည်းလမ်း အစီအစဉ် (instrument) နှစ်ခုကို အသုံးပြုထားပါသည်။** (၁) ကျေးရွာအကြီးအကဲများအတွက် ရည်ရွယ်၍ တည်ဆောက်ထားသည့်မေးခွန်းများ (mostly structured questionnare) နှင့် (၂) ကျေးရွာအလိုက် အလွတ်သဘော ရွေးချယ်ထားသည့် ကိုယ်စားလှယ် ၃ ဦး (အဓိကစစ်တမ်း ဖြေကြားသူများ)အတွက် ရည်ရွယ်သည့် အများအားဖြင့် အဖွင့်မေးခွန်းများ ပါဝင်သော အင်တာဗျူးလမ်းညွှန် စသည်တို့ဖြစ်ပါသည်။ အဓိက စစ်တမ်းဖြေကြားသူများမှာ တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစု အစုအဖွဲ့များ၊ အသက်မွေးဝမ်းကျောင်းအစုအဖွဲ့များ၊ အမျိုးသမီးအစုအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် နွမ်းပါး (သို့) ဘေးဒဏ် ထိခိုက်လွယ်သည့် အစုအဖွဲ့များမှ ကျေးရွာပြည်သူများ ပါဝင်ပါသည်။[၃]

**စစ်တမ်းဖြေကြားသူများအား ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် စပ်လျဉ်းသည့်မေးခွန်းများ အပါအဝင် သက်ဆိုင်ရာ ကျေးရွာအခြေအနေအပေါ် ၎င်းတို့၏ ဆန်းစစ်သုံးသပ်ချက်နှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ပါသည်။** အဓိက စစ်တမ်းဖြေကြားသူများအတွက် အင်တာဗျူး လမ်းညွှန်တွင်လည်း အမျိုးသမီးများ၊ လူနည်းစုဖြစ်သော တိုင်းရင်းသားနှင့် ဘာသာရေးအုပ်စုများမှ စစ်တမ်းဖြေကြားသူများအတွက် ရည်ရွယ်သည့် နောက်ဆက်တွဲမေးခွန်းများပါဝင်ပြီး ၎င်းတို့၏ အတွေ့အကြုံများအပေါ် ပိုမိုစေ့စပ်သေချာစွာ သိရှိနားလည်နိုင်စေရန်နှင့် ၎င်းတို့၏ ဖြေကြားမှုများအနေဖြင့် အမျိုးသားများ၊ လူများစုဖြစ်သော လူမျိုးနှင့် ဘာသာရေးအုပ်စုများမှ ဖြေကြားသူများနှင့် မည်သို့ကွဲပြားခြားနားမှု ရှိသည်ကို သိရှိနိုင်ရန် ရည်ရွယ်ပါသည်။

**အင်တာဗျူးစစ်တမ်း လုပ်ငန်းများအားလုံးကို ၂၀၂၀ ဇူလိုင်လအတွင်း ဖုန်းဖြင့် ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ခန့်မှန်းခြေ တစ်နာရီခန့်ကြာမြင့်ပါသည်။** အောက်တွင် ဖော်ပြထားသည့် လေ့လာတွေ့ရှိချက်များသည် ၂၀၂၀ ဇူလိုင်လအထိ သတ်မှတ်ကျေးရွာများရှိ ကျေးရွာပြည်သူများ၏ ကြုံတွေ့ရမှုများကို ထင်ဟပ်ကိုယ်စားပြုပါသည်။ အင်တာဗျူးမေးမြန်းခဲ့သည့်ကျေးရွာ ၅၆ ခုမှ ကျေးရွာအကြီးအကဲများအနက် ၂ ဦးမှလွဲ၍ ကျန်သည့် ကျေးရွာအကြီးအကဲများမှာ အမျိုးသားများ ဖြစ်ပါသည်။ သို့သော် အဓိကစစ်တမ်းဖြေကြားသူ ၁၆၈ ဦးအနက် ၇၅ ဦးမှာ အမျိုးသမီးများ ဖြစ်ကြပါသည်။ ဆန်းစစ်လေ့လာမှု ပထမအကျော့ကာလအတွင်း အင်တာဗျူး စုစုပေါင်း ၂၂၄ ခု ကို ဆောင်ရွက်ခဲ့ပါသည်။

> **“စစ်တမ်းနမူနာကောက်ယူမှုသည် တစ်စုံတစ်ရာကိုယ်စားပြုဖော်ပြရန် ရည်ရွယ်ခြင်းမျိုးမဟုတ်ဘဲ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း မြန်မာနိုင်ငံရှိ ကျေးလက်နေထိုင်မှု ဘဝအခြေအနေများအပေါ် ပိုမိုသိရှိနားလည်နိုင်စေရန်နှင့် အကျပ်အတည်းကြောင့် ဖြစ်ပေါ်စေသည့် ရပ်ရွာအဆင့်အပြောင်းအလဲများနှင့် ပြောင်းလဲမှုဖြစ်စဉ်များအပေါ် ပိုမိုလေ့လာသိရှိနိုင်ရန် ရည်ရွယ်၍ ပုံစံရေးဆွဲထားခြင်းဖြစ်ပါသည်။”**

ပူးတွဲ (၁) တွင် လုပ်ငန်းနည်းစနစ်နှင့် စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို ဖြည့်ဆည်း တင်ပြထားသည်။ ယခင်ဖော်ပြခဲ့သည့် ကျေးရွာညွှန်းမှတ် (Marker) များကိုလည်း သတ်မှတ် ဖော်ပြထားပါသည်။

၃ ပထမအကျော့ ဆန်းစစ်လေ့လာမှုအတွက် ပြင်ဆင်ရေးကာလအတွင်း သုတေသနမှူးများသည် ကျေးရွာအကြီးအကဲများထံ ဆက်သွယ်၍ သတ်မှတ်အုပ်စုများမှ အခြားဦးဆောင်သူများကို ဆက်သွယ်ရမည့် အချက်အလက်များ တောင်းခံခဲ့ပါသည်။ အဆိုပါ အချက်အလက်များအပေါ် အခြေခံ၍ ဆန်းစစ်လေ့လာရေးအဖွဲ့သည် စစ်တမ်းဖြေကြားသူများကို ရွေးချယ်ခဲ့ပါသည်။

# ၂

# ကျန်းမာရေးနှင့် ပြုမူနေထိုင်မှုပုံစံ

စာမျက်နှာ ၉-၁၄




## ၂.၁။ ကပ်ရောဂါဆိုင်ရာ အသိပညာ

**ကျေး ရွာကိုယ်စားလှယ်များအားလုံး၏ ပြောကြားချက်အရ ၎င်းတို့၏ကျေးရွာများတွင် ကိုဗစ်-၁၉ နှင့် စပ်လျဉ်းသည့် အချို့သော အသိပညာ ဗဟုသုတ ရှိကြသော်လည်း သိရှိနားလည်မှု အတိုင်းအတာနှင့် တိကျမှန်ကန်မှုအနေဖြင့် မှုအမျိုးမျိုး ကွဲပြားကြသည်။** ကျေးရွာပြည်သူများ အားလုံးသည် ၎င်းဗိုင်းရပ်စ် ရောဂါပိုး အကြောင်းကို သိကြကြောင်း (ဇယား-၁) ကို ကျေးရွာ ၄၈ ရွာမှ ကျေးရွာအကြီးအကဲများမှ ဖြေကြားသော်လည်း ကျေးရွာကိုယ်စားလှယ် ၈ ဦး၏ ခန့်မှန်းပြောကြားချက်အရ ဗိုင်းရပ်စ်ရောဂါပိုးအကြောင်းကို ၎င်းတို့ကျေးရွာရှိ ကျေးရွာပြည်သူအားလုံးအနေဖြင့် ရာနှုန်းပြည့်သိရှိမည် မဟုတ်ကြောင်း သိရပါသည်။ ဆန်းစစ်လေ့လာမှုအရ အချို့သောကျေးရွာများတွင် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရောဂါအစပျိုးချိန်ကာလအပါအဝင် ရောဂါအတွက် ကွာရန်တင်း လုပ်ဆောင်ရသည့် ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတိကျစွာ နားမလည်သည့် အခြေအနေများရှိပြီး ကျေးရွာသို့ ပြန်လာသူများအနေဖြင့် ရောဂါလက္ခဏာမပြဘဲ အဘယ်ကြောင့် ကွာရန်တင်း ဝင်ရသည်ဆိုသည်ကို နားမလည်၍ မေးမြန်းကြသည့် ကျေးရွာပြည်သူများ ရှိကြပါသည်။ မွန်ပြည်နယ်ရှိကျေးရွာတစ်ခုမှ အမျိုးသမီးတစ်ဦး၏ရှင်းလင်းပြောကြားချက်မှာ – “*အစ်မတို့ရွာက ပင်လယ်ထဲပဲသွားပြီး အလုပ်လုပ်ရတာ ဆိုတော့ ရောဂါကူးမှာ သိပ်ပြီး ကြောက်စရာမရှိဘူးလေ၊ တအားကြီး ကြောက်တဲ့သူလည်း နည်းတယ်၊ ကြောက်ရမယ်ဆိုတာ မသိတာလည်း ပါတာ*

*ပေါ့နော်။ အစ်မတို့ ဆီမှာက ပညာတတ်တဲ့သူက နည်းတယ်၊ လက်လုပ်လက်စားများတယ်၊ အမြင်ကျယ်တဲ့ အနေအထားမှာ မရှိဘူး။ သတင်းကို သိတဲ့သူ လူငယ်လေးတွေလောက်ပဲ ကြောက်ကြတာ”*

ဇယား - ၁

**ကိုရိုနာရောဂါပိုး အကြောင်း ကျေးရွာ ပြည်သူများ သိရှိ ကြသည်ဟု ခန့်မှန်း ပြောကြားသည့် ကျေးရွာ အကြီးအကဲများ အရေအတွက်**




## ၂.၂။ အစိုးရ ထုတ်ပြန်သည့် ညွှန်ကြားချက် များနှင့်အညီ လိုက်နာ ဆောင်ရွက်မှု

ကပ်**ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် မြန်မာနိုင်ငံအစိုးရသည် အမျိုးမျိုးသော လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့ပါသည်။** အချို့သော အခြေအနေများတွင် အထူးသဖြင့် ပြည်သူများ၏ လှုပ်ရှားသွားလာမှုနှင့် စပ်လျဉ်း၍ ဒေသအာဏာပိုင်များ (မြို့နယ် (သို့မဟုတ်) ကျေးရွာအုပ်စုအဆင့်)မှ ထပ်ဆောင်းလမ်းညွှန်ချက်များ ဖြည့်စွက်ထုတ်ပြန်ခဲ့ပါသည်။ ဆန်းစစ်လေ့လာမှုအရ ကျေးရွာပြည်သူများ လိုက်နာရန် လမ်းညွှန်ချက် စုစုပေါင်း ၁၂ ခု တွေ့ရှိရပြီး ၎င်းတို့တွင် လက်မကြာခဏ ဆေးကြောရန်၊ အခြားသူများနှင့် ခပ်ခွာခွာနေရန်၊ နေအိမ်ပြင်ပသို့ ထွက်ခွာပါက ပါးစပ်/နှာခေါင်းစည်းတပ်ရန်၊ လူစုလူဝေးပြုလုပ်ခြင်း (သို့မဟုတ်) လူမှုရေး/ ဘာသာရေး အခမ်းအနားများ တက်ရောက်ခြင်းများ ရှောင်ရှားရန်၊ မလိုအပ်ဘဲ ခရီးသွားလာခြင်းမပြုရန် စသည်တို့ အပါအဝင်ဖြစ်သည်။ ကျေးရွာပြည်သူများ အနေဖြင့် ကိုဗစ်-၁၉ ဆိုင်ရာ သတင်းအချက်အလက်များကို လွယ်လင့်တကူ ပုံမှန်ရရှိနိုင်ကြောင်း စစ်တမ်းဖြေကြားသူများထံမှ သိရှိရပါသည်။ အများဆုံး သိရှိရသည့် ပြန်ကြားဆက်သွယ်ရေး နည်းလမ်းများမှာ တယ်လီဖေးရှင်း၊ Facebook၊ ရေဒီယိုနှင့် ရပ်ရွာအတွင်း လော်စပီကာ အသုံးပြု အသိပေးကြေငြာခြင်း စသည်တို့ ဖြစ်ပါသည်။ ကျေးရွာခေါင်းဆောင်များသည် ဒေသတွင်း ကူးစက်မှု လျော့နည်းစေရေး အစိုးရလမ်းညွှန်ချက်များကို ပြည်သူများထံ အသိပေးနိုင်ရန် လော်စပီကာများ အသုံးပြု၍ နေ့စဉ်နီးပါး အသိပေးကြေငြာခြင်းများ ဆောင်ရွက်ခဲ့ပါသည်။


**၂၀၂၀ ဇူလိုင်လအထိ ကျေးရွာပြည်သူများအနေဖြင့် မည်သည့်လမ်းညွှန်ချက်များအား ဆက်လက်လိုက်နာမှုရှိကြောင်း သိရှိနိုင်ရန် သုတေသီများမှ ကျေးရွာအကြီးအကဲများအား မေးမြန်းခဲ့ပါသည်။** ယင်းသို့ မေးမြန်းသည့်အချိန်မှာ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားပြီး ၄ လ ကြာမြင့်သည့်အချိန်ဖြစ်၍ တရားဝင်ထုတ်ပြန်ချက်များအရ နိုင်ငံတစ်ဝှမ်း ပိုးတွေ့လူနာ ၃၅၀ ခန့် ရှိသည့်အချိန်ဖြစ်သည်။ ကျေးရွာအကြီးအကဲများ၏ ဖြေကြားချက်အရ ကျေးရွာပေါင်း ၄၂ ရွာရှိ ကျေးရွာပြည်သူများသည် အစိုးရလမ်းညွှန်ချက်များကို အတိုင်းအတာ အကန့်အသတ်ဖြင့်သာ လိုက်နာမှုရှိကြောင်းသိရှိရသည်။ (ဇယား-၂) ကျေးရွာပေါင်း ၁၃ ရွာ တွင်မူ လမ်းညွှန်ချက်များကို အတန်အသင့်လိုက်နာမှုရှိကြောင်း သိရှိရပြီး ကျေးရွာ ၁ ရွာ တွင်သာ လမ်းညွှန်ချက်အများစုကို လိုက်နာဆောင်ရွက်ကြောင်း သိရှိရပါသည်။[၄] အများဆုံး လိုက်နာဆောင်ရွက်သည့် လမ်းညွှန်ချက်များမှာ လူစုလူဝေး စုရုံးမှုရှောင်ကြဉ်ခြင်း (၃၂ ရွာ)၊ လက်ဆေးခြင်း (၃၁ ရွာ)၊ နှာခေါင်းစည်းတပ်ခြင်း (၂၇ ရွာ)၊ ဘာသာရေး/ လူမှုရေးအခမ်းအနား စုဝေးမှုရှောင်ကြဉ်ခြင်း (၂၀ ရွာ) စသည် တို့ဖြစ်ပါသည်။

၄ “အကန့်အသတ်ဖြင့်”ဆိုသည်မှာ လမ်းညွှန်ချက် ၃ ရပ် (သို့မဟုတ်) ယင်းထက်လျော့နည်းသည့် လမ်းညွှန်ချက်များကိုသာ လိုက်နာသည့် ကျေးရွာပြည်သူများကို ဆိုလိုပြီး “အတန်အသင့်” ဆိုသည်မှာ လမ်းညွှန်ချက် ၄-၆ ခုခန့်ထိ လိုက်နာသည့် ကျေးရွာပြည်သူများကို ဆိုလိုသည်။

**အချိန်ကြာမြင့်သည်နှင့်အမျှ အစိုးရ ထုတ်ပြန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု လျော့နည်းလာကြောင်း တွေ့ရပါသည်။** မြန်မာနိုင်ငံတွင် ရောဂါပိုး စတင်တွေ့ရှိပြီးနောက်ပိုင်း ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှု အစောပိုင်းကာလများတွင် အစိုးရလမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု မြင့်မားခဲ့ပါသည်။ နောက်ပိုင်းတွင် ကပ်ရောဂါ ဆက်လက်ဖြစ်ပွားမှု ရှိသော်လည်း ကျေးရွာများ (သို့မဟုတ်) မြို့နယ်များတွင် ဒေသတွင်း ကူးစက်မှု မရှိခဲ့ခြင်းကြောင့် ကျေးရွာပြည်သူများသည် ကိုရိုနာရောဂါပိုး ကူးစက်မှု ထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေး အစီအမံများ အပါအဝင် အခြားသူများနှင့် ခပ်ခွာခွာနေထိုင်ခြင်း၊ နှာခေါင်းစည်းတပ်ခြင်း စသည်တို့နှင့် စပ်လျဉ်း၍ အလေးထား ဆောင်ရွက်မှု လျော့နည်းခဲ့ပါသည်။ ဥပမာ- စည်းမျဉ်းကန့်သတ်ချက်များ ထုတ်ပြန်သည့် အစပိုင်းကာလတွင် ရှမ်းပြည်နယ်အတွင်း ဝေးလံခေါင်ဖျားသည့်ဒေသရှိ ပဋိပက္ခ သက်ရောက်မှု ခံစားရသည့် ကျေးရွာတောင်သူများသည်ပင် ၎င်းတို့အနေဖြင့် စိုက်ပျိုးမြေများ ရှင်းလင်းရာ၌ မိတ်ဆွေရွာသားများကို အကူအညီမပေးနိုင်ဘဲ နေအိမ်၌သာ နေထိုင်ရမည်ဟု ယူဆခဲ့ကြပါသည်။ နောက်ပိုင်းတွင် အဆိုပါတောင်သူများသည် ကျေးရွာအတွင်း အခြားသူများနှင့်အတူ လုပ်ငန်းလုပ်ဆောင်ရန် စုဝေးခြင်းများသည် အန္တရာယ်နည်းပါးသည်ဟု ယူဆကြပြီး ၎င်းတို့၏ ပုံမှန်လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့ကြပါသည်။ ကယားပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ကျေးရွာပြည်သူများသည် အခြားကျေးရွာ (သို့မဟုတ်) မြို့နယ်သို့ သွားရောက်ရန် စစ်ဆေးရေးဂိတ်ကို ဖြတ်သန်းရသည့် အခြေအနေမျိုးမှလွဲ၍ နှာခေါင်းစည်းတပ်ဆင်မှု မရှိတော့ကြောင်း သိရပါသည်။ ၂၀၂၀ ဇူလိုင်လအတွင်း ၎င်းတို့ကျေးရွာ၏ အခြေအနေနှင့် စပ်လျဉ်း၍ စစ်တမ်းဖြေကြားသူတစ်ဦးမှ ဖော်ပြသည်မှာ *"မတ်(စ်) (နှာခေါင်းစည်း)ကတော့ အခု မတပ်ကြတော့ဘူး။ တစ်ခု ၇၀၀ တုန်းကတော့ လူတိုင်းတပ်ကြတယ်။ တစ်ခု ၁၀၀ လည်းဖြစ်ရော ဘယ်သူမှ မတပ်တော့ဘူး။ မြို့သွားရင်တော့ တပ်သေးတယ်။ ရွာထဲမှာ မတပ်တော့ဘူး။ စည်းကမ်းလိုက်နာတာတွေကတော့ အကုန်လျော့သွားတာပဲ။"*

ဇယား - ၂

**လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိကြောင်း ကျေးရွာခေါင်းဆောင်များမှ ခန့်မှန်း ပြောကြားသည့် ကျေးရွာအရေအတွက်**




**လေ့လာတွေ့ရှိချက်များအရ ဘေးအန္တရာယ်သက်ရောက်မှု ခံစားရသည့် ကျေးရွာများသည် အကျပ်အတည်းကာလအတွက် ပိုမိုကောင်းမွန်စွာ ကြိုတင်ပြင်ဆင်ထားရှိမှုရှိသည်ဟု ယူဆနိုင်ပါသည်။** ဥပမာ - ၎င်းကျေးရွာများအားလုံးတွင် အခြေခံကျန်းမာရေး ဆေးပေးခန်းများရှိကြပြီး သဘာဝဘေးသက်ရောက်မှု မခံစားရသည့် ကျေးရွာများအနက် ကျေးရွာအရေအတွက် ထက်ဝက်ထက် လျော့နည်းသည့် ကျေးရွာအချို့တွင်သာ ယင်းသို့ အခြေခံကျန်းမာရေးဝန်ဆောင်မှုဌာနများရှိပါသည်။ ထို့ပြင် ၎င်းတွေ့ရှိချက်အရ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အဘယ့်ကြောင့် သဘာဝဘေးသက်ရောက်မှုခံရသည့် ကျေးရွာများအားလုံးတွင် ကျန်းမာရေးဝန်ထမ်းများ၏ ပါဝင်ဆောင်ရွက်မှု တွေ့ရှိရသော်လည်း အခြားကျေးရွာများ၏ အရေအတွက် ထက်ဝက်ခန့်တွင်သာ ယင်းသို့ ပါဝင်ဆောင်ရွက်မှုရှိသည် ဆိုသည့်အချက်ကို ပိုမိုနားလည်စေပါသည်။ အလားတူပင် သဘာဝဘေးသက်ရောက်မှု ခံစားရသည့်ကျေးရွာများရှိ ကျေးရွာပြည်သူများသည် အစိုးရလမ်းညွှန်ချက်များကို ပိုမိုသိသာမြင့်မားစွာ လိုက်နာဆောင်

ရွက်မှု ရှိကြပါသည်။ သို့ဖြစ်၍ သဘာဝဘေး သက်ရောက်မှုခံစားရသည့် ကျေးရွာများသည် ပြင်ပအန္တရာယ်နှင့် ရိုက်ခတ်မှုအခြေအနေများအတွက် လုပ်ထုံးလုပ်နည်းနှင့် စိတ်ပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်ထားရှိမှု ပိုမိုကောင်းမွန်ကြောင်း ကောက်ချက်ပြုနိုင်ပါသည်။

## ၂.၃။ ကွာရန်တင်းဝင်သည့် ပြည်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

**အင်တာဗျူးမေးမြန်းမှုများ ဆောင်ရွက်သည့် ၂၀၂၀ ဇူလိုင်လတွင် စစ်တမ်းဆောင်ရွက်ခဲ့သည့် ၅၆ ရွာအနက် ၁၀ ရွာခန့်တွင်သာ ကွာရန်တင်းဝင်နေသည့် ကျေးရွာပြည်သူများ ရှိပါသည်။** သို့သော် ကျေးရွာအများစုအနေဖြင့် ၂၀၂၀ ဧပြီလမှစ၍ ရံဖန်ရံခါ ၎င်းတို့ကျေးရွာတွင် ကွာရန်တင်း ဝင်နေသူများ (သို့မဟုတ်) နီးစပ်ရာကျေးရွာတွင် ကွာရန်တင်း ဝင်နေကြသူများ ရှိကြောင်း ဖော်ပြကြပါသည်။ ဆန်းစစ်လေ့လာခဲ့သည့် ကျေးရွာအချို့တွင် ရွှေ့ပြောင်းလုပ်သားများအတွက် ကွာရန်တင်း ဝင်ရန်မလိုဘဲ မိမိရပ်ရွာသို့ ပြန်လာနိုင်သည့် နောက်ဆုံးရက် သတ်မှတ်အသိပေးခြင်းများရှိကြောင်း သိရှိရပါသည်။ အဆိုပါ နောက်ဆုံးရက်နောက်ပိုင်းမှ ကျေးရွာသို့ ပြန်လာသူများအနေဖြင့်မူ ကျေးရွာမှ တတ်နိုင်သမျှ စီစဉ်ပေးသည့်နေရာတွင် ကွာရန်တင်း ဝင်ရောက်ရန် လိုအပ်ပါသည်။

**ရန်ကုန် (သို့မဟုတ်) အခြားမြို့ကြီးများ (သို့မဟုတ်) တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ပြန်လာသူများအတွက် သတ်မှတ်ကွာရန်တင်းစင်တာများ ထားရှိသည့်ကျေးရွာများတွင် ကွာရန်တင်းဝင်နေသည့် အိမ်နီးချင်း ကျေးရွာပြည်သူများအတွက် ကျေးရွာရှိ ငွေကြေးဥစ္စာ ပြည့်စုံသူများမှ ထောက်ပံ့ကူညီကြပါသည်။** ပဲခူးတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ကျေးရွာပြည်သူများသည် အစားအသောက်အပြင် ဖုန်းငွေဖြည့်ကဒ်များကို ဖြည့်ဆည်းပေးကြသလို အချို့သောမိသားစုများကလည်း ၎င်းတို့ရရှိခဲ့သည့် ပံ့ပိုးမှုများ၏ အချို့တစ်ဝက်ကို ပြန်လည်မျှဝေကြပါသည်။ မွန်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ကျေးရွာပြည်သူများသည် ရေ၊ အစားအသောက်နှင့် အဝတ်အထည်များကို ပံ့ပိုးခဲ့ကြပါသည်။ ယင်းသို့ပံ့ပိုးမှုများကို ကိုယ်တိုင်ဖြစ်စေ၊ ဘုန်းကြီးကျောင်းမှတစ်ဆင့်ဖြစ်စေ၊ ဒေသ ကိုဗစ်-၁၉ ကာကွယ် တားဆီးရေးကော်မတီမှတစ်ဆင့်ဖြစ်စေ ဖြည့်ဆည်းဆောင်ရွက်ကြပါသည်။ (အောက်တွင် ပိုမိုပြည့်စုံစွာ ဖော်ပြထားပါသည်။)

**၂၀၂၀ ဇူလိုင်လအချိန် ဆန်းစစ်အကဲဖြတ်မှုအရ ကျေးရွာများအားလုံးရှိ ကျေးရွာပြည်သူများသည် အနာဂတ်အတွက် စိုးရိမ်ပူပန်မှုခံစားနေရကြောင်း စစ်တမ်းဖြေကြားသူများထံမှ သိရှိရပါသည်။** လက်ရှိအချိန်အထိ ရောဂါပိုးကူးစက်ခံရနိုင်သည့် အလားအလာများကို အများဆုံး စိုးရိမ်ပူပန်ကြပါသည်။ ကျေးရွာ ၄၇ ရွာမှ စစ်တမ်းဖြေသူများ၏ ပြောကြားချက်အရ ကျေးရွာပြည်သူအများစု စိုးရိမ်ပူပန်ကြသလို ဒေသခံကျန်းမာရေးဝန်ထမ်းများကလည်း ယင်းသို့ စိုးရိမ်ပူပန်ကြပါသည်။ ၎င်းကာလများအတွင်း ယေဘုယျအားဖြင့် ရောဂါပိုးသည် နိုင်ငံရပ်ခြားမှသာ ရောက်ရှိကူးစက်နိုင်သည်ဟု ယုံကြည်ခဲ့ကြပါသည်။ ထို့ကြောင့် ကျေးရွာပြည်သူများသည် မြန်မာနိုင်ငံပြင်ပမှ ပြန်လာသည့် ရွှေ့ပြောင်းလုပ်သားများအပေါ် ပြစ်တင်ပြောဆိုမှုများရှိပြီး ၎င်းတို့အပေါ် သံသယဖြင့် ဆက်ဆံကြပါသည်။ ချင်းပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ဘုရားရှိခိုးကျောင်း လူငယ်အဖွဲ့များနှင့် ဆွေမျိုးများသည် ကွာရန်တင်းဝင်ရောက်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းတာဝန်များကို ပံ့ပိုးကူညီကြပြီး ရပ်မိရပ်ဖများမှ ကွာရန်တင်းဝင်သူများအတွက် အစားအစာမျှဝေပေးကြသော်လည်း ကျေးရွာပြည်သူများသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံရပ်ခြားမှ ပြန်ရောက်လာသူများသာမက ၎င်းတို့၏ မိသားစုဝင်များကိုပါ ပြစ်တင်ပြောဆိုမှုများ ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာတစ်ရွာတွင် ဆွေမျိုးများသည် ခရီးမှပြန်ရောက်လာသည့် မိသားစုဝင်များကို ကြိုဆိုရန် ငြင်းဆန်ခဲ့ကြောင်း သိရပါသည်။ ထို့ပြင် ကျေးရွာပြည်သူများသည် ကွာရန်တင်းဝင်သည့် ရွှေ့ပြောင်းလုပ်သားများ သတ်မှတ်ကာလ အပြည့်အဝပြီးမြောက်စေရန် အနီးကပ်စောင့်ကြည့် စစ်ဆေးမှုများ လုပ်ဆောင်ကြပါသည်။ အလားတူပင် မွန်ပြည်နယ်ရှိ ကျေးရွာတစ်ရွာမှ ကျေးရွာပြည်သူများသည် ပုံမှန်အားဖြင့် ကောင်းမွန်သည့် ဆက်ဆံရေး အခြေအနေရှိသော်လည်း နေရပ်သို့ပြန်လာသည့် ရွှေ့ပြောင်းလုပ်သားများအား မနှုတ်ဆက်ခြင်း၊ ရှောင်ဖယ်ခြင်း၊ ယခုလို ပြန်ရောက်လာခြင်းနှင့် ရောဂါပိုးကူးစက်နိုင်သည့် အလားအလာများကြောင့် ၎င်းတို့အား အပြစ်တင်ခြင်း စသည့်အခြေအနေများ ရှိခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီးရှိ ဝေးလံခေါင်ဖျားသည့် ကျေးရွာတစ်ရွာတွင် ကွာရန်တင်းဝင်နေသည့် ပြည်သူများအပေါ် အစပိုင်း၌ ခွဲခြားဆက်ဆံမှုအချို့ ရှိခဲ့ပါသည်။ ယင်းသို့အခြေအနေမျိုးတွင် ကျေးရွာပြည်သူများအနေဖြင့် ကွာရန်တင်းဝင်ရောက်သူများအတွက် ဘတ်ဂျက်သတ်မှတ်ချက် မရှိခြင်းနှင့် နေရပ်ပြန်ပြည်သူများ၌ အစားအစာဝယ်ယူရန် ငွေကြေးလုံလောက်မှု မရှိခြင်းကြောင့် အဆိုပါ ကုန်ကျစရိတ်များအတွက်လည်း ပူပန်ခဲ့ကြပါသည်။ အများအားဖြင့် ကျေးရွာအကြီးအကဲ၏ အားထုတ်ကြိုးပမ်းမှု အစီအမံများကြောင့်သာလျှင် ၎င်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ပိုမိုသိရှိ နားလည်လာကြပြီး ကျေးရွာပြည်သူများ၏ သဘောထားပြောင်းလဲလာခဲ့သလို လှူဒါန်းမှု ကောက်ခံရာတွင်လည်း ကျေးရွာအကြီးအကဲနှင့်အတူ စေတနာ့ဝန်ထမ်းအုပ်စုများ ပူးပေါင်းပါဝင်ခဲ့ကြပါသည်။

ဖြစ်ရပ်လေ့လာမှု (၁)

**ကွာရန်တင်းဝင်ရသည့် နေရပ်ပြန်ပြည်သူများထံမှ ရောဂါပိုး ကူးစက်ခံရမည်ကို စိုးရိမ်ပူပန်ခြင်း။**

မြဝတီမှပြန်လာသည့် မိသားစုတစ်စုသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၎င်းတို့ကျေးရွာ၏ အစွန်တွင်ရှိသော ဝါးတောတစ်နေရာတွင် ကွာရန်တင်းဝင်ဖို့ရန်ဖြစ်ခဲ့ပါသည်။ (သို့သော် ၎င်းတို့ ကိုယ်ပိုင်ဝါးတော မရှိပါ)။ မည်သည့်ကျေးရွာပြည်သူမျှ ၎င်းတို့ပိုင်သော ဝါးတောမြေကွက်တွင် ထိုမိသားစုအား ကွာရန်တင်း ဝင်ခွင့်ပြုရန် လိုလားခြင်းမရှိခဲ့ပါ။ နောက်ဆုံးတွင် အဆိုပါမိသားစုအနေဖြင့် ၎င်းတို့၏ နေအိမ်တွင်သာ သတ်မှတ်ကာလအထိ ကွာရန်တင်းဝင်ရန် ညှိနှိုင်းခွင့်ပြုခဲ့ရပါသည်။ ကွာရန်တင်းကာလအတွင်း အလုပ်လုပ်ရန် မဖြစ်နိုင်သောကြောင့် ၎င်းမိသားစုအနေဖြင့် ကွာရန်တင်းကာလတစ်လျှောက် အစားအစာဝယ်ယူရန် ငွေကြေးလုံလောက်စွာမရှိခဲ့ပါ။ အခြားကျေးရွာပြည်သူများမှ ၎င်းတို့အား ကွာရန်တင်းကာလအတွင်း ဆန်၊ ဆီနှင့် အခြားပံ့ပိုးပစ္စည်းများ ဖြည့်ဆည်းပေးခဲ့ပါသည်။ သို့သော် ၎င်းမိသားစု၏ မြေကွက်တွင် ကိုယ်ပိုင်ရေ အရင်းအမြစ်မရှိပါ။ အိမ်နီးချင်းများကလည်း ရောဂါပိုးကူးစက်ခံရမည်ကို ပူပန်သောကြောင့် ၎င်းတို့၏ရေအရင်းအမြစ်မှ အသုံးပြုရန် ခွင့်မပြုခဲ့ပါ။ အဆိုပါ ပြဿနာအား ဖြေရှင်းနိုင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အိမ်နီးချင်း၏ ရေအရင်းအမြစ်မှ အဆိုပါမိသားစု၏ နေအိမ်သို့ ရေပိုက်သွယ်တန်းတပ်ဆင်ရန် စီစဉ်ခဲ့ရပါသည်။

**ကျေးရွာပြည်သူများ၏ စိုးရိမ်ပူပန်မှုအတိုင်းအတာသည် ရွှေ့ပြောင်းသွားလာမှု အတိုင်းအတာနှင့် တိုက်ရိုက်အချိုးကျ ဆက်နွယ်မှုရှိပါသည်။** ကျေးရွာအတွင်း ရွှေ့ပြောင်းသွားလာမှုပိုမိုများပြားပါက ကျေးရွာပြည်သူများ၏ ရောဂါပိုးကူးစက်ခံရနိုင်မှုအပေါ် စိုးရိမ်ပူပန်မှု ပိုမိုကြီးမားပါသည်။ ယင်းသို့ ပူပန်ကြသည့်အခြေအနေများကို ရွှေ့ပြောင်းသွားလာမှုနှင့် ခရီးသွားလာမှုများပြားသည့် ကျေးရွာတွင် ပိုမိုတွေ့ရှိရပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေ့ပြောင်းသွားလာမှု များပြားသည့် ကျေးရွာတစ်ရွာတွင် ကျေးရွာပြည်သူများသည် ဒေသ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးကော်မတီတွင် ပါဝင်ရန် ငြင်းဆိုခံရသည့် အခြေအနေထိ ရှိပါသည်။

**သို့သော် ရွှေ့ပြောင်းလုပ်သားများအပေါ် သံသယကြီးမားမှုသည် ယာယီအခြေအနေသာဖြစ်ပြီး နေရပ်ပြန်ပြည်သူများအပေါ် ရေရှည်ဖယ်ကြဉ်သည့် အခြေအနေမျိုး ဖြစ်ပေါ်ခဲ့ခြင်းမရှိပါ။** ကွာရန်တင်းကာလ ပြီးဆုံးသည့်နောက်ပိုင်းတွင် ရွှေ့ပြောင်းလုပ်သားများနှင့် လူမှုဆက်ဆံမှု အခြေအနေများမှာ ယေဘုယျအားဖြင့် ပြန်လည်ကောင်းမွန်လာခဲ့ပြီး ကွာရန်တင်းဝင်သည့် ပြည်သူများအတွက် အစားအစာမျှဝေသည့် အလေ့အထသည်လည်း စစ်တမ်းဆောင်ရွက်သည့် ကျေးရွာများတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သည့် အလေ့အထတစ်ခု ဖြစ်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် စစ်တမ်းဖြေကြားသူများ၏ ပြောကြားချက်အရ ကွာရန်တင်းဝင်သည့် မိသားစုများအတွက် ကူညီပံ့ပိုးသည့် အကျိုးရလဒ်များကြောင့် ပြည်သူများအကြား လူမှုကဏ္ဍပေါင်းစည်းညီညွတ်မှု ပိုမိုကောင်းမွန်လာသည်ဟု သိရှိရသည်။ (လူမှုကဏ္ဍ ဆက်ဆံမှုအခြေအနေများနှင့် စပ်လျဉ်း၍ အခန်း (၅)တွင် ကြည့်ရန်။)

## ၂.၄။ ကျန်းမာရေး ဆိုင်ရာ သက်ရောက်မှုများ ဆောင်ရွက်ခြင်း

**ဆန်း စစ်လေ့လာမှုအရ ကိုဗစ်–၁၉ ကပ်ရောဂါအပေါ် စိုးရိမ်ပူပန်မှုနှင့် ရောဂါပိုး ပြန့်ပွားမှု ထိန်းချုပ်ရေး ကန့်သတ်ချက်များကြောင့် အခြားကျန်းမာရေး ကဏ္ဍနယ်ပယ်များအပေါ် သက်ရောက်မှုများ ရှိနိုင်ပါသည်။** ကျေးရွာ ကိုယ်စားလှယ်များ၏ ပြောကြားချက်အရ လူနာများအကြား ခပ်ခွာခွာထားရှိနိုင်ရန် ကြိုးပမ်း ရခြင်းကြောင့် ဆေးရုံများ၌ နေရာအကန့်အသတ်များဖြစ်ပေါ်ခြင်းနှင့် ဒေသကျန်းမာရေး ဆေးခန်းများ ပိတ်ထားသည့်အခြေအနေများရှိကြောင်း သိရပါသည်။ ထို့ပြင် ပဋိသန္ဓေတားခြင်း ကဲ့သို့သော ပုံမှန် ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိရန် အခက်အခဲများရှိကြောင်း သိရပါသည်။ ကျန်းမာရေး ဆေးခန်းမရှိသည့် ကျေးရွာများတွင် ကျေးရွာပြည်သူများသည် ပုံမှန်နှင့်အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အခြားကျေးရွာ (သို့မဟုတ်) မြို့နယ်သို့ သွားရောက် ရပြီး ပြင်ပပုဂ္ဂိုလ်များအတွက် သွားလာမှုကန့်သတ်သည့် ကျေးရွာများတွင် ပုံမှန်/အရေးပေါ် မဟုတ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ရန်ပင် အခက်အခဲများရှိကြောင်း သိရှိရပါသည်။ နာတာရှည် နာမကျန်းမှုများ၊ ခွဲစိတ်ကုသမှုများ (သို့မဟုတ်) အလားတူ အခြားကုသမှုများ အတွက် ပြည်နယ်မြို့တော်များ (သို့မဟုတ်) ရန်ကုန်/မန္တလေးစသည့် မြို့ကြီးများသို့ သွားရောက် ပြသရလေ့ရှိပြီး ကွာရန်တင်း ဥပဒေစည်းမျဉ်းများကြောင့် မြို့ကြီးများသို့ သွားရောက်ပြီး ကျေးရွာ ပြင်ပ ကျန်းမာရေးစောင့်ရှောက်မှု ခံယူပြီးနောက် ၎င်းကျေးရွာ ပြည်သူများသည် ကွာရန်တင်း ဝင်ကြရပါသည်။ ကျန်းမာရေး ချို့ယွင်းနေသော (သို့မဟုတ်) ပြန်လည်နာလန်ထခါစ ဖြစ်သော လူနာများအနေဖြင့် အခြားသူများနှင့် ယှဉ်တွဲနေထိုင်ရသည့် အဆောက်အအုံ (သို့မဟုတ်) ဝေးလံသည့်နေရာတွင် ကွာရန်တင်းဝင်ရခြင်းသည် အခက်အခဲများစွာရှိကြောင်း သိရပါသည်။ ထို့ပြင် ရွေ့လျားဆေးခန်းများနှင့် သွားလာကုသပေးသည့် သားဖွားဆရာမများ (သို့မဟုတ်) ကျန်းမာရေး အရာရှိများသည် အချို့သော ကျေးရွာများသို့ သွားရောက်ကုသရန် ငြင်းဆိုကြပြီး ကျေးရွာပြည်သူများအား ၎င်းတို့ထံသို့ လာရောက်ပြသစေခြင်း (သို့မဟုတ်) မြို့နယ်ဆေးရုံသို့ လွှဲပြောင်းကုသစေခြင်းများရှိကြောင်း သိရှိရပါသည်။

ဖြစ်ရပ်လေ့လာမှု (၂)

**ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအပေါ် ကိုဗစ်–၁၉ ကပ်ရောဂါ သက်ရောက်မှု**

ကယားပြည်နယ်ရှိ စစ်တမ်းဖြေကြားသူတစ်ဦးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် ကြိုးပမ်းခဲ့ရသည့် ၎င်း၏လတ်တလောအတွေ့အကြုံကို မျှဝေခဲ့ပါသည်။ ၎င်း၏ ဇနီးဖြစ်သူ ကိုယ်ဝန်ဆောင် အစောပိုင်းကာလအတွင်း ကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်ဆေးပေးခန်းမှ သားဖွားဆရာမများနှင့် ပုံမှန် ကျန်းမာရေးစစ်ဆေးမှု ခံယူခဲ့ပါသည်။

၎င်းတို့ဇနီးမောင်နှံသည် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုစင်တာတွင် ကလေးမီးဖွားခွင့် ရရှိရန် သားဖွားဆရာမများအား မေတ္တာရပ်ခံခဲ့သော်လည်း ၎င်းတို့၏တောင်းဆိုမှုကို ပယ်ချခဲ့ ပါသည်။ စစ်တမ်းဖြေကြားသူမှ ဖော်ပြသည်မှာ – “*သူတို့က ကြောက်တာလားတော့ မသိဘူး၊ မမွေးပေးဘူး။ ဖြစ်နိုင်ရင်တော့ ကျွန်တော်တို့က ရွာမှာပဲ မွေးချင်တာ။ ပုံမှန်ဆိုရင်လည်း ရွာကလူတွေက ဆေးပေးခန်းမှာပဲ သွားမွေးကြတာ။ ကိုယ့်အိမ်မှာကိုယ်တော့ မွေးလို့မရဘူး*”

အဆိုပါ ဇနီးမောင်နှံကို လွိုင်ကော်အထွေထွေဆေးရုံကြီးသို့ လွှဲပြောင်းခဲ့ပြီး ၎င်းတို့အနေဖြင့် လည်း ကိုဗစ်–၁၉ ကူးစက်နိုင်မှု အလားအလာ လျော့နည်းစေရန် ဆေးရုံ၌ သီးသန့်ခန်း ရယူခဲ့ ရခြင်းကြောင့် မမျှော်မှန်းနိုင်သည့် ပမာဏအထိ ငွေကြေးကုန်ကျ၍ အကြွေးတင်ခဲ့ရကြောင်း သိရသည်။

# ၃

# အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် ရွှေ့ပြောင်းသွားလာခြင်း

စာမျက်နှာ ၁၅-၂၅



စစ်တမ်းဖြေကြားသူများ၏ ပြောကြားချက်အရ ရောဂါကူးစက်ခံရမည်ကို ပူပန်မှုပြီးလျှင် ကျေးရွာများ၌ ဒုတိယမြောက် အရေးအကြီးဆုံး ပူပန်သည့်ကိစ္စမှာ ကပ်ရောဂါကြောင့် ဖြစ်စေသည့် ကာလရှည်စီးပွားရေးထိခိုက်မှု ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ၎င်းတို့ဖော်ပြသည့်အချက်မှာ ကျေးရွာပြည်သူအများစု (လေ့လာမှုဆောင်ရွက်သည့် ကျေးရွာ ၂၀ ခန့်ရှိ)သည် စီးပွားရေးအကျပ်အတည်း[၅]နှင့်ပတ်သက်၍ အလွန်စိတ်ပူပန်ကြောင်း ဖော်ပြခဲ့သည်။ ရောဂတီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးမှ ပြောကြားသည်မှာ – *“စီးပွားရေးအရတော့ သိပ်မကောင်းဘူး။ စပါးက မထွက်ဘူး ဈေးကလည်းမကောင်းဘူး။ ရန်ကုန်မှာ လုပ်တဲ့လူတွေလည်း ခက်ခဲတယ်။ လယ်စာရင်းငှားတွေကတော့ ပုံမှန်ပါပဲ။ ခြုံကြည့်ရင် တစ်ရွာလုံး နည်းနည်းတော့ ပိုခက်ခဲတာပေါ့။ အကြွေးပြန်ဆပ်ရတာနဲ့ ပတ်သက်ပြီး အခက်အခဲလေးတွေ ရှိတာပေါ့။”*

၅ ကွဲပြားမှုအချို့ရှိသည်ဆိုသည်မှာ ငွေကြေးပြည့်စုံသည့် ကျေးရွာပြည်သူများသည် ရောဂါကူးစက်ခံရမည်ကို ပိုမိုစိုးရိမ်ထိတ်လန့်သည့် အခြေအနေရှိသော်လည်း နွမ်းပါးသည့် ပြည်သူများမှာမူ ၎င်းတို့၏မိသားစုများနှင့် ကြွေးမြီများအတွက် ပံ့ပိုးဖြည့်ဆည်းနိုင်မှု မရှိခြင်း (သို့မဟုတ်) စားစရာအလုံအလောက်မရှိခြင်း စသည့်အခြေအနေများအတွက် ပူပန်ဖိစီးနေသည့်အခြေအနေကို ဆိုလိုပါသည်။

## ၃.၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

**ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျေးလက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ပျက်စီးမှု ရှိပါသည်။** စစ်တမ်းဖြေကြားသူများ၏ ဖော်ပြချက်အရ ရောဂါဖြစ်ပွားမှု စတင်သည့်အချိန်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာမှအပ အားလုံးသော ကျေးရွာများတွင် စီးပွားရေးအခြေအနေ ပိုမိုဆိုးရွားလာကြောင်း သိရှိရသည်။ ကိုဗစ်-၁၉ ဖြစ်ပွားသည့် အချိန်ကာလနှင့် အချင်းချင်း ခပ်ခွာခွာနေထိုင်ရေး အစီအမံများကြောင့် သီးနှံရိတ်သိမ်းမှုနှင့် စိုက်ပျိုးရာသီများအပေါ် သက်ရောက်မှုရှိပါသည်။ ထို့အပြင် စိုက်ပျိုးရေးလုပ်သားများ၊ အကျိုးဆောင်ကိုယ်စားလှယ်များနှင့် သီးနှံဝယ်ယူသူများကဲ့သို့သော စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသည့် ပုဂ္ဂိုလ်များ၏ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် ပို့ကုန်သီးနှံ ဈေးကွက်ကျဆင်းမှုများကြောင့် တောင်သူများအတွက် ငွေကြေးစီးဆင်းမှု လျော့နည်းစေပြီး နောင်လာမည့် စိုက်ပျိုးရာသီအတွက် ပြင်ဆင်ရန် မလောက်မင ဖြစ်စေပါသည်။ ထို့အပြင် သီးနှံဖျက်ပိုးနှင့် ရာသီဥတု ဖောက်ပြန်မှုခံစားရသည့်တောင်သူများ၊ လတ်တလော သီးနှံထွက်နှုန်းကျဆင်းမှု ကြုံတွေ့ခဲ့ရသည့်ကျေးရွာများ၊ နယ်စပ်ကုန်သွယ်မှု (သို့မဟုတ်) ဈေးကွက်ရရှိရန် ပွဲစားများအပေါ် မှီခိုရသည့်ကျေးရွာများ (သို့မဟုတ်) လက်နက်ကိုင်တိုက်ပွဲများ/မြေမြုပ်မိုင်းများကြောင့်နီးစပ်ရာ သစ်တောများအတွင်း ရှာဖွေစားသောက်ရန်အန္တရာယ် ရှိသည့်ကျေးရွာများ၊ ကျပန်းလုပ်သားဦးရေများပြားသော (သို့မဟုတ်) ရွှေ့ပြောင်းလုပ်သားများထံမှ ပေးပို့သည့်ငွေအပေါ် မှီခိုရသော အိမ်ထောင်စုများပြားသည့် ကျေးရွာများအပါအဝင် သဘာဝဘေးဒဏ်ကြောင့် သက်ရောက်မှုခံစားရသည့်ဒေသများသည် ကပ်ရောဂါ၏ စီးပွားရေးသက်ရောက်မှုများကို ပိုမိုသိသာစွာ ခံစားကြရပါသည်။

**အိမ်နီးချင်းနိုင်ငံများသို့ တရားဝင် ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်မှု တိုးမြင့်လာခြင်း၊ လယ်ယာလုပ်သားအသုံးပြုမှုမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းခြင်းစသည့် အမျိုးမျိုးသော အခြေအနေအကြောင်းအရင်းများကြောင့် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံရှိ ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် သိသာကြီးမားသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ပါသည်။** ဒေသလယ်ယာလုပ်ငန်းများတွင် စက်ပစ္စည်းအသုံးပြုမှုများကြောင့် သီးနှံစိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းလုပ်ငန်းများအတွက် ကျပန်းလုပ်သား လိုအပ်ချက်နည်းပါးလာသဖြင့် ကျေးရွာပြည်သူများသည် ၎င်းတို့၏မိသားစုများအား ပံ့ပိုးနိုင်ရန် နိုင်ငံတွင်းနှင့် နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်မှုများ ပိုမိုဆောင်ရွက်လာကြပါသည်။ ဆန်းစစ်လေ့လာမှုဆောင်ရွက်သည့် နေရာအများစုတွင် စက်မှုလယ်ယာနှင့် စိုက်ပျိုးရေးသွင်းအားစုများအပေါ် မှီခိုမှု၊ တစ်ပိုင်တစ်နိုင်မှ အကြီးစားစိုက်ပျိုးရေးကဏ္ဍသို့ ပြောင်းလဲမှုများနှင့် ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်မှုများအကြား ဆက်နွယ်မှုများကို ကိုးကားဖော်ပြခဲ့ကြပါသည်။ ဒေသအများစု၌ နေရပ်တွင် စိုက်ပျိုးရေးလုပ်ငန်း အခွင့်အလမ်းနည်းပါးခြင်းကြောင့် စိုက်ပျိုးရေး အလုပ်အကိုင်ရှာဖွေရန် ဒေသပြင်ပသို့ ရွှေ့ပြောင်းခြင်း၊ မြို့ပြများသို့ ရွှေ့ပြောင်းခြင်းများ ရှိကြောင်းသိရှိရပါသည်။ ကချင်နှင့် ကရင်ပြည်နယ်ကဲ့သို့သော အချို့သောဒေသများတွင် ဒေသခံတောင်သူများသည် ဧရာဝတီတိုင်းဒေသကြီးနှင့် အလယ်ပိုင်း အပူပိုင်းဇုန်ဒေသမှ စိုက်ပျိုးရေးလုပ်သားများ ရာသီအလိုက် ရွှေ့ပြောင်းလုပ်သားအဖြစ် လာရောက်လုပ်ကိုင်မှုအပေါ် မှီခိုအားထား ဆောင်ရွက်ကြကြောင်းသိရသည်။ မွန်နှင့် ကရင်ပြည်နယ်ကဲ့သို့သော နယ်စပ်ပြည်နယ်များမှ စစ်တမ်းဖြေကြားသူများသည်လည်း ဒေသတွင်း အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်း နည်းပါးခြင်းကြောင့် ထိုင်းနိုင်ငံနှင့် အခြားနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်မှု၏ အရေးပါမှုအခြေအနေများကို အဓိကထား ဖော်ပြခဲ့ကြသည်။

**ပြောင်းလဲမှု ဖြစ်ပေါ်နေသည့် ဒေသစီးပွားရေး နောက်ခံအခြေအနေတွင် အလုပ်အကိုင် အမျိုးအစားအုပ်စုများအားလုံးအပေါ် ကိုဗစ်-၁၉ ၏ စီးပွားရေးသက်ရောက်မှုများနှင့် စပ်လျဉ်း၍ ကောင်းစွာ နားလည်ဆန်းစစ် သုံးသပ်ရန် လိုအပ်ပါသည်။** လုပ်သားရှားပါးမှုကြောင့် စက်မှု

လယ်ယာစနစ် တိုးမြှင့်လုပ်ကိုင်သည့်ဒေသများ (သို့မဟုတ်) စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှု တိုးမြှင့်လာခြင်းကြောင့် နေရပ်မှ ရွှေ့ပြောင်းလုပ်ကိုင်မှုဖြစ်စေသည့်ဒေသများ စသည့်အခြေအနေများသည် ကပ်ရောဂါကြောင့် ပိုမိုအားကောင်း တိုးပွားလာစေပါသည်။ ဈေးနှုန်းသက်သာသည့် ချေးငွေရရှိနိုင်မှုများကြောင့် ကြွေးမြီဝန်ထုတ်ဝန်ပိုးလျော့နည်းလာမှု အခြေအနေများသည်လည်း အဆိုးဖက်သို့ ပြန်လည်ဦးလှည့်သွားစေနိုင်ပါသည်။ အလုပ်အကိုင်လိုအပ်ချက်ကြောင့် နေရပ်သို့ပြန်လာသည့် ရွှေ့ပြောင်းလုပ်သားများအတွက် အချို့သော ကျေးရွာများတွင် မိသားစုဦးပိုင်မြေများ၌ ကာလတို (သို့မဟုတ်) ကျပန်းစိုက်ပျိုးရေးအလုပ်အကိုင်များ ဖြည့်ဆည်းပေးနိုင်သော်လည်း အခြားကဏ္ဍများတွင်မူ အလုပ်အကိုင်၊ အခွင့်အလမ်းနည်းပါးမှု ကြုံတွေ့ကြရပါသည်။ သို့ဖြစ်၍ နေရပ်သို့ပြန်လာသည့် ရွှေ့ပြောင်းလုပ်သားအများအပြားသည် မြန်မာနိုင်ငံရှိ လုပ်သားဈေးကွက်တွင် ပါဝင်လုပ်ကိုင်နိုင်ခြင်းမရှိဘဲ ငွေလွှဲပေးပို့မှုမရရှိသည့် ဝင်ငွေဆုံးရှုံးမှုအတွက် ပြန်လည်ကာမိဖြည့်ဆည်းရန် ဆောင်ရွက်နိုင်ခြင်းမရှိပါ။

---

## ၃.၂။ ဝင်ငွေနှင့် အလုပ်အကိုင် ဆုံးရှုံးမှုများ

ဆန်း **စစ်လေ့လာမှု ဆောင်ရွက်ခဲ့သည့်ကျေးရွာ ၅၆ ရွာအနက် ကျေးရွာ ၅ ရွာမှ လွဲ၍ ကျန်သည့် ကျေးရွာများအားလုံးတွင် ကျေးရွာပြည်သူများသည် ဝင်ငွေနှင့် အလုပ်အကိုင် ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ကြရပါသည်။** စစ်တမ်းဖြေကြားသူများ၏ ပြောကြားချက်အရ ဝင်ငွေဆုံးရှုံးမှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများစွာရှိပြီး ၎င်းတို့တွင် အောက်ပါတို့ အပါအဝင်ဖြစ်သည်။ နေအိမ်ပြင်ပ အသွားအလာကန့်သတ်မှု (Lock down) သတ်မှတ်ချက်များကြောင့် အခြားကျေးရွာများရှိ အလုပ်နေရာများသို့ မသွားလာနိုင်ခြင်း၊ အချို့သော လုပ်ငန်းလုပ်ဆောင်ရာတွင် အချင်းချင်း ခပ်ခွာခွာနေထိုင်ရေး သတ်မှတ်ချက်များကြောင့် အကန့်အသတ်များ ဖြစ်စေခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော သွင်းအားစုများ မရရှိခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို ဝယ်ယူမည့်သူမရှိခြင်း၊ ရွှေ့ပြောင်းလုပ်သားများထံမှ ငွေလွှဲပေးပို့မှု သိသာစွာလျော့ကျခြင်း၊ အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပို့ကုန်သီးနှံစိုက်ခင်းများတွင် လုပ်ငန်းများယာယီ ဆိုင်းငံ့ခြင်း စသည်တို့ဖြစ်ပါသည်။ အချို့သောဒေသများတွင် သွားလာမှုနှင့် အချင်းချင်း ခပ်ခွာခွာ နေထိုင်ရေးကန့်သတ်ချက်များ ပြဋ္ဌာန်းသည့် အချိန်သည် စိုက်ပျိုးရာသီနှင့် တိုက်ဆိုင်နေခြင်းကြောင့် ၎င်းဒေသများသည် ယင်းသက်ရောက်မှုများကို ပိုမိုသိသာစွာခံစားကြရသည်။ ဥပမာ – ရခိုင်ပြည်နယ်ရှိကျေးရွာများ၊ ဖြစ်ရပ်လေ့လာမှု (၃) တွင် တွေ့ရှိရသည့် ကိုယ်တွေ့အတွေ့အကြုံများကဲ့သို့ စိတ်ထိခိုက်ဖွယ်ရာ ဆုံးရှုံးမှုများ ရှိနိုင်ပါသည်။

ဖြစ်ရပ်လေ့လာမှု (၃)

### အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုတစ်စု၏ အခက်အခဲများ

မလှလှသည် အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦးဖြစ်၍ အမကြီးတစ်ဦးနှင့် မောင်ငယ်၊ ညီမငယ်များနှင့်အတူ ရခိုင်ပြည်နယ်တွင် နေထိုင်ပါသည်။ သူမနှင့် သူမ၏ အမတို့သည် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပြီး မိသားစုကိုထောက်ပံ့နိုင်ရန် သစ်တောအတွင်းမှ ရာသီပေါ်ဟင်းသီးဟင်းရွက်များကို ခူးယူရောင်းချပါသည်။ ကိုဗစ်-၁၉ ဖြစ်ပွားသည့်အချိန်မှစ၍ ကျပန်းအလုပ်လုပ်ကိုင်ရန် ကျေးရွာနယ်သတ်မျဉ်းကို ကျော်လွန်သွားလာခွင့် တားမြစ်သည့် အစိုးရလမ်းညွှန်ချက်များကြောင့် မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများ ကြုံတွေ့ကြရပါသည်။ *"ဘာမှမရှိတဲ့လူတွေအတွက်က အရင်တုန်းကဆို တစ်နေရာမှာ အလုပ်မရရင်တောင် အခြားတစ်နေရာရာသွားပြီး စားဝတ်နေရေး ရှာဖွေလို့ရသေးတယ်။ အခုတော့ ဘယ်မှမသွားနိုင်တော့ အလုပ်မလုပ်နိုင်ကြတော့ဘူး။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ဆင်းရဲသားတွေက အများဆုံး ဒုက္ခရောက်ရပါတယ်။"*

ယခင်တုန်းက မလှလှနှင့် ၎င်း၏ညီအစ်မများသည် ၎င်းတို့အလုပ်လုပ်သည့် တောင်သူများထံမှ သီးနှံရိတ်သိမ်းရာသီမတိုင်မီ ကြိုတင်၍ လုပ်ခကြေးငွေ ရရှိကြပါသည်။ သို့သော် ကပ်ရောဂါကာလအတွင်း တောင်သူများမှ ယင်းသို့ကြိုတင်ငွေပေးနိုင်ခြင်း မရှိသောကြောင့်

၎င်းတို့ညီအစ်မများသည် လုပ်ခကြေးငွေ အနည်းငယ်ဖြင့်သာ လုပ်ကိုင်နေကြရပြီး တစ်ခါတစ်ရံ တစ်ရက်လျှင် ၂၀၀၀–၃၀၀၀ ကျပ်သာ ရရှိကြပါသည်။ ကိုဗစ်–၁၉ မတိုင်မီအချိန်က တူညီသည့် အလုပ်ပမာဏအတွက် ၅၀၀၀ ကျပ်ခန့် ရရှိကြပါသည်။

နေ့စားအလုပ်မရှိသည့်နေ့ရက်များတွင် မိုးရာသီကာလများ၌ ဖား၊ ငါး ရှာဖွေ စားသောက်ကြရပါသည်။ လတ်တလောတွင် ၎င်းတို့ညီအစ်မများသည် ကျေးရွာရှိ ဆိုင် ၃ ဆိုင်မှ စားစရာအကြွေးဖြင့် ဝယ်ယူ၍ ရှင်သန်နေထိုင်နေရပါသည်။ ၎င်းဆိုင်များအနေဖြင့်လည်း ဖောက်သည်များကို ပေးနိုင်သည့် အကြွေးပမာဏ အကန့်အသတ်ရှိခြင်းကြောင့် တစ်ခါတစ်ရံ ၎င်းတို့အား ဝယ်ခွင့်မပေးကြပါ။ အကယ်၍ ဆိုင်တစ်ဆိုင်က မရောင်းလျှင် ၎င်းတို့အနေဖြင့် နောက်တစ်ဆိုင်သို့ သွားရောက်၍ ဝယ်ယူရန် ကြိုးစားကြရပါသည်။

မလှလှ၏ မောင်ငယ်လေးမှာလည်း ၎င်းတို့ညီအစ်မများ ကျူရှင်လခ မပေးနိုင်ခြင်းကြောင့် အတန်းကျောင်းတွင် ၇ တန်း ဆက်မတက်နိုင်ပါ။ မလှလှနှင့် ၎င်း၏အစ်မတို့သည် လက်ရှိအခြေအနေကြောင့် ခံစားရသည့် စိတ်ဖိစီးမှုနှင့် ခြေကုန်လက်ပန်းကျသည့် အခြေအနေများကို ယခုကဲ့သို့ ဖော်ပြကြပါသည်။ *"အခုလောလောဆယ်တော့ ကျွန်မ အရမ်းစိတ်ပင်ပန်းနေပါပြီ။ တစ်ရက်ကုန်သွားတိုင်း နောက်တစ်ရက် ဘယ်လိုစားသောက်ကြရမလဲဆိုတာ တစ်ချိန်လုံး စိတ်ပူနေရတယ်။ ညဖက်ညဖက် ဒီအကြောင်း စဉ်းစားရင်းနဲ့ အိပ်မပျော်တာ မိုးလင်းတဲ့အထိပါပဲ။"*

## ၃.၃။ လယ်ယာ လုပ်ငန်းနှင့် ကျပန်း လုပ်သားများ

**ဤဆန်းစစ်လေ့လာမှုအရ ကျေးရွာပေါင်း ၅၆ ရွာအနက် ၄၅ ရွာတွင် ကျပန်းလုပ်သားများ၏ ဝင်ငွေကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။ (စီးပွားရေးရာ ကဏ္ဍအမျိုးအစား ကွဲပြားမှုအတိုင်းအတာအပေါ် ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ) (ဇယား–၃)။** ယင်းနှင့်စပ်လျဉ်း၍ ဒုတိယအများဆုံး သက်ရောက်မှုခံစားရသည့် အလုပ်အကိုင် အုပ်စုအမျိုးအစားမှာ ဆောက်လုပ်ရေးလုပ်သားများဖြစ်ကြပြီး ကျေးရွာများ၏ ၄ ပုံ ၃ ပုံ နီးပါးခန့်ရှိ ၎င်းအလုပ်အကိုင် လုပ်ကိုင်ကြသူများသည် ဝင်ငွေနှင့် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ကြသည်။ ကျေးရွာစုစုပေါင်း၏ ထက်ဝက်ခန့်ရှိ ငါးဖမ်းလုပ်သားများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် အသေးစား စီးပွားရေး လုပ်ငန်းပိုင်ရှင်များသည် ဝင်ငွေဆုံးရှုံးမှု ခံစားကြရပါသည်။ သို့သော် ဈေးဆိုင်များမှာမူ ကျေးရွာပြည်သူများ၏ အထိတ်တလန့် ဝယ်ယူမှုများကြောင့် ကာလတိုအနေဖြင့် ကပ်ရောဂါကာလအတွင်း အကျိုးအမြတ်ရရှိကြသည်ဟု ရှမ်းပြည်နယ်ရှိ ကျေးရွာများထံမှ သိရှိရသည်။ မည်သို့ပင်ဖြစ်စေ ရေရှည်တွင် ၎င်းတို့အနေဖြင့်လည်း ငွေသားစီးဆင်းမှု လျော့နည်းခြင်းကို ခံစားရပြီး ကုန်ပစ္စည်းအသစ်များ ဝယ်ယူရန် အကန့်အသတ်ရှိခြင်းနှင့် ကျေးရွာပြည်သူများ၏ ဝင်ငွေကျဆင်းမှုကြောင့် အရောင်းပါးသည့်အခြေအနေများ ကြုံတွေ့ရပါသည်။


**ဆန်းစစ်လေ့လာခဲ့သည့် ရခိုင်ပြည်နယ်ရှိ မြို့နယ်များကဲ့သို့သော စီးပွားရေးရာ သက်ရောက်မှု ပြင်းထန်သည့်ဒေသများတွင် အလုပ်အကိုင်ရှားပါးမှုကြောင့် ကျပန်းလုပ်သားများအကြား ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ပြီး အချို့လုပ်သားများမှာ လုပ်ခငွေရရှိနိုင်ရန် လုပ်ခနှုန်းထားလျှော့ပေး၍ အလုပ်လက်ခံရခြင်းများ ရှိပါသည်။** ယင်းနှင့်စပ်လျဉ်း၍ နမူနာဖြစ်ရပ်ကို ကယားပြည်နယ်ရှိ စီးပွားရေးရာ လုပ်ငန်းအမျိုးအစား ကွဲပြားမှုရှိသော ကျေးရွာတစ်ရွာမှ စစ်တမ်းဖြေကြားသူများ၏ ပြောကြားချက်အရ သိရှိရပါသည်။ ၎င်းကျေးရွာတွင် ကျပန်းလုပ်သားများသည် ငွေကြေးပိုမို ပြေလည်သည့် မိသားစုများကမ်းလှမ်းသည့် အလုပ်များကို လုပ်ကိုင်နေကြရပြီး ၎င်းတို့အနေဖြင့်

ယခင်အချိန်များက ထိုအလုပ်များကို လက်ခံလုပ်ကိုင်လိုခြင်းမရှိခဲ့ဘဲ မြို့ပေါ်ရှိ လုပ်ခပိုမိုမြင့်မားသောအလုပ်များကိုသာ လုပ်ကိုင်ခဲ့ကြပါသည်။ ကျေးရွာပြည်သူတစ်ဦး၏ ပြောကြားချက်မှာ -

> "အရင်ကဆိုရင် ပိုတန်တဲ့အလုပ်တွေကို သွားလုပ်ကြတာများတယ်။ အခုကျတော့ ဘယ်လိုအလုပ်ဖြစ်ဖြစ် လုပ်ရင် အနည်းနဲ့အများဝင်ငွေရတယ်ဆိုပြီး လုပ်ကြတဲ့သဘောမျိုးပေါ့။"

ဇယား - ၃

**ဆန်းစစ်လေ့လာခဲ့သည့် ကျေးရွာ ၅၆ ရွာရှိ အလုပ်အကိုင်အမျိုးအစားအလိုက် ဝင်ငွေ (သို့မဟုတ်) အလုပ်အကိုင် ဆုံးရှုံးရသည့် ကျေးရွာများ၏ ရာခိုင်နှုန်း**




**ကျပန်းလုပ်သားများနှင့် တောင်သူများအပေါ် သက်ရောက်မှုများသည် အပြန်အလှန်ဆက်နွယ်မှု ရှိပါသည်။** တိုင်းဒေသကြီး၊ ပြည်နယ်အနှံ့အပြားနှင့် စိုက်ပျိုးဂေဟဇုန်အမျိုးမျိုးမှ စစ်တမ်းဖြေကြားသူများ၏ ပြောကြားချက်အရ ဈေးနှုန်းကျဆင်းခြင်းနှင့် ရောင်းအားလျော့နည်းခြင်း အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ အချက်များဖြစ်သည့် မိုးရေချိန်ကျဆင်းခြင်း (သို့မဟုတ်) ပိုးမွှားများ တိုးပွားလာခြင်းစသည့် အကြောင်းရင်းများကြောင့် ငွေကြေးပိုင်ဆိုင်မှု နည်းပါးသော တောင်သူများသည် ယခင်နှစ်များက အသုံးပြုခဲ့သော ကျပန်းလုပ်သားအရေအတွက်အတိုင်း အသုံးပြုရန် ကုန်ကျစရိတ် တတ်နိုင်ခြင်းမရှိပါ။ ဥပမာအနေဖြင့် ကချင်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များအပေါ် ပူပန်မှုကြောင့် တောင်သူများသည် နေ့စားလုပ်သားအရေအတွက်ကို ပုံမှန်အတိုင်း ငှားရမ်းအသုံးမပြုဘဲ စက်များကို အစားထိုး အသုံးပြုခဲ့သည်။ ယခင်က ၎င်းကျေးရွာရှိ တောင်သူများသည် လုပ်သား ၁၀ ယောက်ခန့် အသုံးပြုခဲ့ပြီး ယခုအခါ စက်မှုလယ်ယာနည်းစနစ်နှင့် လုပ်သား ၂-၃ ယောက်ခန့်သာ အသုံးပြုသဖြင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများစွာ ကျဆင်းခဲ့ကြောင်း သိရှိရသည်။ ဒေသခံလုပ်သားအသုံးပြုသည့် နေရာများတွင် ဆန်းစစ်လေ့လာခဲ့သည့် ကျေးရွာအများအပြား၏ ဖော်ပြချက်အရ တောင်သူများသည် ယခင်ကဲ့သို့ သီးနှံရိတ်သိမ်းကာလမတိုင်မီ လုပ်သားများအား ကြိုတင်အခကြေးငွေပေးနိုင်ခြင်း မရှိသောကြောင့် လယ်ယာလုပ်သားများအတွက် အဓိကကျသည့် လူမှုဖူလုံမှု အခြေအနေနှင့် ကြွေးမြီအရင်းအမြစ်များ ဆုံးရှုံးခဲ့ရပါသည်။

**ကိုဗစ်–၁၉ ကပ်ရောဂါသည် လုပ်သားဖြည့်ဆည်းမှု၊ သွင်းအားစုများ၊ ငွေသားချေးငွေနှင့် ဈေးကွက်သို့ ကုန်ပစ္စည်းတင်ပို့မှုကဏ္ဍများအပေါ် သက်ရောက်မှုရှိခဲ့ပါသည်။** အချင်းချင်း ခပ်ခွာခွာနေထိုင်ရေးနှင့် ခရီးသွားလာမှု ကန့်သတ်ချက်များကြောင့် လက်ရှိအလုပ်သမား ရှားပါးမှု၊ ဈေးကွက်ဖြည့်ဆည်းမှု (Supply chain)ဆိုင်ရာ ပြဿနာများနှင့် စပါးသီးနှံမှ ဖရဲသီးနှံအဆုံး အမျိုးမျိုးသော သီးနှံများအတွက် အဓိကအရေးပါသော အချိန်ကာလများဖြစ်သည့် သီးနှံစိုက်ပျိုးနှင့် ရိတ်သိမ်းကာလများအတွင်း တောင်သူများ၏ ငွေသားစီးဆင်းမှု အခြေအနေများကို ပိုမိုဆိုးရွားစေပါသည်။ အချို့သောဒေသများတွင် အကြီးစား မြေယာပိုင်ဆိုင်သူများသည် လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စက်မှုလယ်ယာ နည်းစနစ်များကို တိုးမြှင့်အသုံးပြုခဲ့ကြပါသည်။ အခြားဒေသများတွင်မူ ကျေးရွာအတွင်း လယ်ယာမြေ ပေါင်းသင်၊ ပေါင်းသတ်ခြင်း ကဲ့သို့သော လုပ်ငန်းများအတွက် အနီးဝန်းကျင် ကျေးရွာများမှ စိုက်ပျိုးရေးလုပ်သားများ လာရောက်နိုင်ခြင်း မရှိသည့်အချိန်များတွင် အဆိုပါ လုပ်သားလိုအပ်ချက်ကို နေရပ်သို့ ပြန်လာသည့် ရွှေ့ပြောင်းလုပ်သားများမှ ဖြည့်ဆည်းကြပါသည်။ သီးနှံများ မရောင်းရခြင်းနှင့်အတူ သွင်းအားစုများ ဝယ်ယူရန် (သို့မဟုတ်) လုပ်သားများအား လုပ်ခကြေးငွေပေးရန် အခက်အခဲများရှိသည့်အတွက် တောင်သူများအနေဖြင့် ၎င်းတို့သီးနှံများအား ဈေးလျှော့၍ ရောင်းမည် (သို့မဟုတ်) စိုက်ပျိုးပမာဏ လျှော့ချမည် စသည်ဖြင့် ခက်ခဲသည့် ဆုံးဖြတ်ချက်များ ချမှတ်၍ ဖြေရှင်းကြရပါသည်။

**သီးနှံနှင့် မွေးမြူရေးတိရစ္ဆာန်အမျိုးအစား၊ လုပ်ပိုင်ခွင့်ရှိသည့် လယ်ယာမြေ အရွယ်အစား စသည့် အချက်များသည် တောင်သူများအနေဖြင့် ကိုဗစ်ကာလအတွင်း မည်သို့ရင်ဆိုင်ကြုံတွေ့နေရသည် ဆိုသည့်အခြေအနေအပေါ် သက်ရောက်မှု ရှိပါသည်။** ကျေးရွာ ၁၀ ရွာခန့်မှ ကျေးရွာအကြီးအကဲများ၏ ပြောကြားချက်အရ တောင်သူများတွင် သိသာကြီးမားသည့် ဝင်ငွေပမာဏ ဆုံးရှုံးမှုရှိကြောင်း သိရပါသည်။ ဥပမာအားဖြင့် မန္တလေး၊ စစ်ကိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးများမှ စစ်တမ်းဖြေကြားသူများ၏ ပြောကြားသည်မှာ ၎င်းတို့ကျေးရွာများတွင် ကွမ်းသီးကွမ်းရွက် စိုက်ပျိုးသည့် တောင်သူများသည် အများဆုံးထိခိုက်မှုရှိသည့် အလုပ်အကိုင်အမျိုးအစားအုပ်စုများ ဖြစ်ကြပါသည်။ ပုံမှန်အားဖြင့် ကွမ်းရွက်များကို ၁၅ ရက် တစ်ကြိမ် ခူးဆွတ်ရန် လိုအပ်သော်လည်း ကိုဗစ်–၁၉ ဆိုင်ရာ ခရီးသွားလာမှု ကန့်သတ်ချက်များကြောင့် တောင်သူများအနေဖြင့် သီးနှံရိတ်သိမ်း ခူးဆွတ်ရသည့် အကြိမ်များစွာ ဆုံးရှုံးခဲ့ရပါသည်။ အခြေအနေပိုမို ဆိုးရွားစေသည့်အချက်မှာ ကွမ်းသီးစိုက်သည့် တောင်သူများသည် မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ် (MADB) မှ ချေးငွေရယူခွင့်မရှိသည့်အချက် ဖြစ်ပါသည်။ ယင်းသို့ အတိုးနှုန်းနည်းပါးသည့် ချေးငွေမရရှိခြင်းကြောင့် ကွမ်းသီးစိုက်တောင်သူများအတွက် ပိုမို၍ အကြွေးနွံနစ်သည့် အခြေအနေ ဖြစ်စေပါသည်။

**စပါးဈေးနှုန်းများ ကျဆင်းသလို သီးနှံဝယ်ယူသူ အလွန်နည်းပါးပြီး ရောင်းချလိုသူအလွန်များပြားသည့် အခြေအနေရှိကြောင်း အချို့သောကျေးရွာများရှိ စစ်တမ်းဖြေကြားသူများထံမှ သိရှိရပါသည်။** အချို့သောအခြေအနေများတွင် ပြင်ပမှအကျိုးဆောင်များနှင့် သီးနှံဝယ်ယူသူများသည် တောင်သူများအား ၎င်းတို့ပေးချေထားသည့် ကြိုတင်ငွေများကို စွန့်လွှတ်ရန် ဆုံးဖြတ်ပြီး သီးနှံများကို ရွာသို့လာရောက် ယူဆောင်ခြင်းမပြုခဲ့သည့် အခြေအနေများရှိပါသည်။ တရုတ်ပြည်သို့ တင်ပို့ရောင်းချသော သီးနှံများဖြစ်သည့် ပြောင်း၊ ဖရဲ၊ ကွမ်းသီး၊ လက်ဖက်၊ ရာဘာ စသည့် သီးနှံများသည်လည်း နယ်စပ်ကုန်သွယ်မှုပိတ်ခြင်း၊ နှောင့်နှေးခြင်းများကြောင့် ဈေးနှုန်းကျဆင်းခဲ့ပြီး သီးနှံများ ပုပ်သိုးခြင်း (သို့မဟုတ်) ပြည်တွင်းဈေးကွက်တွင် ဈေးလျှော့ရောင်းချရခြင်းစသည့် အကျိုးရလဒ်များဖြစ်စေပါသည်။ အခြားဒေသများမှ တောင်သူများ၏ ပြောကြားချက်အရ ယခင်ရှိပြီးဖြစ်သည့် ဈေးကွက်ဖြည့်ဆည်းမှု ကွင်းဆက်ဆိုင်ရာ ပြဿနာများကြောင့် စိုက်ပျိုးရေး သွင်းအားစုများ၏ ဈေးနှုန်းများ တိုးမြှင့်လာခဲ့ပြီး ပို့ကုန်သီးနှံများ ဈေးကွက်သို့ တင်ပို့ရာတွင် အခက်အခဲများဖြစ်ပေါ်စေပါသည်။

**ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သော ကုန်းမြင့်ဒေသတောင်သူများ၏ ပြောကြားချက်အရ သွားလာမှုဆိုင်ရာ ကန့်သတ်ချက်များကြောင့် ၎င်းတို့၏ စိုက်ပျိုးကုန်စည်များ ရင့်မှည့်ကုန်သည့်**

**အခြေအနေ ရင်ဆိုင်ရပါသည်။** အဘယ့်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် အခြားကျေးရွာများ (သို့မဟုတ်) ဈေးများသို့ ၎င်းတို့ကုန်ပစ္စည်းများကို သွားရောက်ရောင်းချနိုင်ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ ထို့ပြင် ညမထွက်ရ အမိန့်ထုတ်ပြန်ချက်များကြောင့် တောင်သူများအတွက် ၎င်းတို့ကုန်ပစ္စည်းများအား မြို့ကြီးများ၊ ဈေးကြီးများသို့ သယ်ဆောင်ရာတွင် အခက်အခဲ သက်ရောက်မှုများဖြစ်စေပါသည်။ ယခင်က ၎င်းတို့ကုန်ပစ္စည်းများကို ဈေးကြီးများတွင် မနက် ၂ နာရီမှ ၅ နာရီခွဲအထိ ရောင်းချနိုင်ခဲ့သော်လည်း ညမထွက်ရအမိန့်ကြောင့် အစောဆုံး အနေဖြင့် မနက် ၄ နာရီခန့်မှသာ အိမ်မှထွက်နိုင်ပြီး ၎င်းတို့ ကုန်ပစ္စည်းများရောင်းချရန် လုံလောက်သောအချိန် မရကြပါ။ ဆန်းစစ်လေ့လာခဲ့သည့် ရှမ်းပြည်နယ်ရှိ ကျေးရွာများတွင် ကုန်ပစ္စည်းရောင်းချရန် ၅ ရက်ဈေးများကို မှီခိုရသည့် ကျေးရွာပြည်သူ ထက်ဝက်ခန့်အနေဖြင့် ဝင်ငွေပမာဏ ထက်ဝက်ခန့်ဆုံးရှုံးကြကြောင်း သိရပါသည်။

**အသေးစားတောင်သူများသည် ပုံမှန်ဝင်ငွေထွက်ငွေ မျှတစေရန် အများအားဖြင့် ထပ်ဆောင်း ဝင်ငွေအရင်းအမြစ်များအပေါ် မှီခိုရလေ့ရှိပြီး ကိုဗစ်–၁၉ အခြေအနေများကြောင့် ၎င်းအရင်း အမြစ်များအပေါ် ထိခိုက်မှုရှိနိုင်ပါသည်။** ကျေးရွာများတွင် ကြီးမားသည့် အခမ်းအနား (သို့မဟုတ်) ပွဲတော်များ မကျင်းပနိုင်ခြင်းကြောင့် မွေးမြူရေးတိရစ္ဆာန်ရောင်းချရမှု ကျဆင်းပြီး မွေးမြူရေးတောင်သူများ ဝင်ငွေဆုံးရှုံးကြရပါသည်။ ဥပမာ– ကချင်ပြည်နယ် ကျေးရွာတစ်ရွာရှိ ဝက်မွေးသည့်မိသားစုများသည် ၎င်းတို့၏ မွေးမြူရေးတိရစ္ဆာန်များအား ကောင်းမွန်သင့်တော် သည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်ခြင်း မရှိသောကြောင့် အကြွေးနွံနစ်ကြရသည်။ အချို့သော တောင်သူများသည် အခြားကျေးရွာများရှိ စိုက်ခင်းကြီးများ (သို့မဟုတ်) လယ်ယာမြေများတွင် လုပ်ခစားလုပ်သားအဖြစ် လုပ်ကိုင်လေ့ရှိကြသော်လည်း သွားလာမှုကန့်သတ်ချက်များကြောင့် ၎င်းတို့လုပ်ငန်းခွင်နေရာများသို့ သွားလာနိုင်ခြင်းမရှိပါ။ ထို့ပြင် ကရင်ပြည်နယ် ကျေးရွာ တစ်ရွာတွင် ကိုဗစ်–၁၉ မတိုင်မီ သီးနှံထွက်နှုန်းနည်းပါးမှု ခံစားခဲ့ရသည့် လယ်ယာလုပ်ငန်း မိသားစုအများအပြားသည် ၎င်းတို့စားဝတ်နေရေးအတွက် လုပ်ခစားလုပ်သားအဖြစ် လုပ်ကိုင်ခဲ့ ကြရပါသည်။

---

## ၃.၄။ ငါးလုပ်ငန်း

**ငါးလုပ်ငန်းနှင့် ပင်လယ်စာလုပ်ငန်းများအပေါ် မှီခိုအားထားရသည့် လုပ်ငန်းများသည် ငါးလုပ်ငန်းရာသီ၏ အလုပ်အများဆုံးကာလနှင့် အချိန်ကိုက် ကိုဗစ်–၁၉ တုံ့ပြန်ရေး အစီအမံ ထုတ်ပြန်ချက်များကြောင့် ကြီးမားသည့် သက်ရောက်မှု ခံစားကြရပါသည်။** ရောဂတီမြစ်ဝကျွန်းပေါ်နှင့် မြန်မာပြည်အထက်ပိုင်းဒေသများရှိ အချို့သော ကျေးရွာများတွင် ကျေးရွာပြည်သူများသည် ငါးဖမ်းလုပ်သားများ ငါးဖမ်းထွက်၍ ကျေးရွာသို့ပြန်လာပါက ၎င်းတို့နှင့် အတူ ရောဂါပိုးများပါလာမည်ကို စိုးရိမ်ထိတ်လန့်ကြပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ရွာမှ ငါးဖမ်းထွက်သည့် ပြည်သူများအနေဖြင့် ရွာသို့နေ့တွင်းချင်းပြန်လာမှသာလျှင် ခွင့်ပြုသည့် အခြေအနေရှိပါသည်။ ပုံမှန်အားဖြင့် ၎င်းတို့သည် ပင်လယ်တွင် ၂ ရက်၊ ၃ ရက်ခန့်ကြာမြင့် တတ်ပါသည်။

**ငါး၊ ပုစွန်၊ ငါးရှဉ့်၊ ရေချိုပုစွန်နှင့် ကဏန်းဈေးနှုန်းများ အကြီးအကျယ်ကျဆင်းခဲ့သောကြောင့် ကျေးရွာမှ ထွက်ခွာမှုနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များသည် ကြီးမားသည့် သက်ရောက်မှု မခံစားရနိုင်ကြောင်း သိရပါသည်။** ပုစွန်ဈေးနှုန်း များသည် ယခင်တစ်ပိဿာ[၆] ၈၀၀၀ ကျပ် ဈေးနှုန်းမှ ၃၅၀၀ ကျပ်သို့ ကျဆင်းခဲ့ပြီး ငါးလင်ပန်း တစ်ပိဿာ ၂၇၀၀၀ ကျပ်ဈေးမှ ၉၀၀၀ကျပ် အထိ ကျဆင်းခဲ့သလို ကဏန်းဈေးနှုန်းမှာလည်း ၁၈၀၀၀ ကျပ်မှ ၈၀၀၀ ကျပ်သို့ ကျဆင်းခဲ့ ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသရှိ ငါးလုပ်ငန်းလုပ်ကိုင်သော ကျေးရွာများမှ စစ်တမ်းဖြေကြား သူများ၏ ပြောကြားချက်အရ ငါးနှင့် ပင်လယ်စာ ဈေးနှုန်းများကျဆင်းရခြင်းမှာ သွားလာမှု ဆိုင်ရာ ကန့်သတ်ချက်များနှင့် ညမထွက်ရ အမိန့်ထုတ်ပြန်ချက်များကြောင့် ရန်ကုန်ဈေးကွက် သို့ တင်ပို့ရာတွင် အခက်အခဲများ ကြုံတွေ့ရခြင်းကြောင့်ဖြစ်ကြောင်း သိရပါသည်။ ထို့ပြင်

၆ ၁.၆ ကီလိုဂရမ်အတွက် မြန်မာ့ရိုးရာအလေးချိန်တိုင်းတာသည့်ယူနစ်

ရန်ကုန်မြို့အတွင်း သွားလာမှုနှင့် စားသောက်ဆိုင်များအပေါ် ကန့်သတ်ချက်များကြောင့်လည်း ဝယ်လိုအား ကျဆင်းခဲ့ပါသည်။ ကျေးရွာပြည်သူများသည် ၎င်းတို့ ဖမ်းဆီးရမိသည့် ငါးများကို တစ်နှစ်ပတ်လုံး တရုတ်နိုင်ငံသို့ ရောင်းချရမှုအပေါ် မှီခိုခဲ့ကြရပြီး တရုတ်နိုင်ငံမှ ငါးတင်သွင်းမှု ပိတ်ဆို့သည့် အချိန်တွင် ရောင်းဈေး ၂၀–၃၀%ခန့် ကျဆင်းခဲ့ကြောင်း မွန်ပြည်နယ်ရှိ စစ်တမ်းဖြေကြားသူများမှ ဖော်ပြခဲ့ကြပါသည်။

**ရောဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ကျပန်းလုပ်သားများအတွက် တစ်ပိုင်တစ်နိုင် ငါးဖမ်းလုပ်ငန်းသည် အကျပ်အတည်းပေါ် ယေဘုယျဖြေရှင်းသည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။** ၎င်းနည်းလမ်းသည် နွမ်းပါးသည့် အိမ်ထောင်စုအများအပြားအတွက် ၂၀၀၈ ခုနှစ်[၇] နာဂစ်ဆိုင်ကလုန်း၏ ပြင်းထန်သည့် သက်ရောက်မှုများကို ကျော်လွှားနိုင်ရန် အထောက်အကူ ဖြစ်စေခဲ့ပါသည်။ ယခုအခါတွင်လည်း ရှည်လျားသည့်နေ့ပိုင်းအလုပ်များအပြင် ကျေးရွာပြည်သူများသည် ညပိုင်းများတွင် ဘက်ထရီအိုးအသုံးပြု၍ ငါးဖမ်းသည့် နည်းလမ်း[၈]ကို အသုံးပြုကြပြီး ၎င်းတို့၏ စားဝတ်နေရေးနှင့် အကြွေးပြန်ဆပ်နိုင်ရန် ရုန်းကန်ကြပါသည်။ ယင်းနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စားဝတ်နေရေးမလုံလောက်မှုကြောင့် ပူပန်နေခဲ့ရသော ကျေးရွာပြည်သူများ၏ ပြောပြချက်အရ သိရပါသည်။

---

## ၃.၅။ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်ခြင်းနှင့် ငွေလွှဲပေးပို့ခြင်းများ

**သင်္ကြန်ကာလ[၉]တွင် ရွှေ့ပြောင်းလုပ်သားအများအပြားသည် မိသားစုနှင့်အတူ အားလပ်ရက်ကို ဆင်နွှဲရန် ၎င်းတို့ကျေးရွာများသို့ ပြန်လာခဲ့ကြပါသည်။** အချို့မှာလည်း သက်ဆိုင်ရာနိုင်ငံတွင်း အတည်ပြုလူနာတွေ့ရှိကြောင်း ကြားသိရသဖြင့် ထိတ်လန့်ပူပန်ခြင်းကြောင့် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြပါသည်။ အခြားရွှေ့ပြောင်းလုပ်သားများသည်လည်း ယာယီ (သို့မဟုတ်) အမြဲတမ်းအတိုင်းအတာအားဖြင့် အလုပ်အကိုင် ဆုံးရှုံးပြီးနောက်ပိုင်း ၎င်းတို့ကျေးရွာသို့ ပြန်လာခဲ့ကြပါသည်။ စစ်တမ်းလေ့လာခဲ့သည့် ကျေးရွာများအနက် ထက်ဝက်ခန့်ရှိသော ကျေးရွာများ၏ အကြီးအကဲများမှ ပြောကြားချက်အရ ကျေးရွာများသို့ ပြန်ရောက်လာသူများအနက် ရွှေ့ပြောင်းလုပ်သားအများစုမှာ ၂၀၂၀ ဇူလိုင်လ မတိုင်မီ ၎င်းတို့၏ လုပ်ငန်းခွင်နေရာသို့ ပြန်သွားနှင့်ပြီး ဖြစ်ကြောင်း သိရပါသည်။ (ဇယား–၄) ရန်ကုန် (သို့မဟုတ်) အခြားဒေသများသို့ ပြန်သွားသည့် ရွှေ့ပြောင်းလုပ်သားများသည် ယင်းသို့ သွားလာနိုင်သည့်အချိန်တွင် ကျေးရွာမှ ထွက်ခွာခဲ့ကြပြီးဖြစ်သော်လည်း ထိုင်းနိုင်ငံ (သို့မဟုတ်) အခြားနိုင်ငံများသို့ ပြန်လည်သွားရောက်ရမည့်သူများ အနေဖြင့်မူ နယ်စပ်အသွားအလာများ ပိတ်ထားခြင်းကြောင့် အလွယ်တကူပြန်သွားနိုင်ခြင်း မရှိဘဲ ကျေးရွာတွင် ကျန်ရှိနေကြပါသည်။


၇ ဥပမာ– Kostner, Markus, Min Min Han နှင့် Samuel Pursch ၂၀၁၈။ တရစ်ဝဲလည် ပြန်လည်ထူထောင်ရေးဘဝများ – နာဂစ်အလွန် ၁၀ နှစ်တာကာလ လူမှုသက်ရောက်မှုများ လေ့လာဆန်းစစ်မှု (ဝါရှင်တန်ဒီစီ ကမ္ဘာ့ဘဏ်) https://openknowledge.worldbank.org/bitstream/handle/10986/29782/125702-WP-24-4-2018-14-20-58-SIMPrintversion.pdf?sequence=1&isAllowed=y.

၈ ဘက်ထရီနှင့် ရှော့တိုက်ငါးဖမ်းခြင်းဆိုသည်မှာ ဝါယာကြိုးစတစ်ဖက်ကို ရေထဲသို့ချ၍ အခြားတစ်ဖက်ကိုလှေပေါ်ရှိ ဘက်ထရီအိုးနှင့်ချိတ်ဆက်ပြီး ရေထဲသို့ လျှပ်စစ်ရှော့ရိုက်၍ ငါးဖမ်းခြင်းကို ဆိုလိုပါသည်။ ထို့နောက် ငါးများမူးမေ့၍ ရေမျက်နှာပြင်ပေါ်တွင် ပေါ်လော ပေါ်လာသည့်အခါ ဆယ်ယူ/ဖမ်းယူခြင်းဖြစ်သည်။ ခင်စုဝေ၊ ၂၀၁၅၊ “Battery Fishing Begins at Home, Study Finds” မြန်မာတိုင်းမ်၊ ဇန်နဝါရီ ၁၅၊ ၂၀၁၅၊ https://www.mmtimes.com/national-news/12771-battery-fishing-begins-at-home-study-finds.html.

၉ သင်္ကြန်ပွဲတော်သည် မြန်မာနှစ်သစ်ကူးပွဲတော်ဖြစ်၍ ဧပြီလလယ်ခန့်တွင် ကျင်းပလေ့ရှိပါသည်။ ၎င်းသည် ဗုဒ္ဓဘာသာဝင်များ ကျင်းပသည့် ပွဲတော်ဖြစ်၍ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ရောက်ရှိသည့် အထိမ်းအမှတ်အနေဖြင့် ၄ ရက် (သို့မဟုတ်) ၅ ရက်ခန့် ကျင်းပသည့်ပွဲတော်ဖြစ်သည်။

ဇယား - ၄

**နေရပ်ပြန် ရွှေ့ပြောင်း လုပ်သားများ ကျန်ရှိနေသည့် ကျေးရွာများ၏ အရေအတွက်**





**ကျေးရွာအနေဖြင့် ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်မှုအပေါ် ပိုမိုအားထားလေလေ နေရပ်တွင် ကျန်ရှိနေသည့် ရွှေ့ပြောင်းလုပ်သားအရေအတွက် နည်းလေလေဖြစ်သည်။** ရွှေ့ပြောင်းလုပ်သား အဖြစ် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်မှုရှိသော ကျေးရွာအများစုတွင် အကယ်၍ ၎င်းလုပ်သားများ နေရပ်တွင် ကျန်ရှိခဲ့လျှင်တောင် အနည်းငယ်ခန့်သာ ရှိတတ်ပါသည်။ အလုပ်အကိုင်များ ယာယီပိတ်ခြင်း (သို့မဟုတ်) ဆိုင်းငံ့ခြင်း ကြုံတွေ့ရသည့် ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ၎င်းတို့အလုပ်အကိုင် ပြန်လည်ဖွင့်လှစ်သည်နှင့်တစ်ပြိုင်နက် လုပ်ငန်းနေရာများသို့ ပြန်သွားရန် ဖြစ်နိုင်ခြေ ပိုမိုများပြားသော်လည်း အလုပ်အကိုင်အားဖြင့် ရာသီအလိုက်ဖြစ်သော (သို့မဟုတ်) အလုပ်အကိုင် ဆုံးရှုံးခဲ့သော ရွှေ့ပြောင်းလုပ်သားများအနေဖြင့်မူ ၎င်းတို့ကျေးရွာတွင်သာ ဆက်လက်ကျန်ရှိနေပြီး ပေါင်နှံရောင်းချရန် တန်ဖိုးကြီးပစ္စည်းများမရှိဘဲ အများအားဖြင့် ရုန်းကန်ကြရပါသည်။ ၎င်းတို့၏ ကြွေးမြီများ ပြန်ဆပ်နိုင်ရန်နှင့် မိသားစုဆွေမျိုးများအား ပံ့ပိုးရန် ၎င်းတို့အနေဖြင့် ကျပန်းလုပ်သားအဖြစ် လုပ်ကိုင်ကြရပါသည်။

**တပို့တွဲလ[၁၀] (ဇန်နဝါရီလ)နှင့် နှိုင်းယှဉ်ပါက အထောက်အထားများအရ ၅၄ ရွာအနက် ၄၇ ရွာတွင် ငွေလွှဲပေးပို့မှုများ ကျဆင်းခဲ့ကြောင်းနှင့် ကျေးရွာ ၅ ရွာတွင်သာ ပုံမှန်အတိုင်းရှိပြီး ၎င်းတို့အနက် ၄ ရွာမှာ အကန့်အသတ်ဖြင့်သာ ရွှေ့ပြောင်းလုပ်သားအဖြစ် လုပ်ကိုင်မှုရှိသည့် ကျေးရွာများ ဖြစ်ကြောင်း ကျေးရွာအကြီးအကဲများထံမှ သိရှိရသည်။ (ဇယား-၅)**

ဇယား - ၅

**ငွေလွှဲပေးပို့မှု အခြေအနေနှင့် ကျေးရွာများ၏ အရေအတွက်**




၁၀ တပို့တွဲလသည် မြန်မာပြက္ခဒိန်တွင် ၁၁ လမြောက် လဖြစ်၍ (၂၀၂၀) ဇန်နဝါရီလနှင့် တူညီပါသည်။

**ရပ်ဝေးမှ ငွေလွှဲပေးပို့မှုများ မရရှိခြင်းသည် မိသားစုများအပေါ် နည်းလမ်းအမျိုးမျိုးဖြင့် သက်ရောက်မှု ရှိပါသည်။** နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်နေသည့် မိသားစုဝင်များထံမှ ငွေလွှဲပေးပို့မှုအပေါ် မှီခိုနေရသည့် မိသားစုအများအပြားသည် နိုင်ငံရပ်ခြားတွင် အလုပ်အကိုင် မရှိဘဲ ဒုက္ခရောက်နေသည့် ၎င်းတို့၏ မိသားစုဝင်များထံသို့ ငွေပြန်ပေးပို့ကြရပါသည်။ ဥပမာ - တနင်္သာရီတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာမှ မိသားစုသည် ၎င်းတို့၏ ကျွဲ/နွားကို ရောင်းချ၍ မလေးရှားတွင် အလုပ်အကိုင်မရှိဘဲ ဒုက္ခရောက်နေသည့် ရွှေ့ပြောင်းလုပ်သားဖြစ်သော သားဖြစ်သူထံသို့ ငွေပြန်ပေးပို့ခဲ့ရပါသည်။ အလားတူပင် မကွေးတိုင်းဒေသကြီးရှိ စစ်တမ်းဖြေကြားသူတစ်ဦး၏ အဆိုအရ နိုင်ငံတကာခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များကြောင့် မိသားစုဝင်အား ရွှေ့ပြောင်းလုပ်သားအဖြစ် ပို့ရသည့် မိသားစုများအတွက် အကြွေးယူရသည့် ပမာဏ ပိုမိုများပြားကြစေပြီး ၎င်းတို့အနေဖြင့်လည်း မလေးရှား(သို့မဟုတ်) အခြားနိုင်ငံများရှိ မိသားစုဝင်များထံသို့ ငွေပြန်ပေးပို့နိုင်ရန် ကျပ်သိန်း ၂၀ ချေးယူရပါသည်။ ကြွေးမြီကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်ရခြင်းနှင့် အကြွေးပြန်ဆပ်ရန် နိုင်ငံတကာ ငွေလွှဲပေးပို့မှုများ အဆင်မပြေ ဖြစ်ရခြင်းကြောင့် ဖိအားများဖြစ်ပေါ်စေပြီး မိသားစုများအနေဖြင့် အကြွေးပြန်ဆပ်ရန် အမျိုးမျိုးသော အလုပ်များကို လုပ်ကိုင်ကြရပါသည်။ အလားတူဖြစ်ရပ်များအား ကျေးရွာအများအပြားထံမှ ကြားသိရပါသည်။

ဖြစ်ရပ်လေ့လာမှု (၄)

**ရပ်ဝေးငွေလွှဲပေးပို့မှုများ မရရှိခြင်းကြောင့် ကြွေးမြီဝန်ထုပ်ဝန်ပိုး ပိုမိုတိုးပွားလာခြင်း။**

ဒေါ်ဝင်းသည် အသက် ၄၅ နှစ်ရှိပြီး ကလေး ၃ ဦးရှိသော မိခင်ဖြစ်၍ ပဲခူးတိုင်းဒေသကြီးတွင် နေထိုင်ပါသည်။ ၎င်းတို့မိသားစုတွင် ကိုယ်ပိုင်လယ်ယာမြေ မရှိသောကြောင့် သူမနှင့် သူမ၏ခင်ပွန်းဖြစ်သူတို့သည် ကျပန်းလုပ်သားများအဖြစ် လုပ်ကိုင်ကြရပါသည်။ ကိုဗစ်-၁၉ ဖြစ်ပွားမှုမတိုင်မီကာလတွင် သူမ၏ အကြီးဆုံးသားသည် ရပ်ဝေးမှ ငွေလွှဲပေးပို့၍ မိသားစုအား ထောက်ပံ့နိုင်ရန် မလေးရှားနိုင်ငံသို့ ရွှေ့ပြောင်းခဲ့ပါသည်။ ယင်းသို့ သွားရောက်နိုင်ရန် ဒေါ်ဝင်းနှင့် သူမ၏ခင်ပွန်းဖြစ်သူတို့သည် ပိုင်ဆိုင်မှုပစ္စည်းများကို ရောင်းချခဲ့ပြီး ရနိုင်သည့် အရင်းအမြစ်မှ ချေးငွေများရယူခဲ့ရပါသည်။ ၎င်း၏သားဖြစ်သူ မလေးရှားနိုင်ငံတွင် စတင်အလုပ်လုပ်ပြီး မကြာမီ မလေးရှားတွင် ကိုဗစ်-၁၉ အစီအစဉ်များ ထုတ်ပြန်ခဲ့ခြင်းကြောင့် ၎င်း၏ သားဖြစ်သူအနေဖြင့် ၎င်း၏အလုပ်ကို ဆက်လက်လုပ်ကိုင်နိုင်ခြင်း မရှိပါ။

*"ကျွန်မသားနဲ့ ဗီဒီယိုကောလ် ပြောတဲ့အချိန်မှာ သူပြောတာက သူတို့သူဌေးက သူတို့ကို အလုပ် လုပ်ခွင့်မပြုတော့ဘဲ သူနဲ့ တခြားလူတွေကို အခန်းတစ်ခုမှာထားပြီး စားစရာတော့ ကျွေးတယ်လို့ သိရတယ်။ နောက်ပြီး အခြေအနေတွေ ပြန်တည်ငြိမ်သွားမှ အလုပ်ပြန် လုပ်ခွင့်ပြုမယ်လို့ ပြောပါတယ်။ သူ မလေးရှားသွားတုန်းက ယူခဲ့ရတဲ့ အဲ့ဒီအကြွေးတွေကို နည်းအမျိုးမျိုးနဲ့ ပြန်ဆပ်နေရပါတယ်။ ပေးမှရမယ်ဆိုတော့လည်း ဘယ်တတ်နိုင်မလဲ။ ဒီလိုပဲ ဟိုကဆွဲ ဒီကိုဆပ်၊ ဒီကဟာ ဟိုကိုဆပ်၊ တချို့ကိုလဲ ဆိုင်းပေးဖို့၊ တချို့တွေကိုကြတော့လဲ ရှိတာလေးပဲ အရင်ယူထားဖို့ တောင်းပန်ပြောရတာပေါ့။"*

အကယ်၍ သူမသားအနေဖြင့် အလုပ်ပြန်လည်စတင်နိုင်ပါက သူမအခြေအနေ ပြန်လည် အဆင်ပြေနိုင်မည်ဟု သူမက ရှင်းပြခဲ့ပါသည်။ *"အကယ်၍ ကျွန်မသားအကြီး အလုပ်ပြန်စ နိုင်ပြီဆိုရင်တော့ ကျွန်မတို့ အသက်ရှူချောင်မှာပေါ့"*

## ၃.၆။ အစားအစာ ဖူလုံမှု

**ဆန်း**

**စစ်လေ့လာခဲ့သည့် ကျေးရွာများအတွက် အစားအစာမလုံလောက်မှုဆိုသည်မှာ အဓိကအားဖြင့် ဆန်မရရှိနိုင်ခြင်းကို ဆိုလိုပါသည်။** ရန်ကုန်တိုင်းဒေသကြီးရှိ ကျေးရွာအကြီးအကဲတစ်ဦး၏ ပြောကြားချက်မှာ *"ကျေးလက်မှာနေတဲ့သူတွေကတော့ ပြဿနာမရှိဘူး၊ မြို့ပေါ်နဲ့မတူတာက ဆန်ရှိတယ်၊ ပဲရှိတယ်၊ ငါးပိလေး ရှိမယ်ဆိုရင် အသားငါး မစားရရင်နေမယ်။ အစားအသောက်အတွက် ပူစရာမလိုဘူး။"* ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးလက်နေထိုင်သူတစ်ဦးမှလည်း အလားတူ မှတ်ချက်ပြု ပြောကြားခဲ့ပါသည်။ *"မြို့ပြမှာဆို ပိုက်ဆံမရှိဘဲ နေလို့မရပေမယ့် တောမှာကတော့ ပိုက်ဆံမရှိလဲ နေထိုင်စားသောက်လို့ရတယ်။ အဲ့တော့ ပိုက်ဆံအတွက် မစိုးရိမ်ရဘူးလို့ မြင်တယ်။ ပိုက်ဆံမရှိလည်း စားသောက်လို့ရတဲ့ အနေအထားရှိတယ်။ ရွာထဲမှာ အသီးအရွက်ပေါတယ်။ ရှာစားလို့ရတယ်။ အသားငါးလဲ ချောင်းထဲမှာ ရှာစားလို့ရတယ်။ အဓိက ဆန်ရှိနေရင်ရပြီ။ မြို့မှာဆိုရင် အဲ့လိုရှာစားလို့မရဘူးလေ။"*

**မည်သို့ပင်ဖြစ်စေ အင်တာဗျူးမေးမြန်းသည့် အချိန်ကာလတွင် အစားအစာဖူလုံမှုနှင့် စပ်လျဉ်း၍ ပူပန်မှု နည်းပါးကြပါသည်။** ရွာပေါင်း ၃၂ ရွာမှ စစ်တမ်းဖြေကြားသူများ၏ ပြောကြားချက်အရ ကျေးရွာပြည်သူများအနေဖြင့် အဓိကကျသည့် စားသောက်ကုန် ပြတ်တောက်မည်ကို စိုးရိမ်ပူပန်မှု မရှိကြသော်လည်း ရွာပေါင်း ၂၄ ရွာ၏ ပြောကြားချက်အရ ယင်းနှင့်စပ်လျဉ်း၍ အချို့သော ပူပန်မှုများရှိကြောင်း သိရပါသည်။ သို့သော် ရွာပေါင်း ၃၆ ရွာမှ ဖြေကြားသူများကမူ ကျေးရွာပြည်သူများအနေဖြင့် အစားအစာဝယ်ယူရန် ငွေကြေးလုံလောက်မှုရှိနိုင်မည်မဟုတ်ဟု ပူပန်ကြပါသည်။ ဤစစ်တမ်းဖြေကြားသူများအနေဖြင့် ဝေးလံခေါင်ဖျားသည့် ကျေးရွာများ၌ အစားအစာပြတ်တောက်မှုဖြစ်ပေါ်မည်ကို ပိုမိုစိုးရိမ်ကြပြီး ပင့်ပက္ခနှင့် သဘာဝဘေး သက်ရောက်ခံကျေးရွာများ၌ အစားအစာဝယ်ယူရန် ငွေကြေးမရှိမည်ကို ပိုမိုစိုးရိမ်ပူပန်ကြပါသည်။

**အစားအစာမလုံလောက်မှုနှင့် စပ်လျဉ်းသည့် ပူပန်မှုများသည် ယေဘုယျအားဖြင့် စားသောက်ကုန်ပြတ်တောက်မည်ကို စိုးရိမ်ခြင်းမျိုးမဟုတ်ဘဲ ကျေးရွာရှိ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမျိုးအစားနှင့် စိုက်ပျိုးရေးထုတ်ကုန် အမျိုးအစားပေါ်မူတည်၍ အမျိုးမျိုးကွဲပြားမှုရှိသည်ဟု ယူဆနိုင်သည်။** ဥပမာ-ရာဘာ (သို့မဟုတ်) လက်ဖက် ကဲ့သို့သော စီးပွားဖြစ်သီးနှံစိုက်ပျိုးသည့် ကျေးရွာများတွင် စပါးစိုက်ပျိုးသည့် ဒေသခံမိသားစု အလွန်နည်းပါးပါသည်။ အဆိုပါကျေးရွာများသည် ဆန်စပါး ဝယ်ယူရန် ၎င်းတို့၏ စီးပွားဖြစ်သီးနှံများ ရောင်းချရမှုအပေါ် မှီခိုအားထားရပါသည်။ ရွှေ့ပြောင်းတောင်ယာ (သို့မဟုတ်) အသုံးပြု သစ်တောထွက်ကုန်ပစ္စည်း ထုတ်လုပ်သည့် ကျေးရွာများတွင် ကျေးရွာ လိုအပ်ချက်အတွက် လုံလောက်သည့် ဆန်စပါး ပမာဏဖြည့်ဆည်းရရှိရန်မှာ အဓိကပူပန်ရသည့် ကိစ္စရပ်ဖြစ်ပါသည်။ ကိုဗစ်မတိုင်မီ အချိန်များက ကျေးရွာပြည်သူများသည် ဆန်စပါးဝယ်ယူရန် ဒေသတွင်းစိုက်ပျိုးသည့် တောင်ယာဆန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များ ရောင်းချရမှုအပေါ် မှီခိုအားပြုခဲ့ရပါသည်။

**အခြေခံစားကုန်နှင့် ကုန်ခြောက်ပစ္စည်းများ စုဆောင်းဝယ်ယူမှု အပါအဝင် အထိတ်တလန့်ဝယ်ယူစုဆောင်းသည့် အပြုအမူများသည် အစားအစာမလုံလောက်မှာကို စိုးရိမ်ပူပန်မှုရှိကြကြောင်း ယူဆနိုင်ပါသည်။** ယင်းနှင့်စပ်လျဉ်း၍ အစားအစာဖူလုံမှုအပေါ် ရေရှည်စိုးရိမ်ပူပန်ခြင်းမျိုးထက် ဝင်ထွက်သွားလာမှု ကန့်သတ်ခြင်း (Lock down)၊ စတိုးဆိုင်များပိတ်ခြင်း၊ ဈေးနှုန်းမြင့်တက်ခြင်း၊ ဈေးများသို့ သွားလာနိုင်မှုမရှိခြင်း၊ စသည့်အခြေအနေများအပေါ် ပိုမိုစိုးရိမ်ပူပန်ခြင်းဖြစ်ကြောင်း ကောက်ချက်ပြုနိုင်ပါသည်။ ဆန်စပါး သိုလှောင်မထားသည့် ပြည်သူများအတွက် စားသောက်ကုန်များဝယ်ယူရန် ငွေသားလိုအပ်သောကြောင့် အစားအစာအပေါ် စိုးရိမ်ပူပန်မှုသည် အများအားဖြင့် အစားအစာ ကုန်ကျစရိတ်များအပေါ် စိုးရိမ်ပူပန်ခြင်းသာဖြစ်ပါသည်။ အစားအစာနှင့် စပ်လျဉ်း၍ စစ်တမ်းဖြေကြားသူများသည် လတ်တလောအတွက် ပူပန်ခြင်းမျိုးမဟုတ်ဘဲ ကာလလတ်အတွက် ပူပန်ခြင်းမျိုးဖြစ်ပါသည်။

# ၄

# အခက်အခဲဖြေရှင်းမှု နည်းလမ်းများ

စာမျက်နှာ ၂၆-၃၆



**မြန်မာနိုင်ငံရှိ ကျေးရွာပြည်သူများသည် ပြင်ပရိုက်ခတ်မှုများအပေါ် ဖြေရှင်းဆောင်ရွက်သည့် နည်းလမ်းအမျိုးမျိုးရှိကြပြီး အဓိကအားဖြင့် နည်းလမ်းအစီအစဉ် ၃ ခုကို တွေ့ရှိရပါသည်။** ၎င်းတို့မှာ (၁) ငွေချေးယူခြင်း၊ (၂) အခြားနည်းလမ်း ဝင်ငွေအရင်းအမြစ်များ ရှာဖွေခြင်း (၃) အသုံးစရိတ်လျှော့ချခြင်း စသည်တို့ဖြစ်ပါသည်။ ၂၀၂၀ ဇူလိုင်လ မတိုင်ခင်အထိ ဆန်းစစ်လေ့လာမှုဆောင်ရွက်ခဲ့သော ကျေးရွာများတွင် အကျပ်အတည်းကာလ၏ စီးပွားရေးရာသက်ရောက်မှုများကို ကြုံတွေ့ခံစားခဲ့ရသော်လည်း စစ်တမ်းဖြေကြားသူအများစု၏ ပြောကြားချက်အရ ၎င်းတို့သည် အနည်းဆုံး ရေတိုကာလအားဖြင့် ၎င်းတို့၏ ပုံမှန်နေထိုင်မှုဘဝအပေါ် ကြီးမားပြင်းထန်သည့် သက်ရောက်မှုမရှိစေဘဲ အကျပ်အတည်းအခြေအနေကို ကိုင်တွယ်ဖြေရှင်းနိုင်ကြကြောင်း သိရှိရပါသည်။

## ၄.၁။ ငွေချေးယူခြင်း

**မြန်မာနိုင်ငံရှိ ကျေးရွာပြည်သူများအတွက် ငွေကြေးအကျပ်အတည်းကို ဖြေရှင်းရန် အသုံးပြုသည့် အစဉ်အဆက်နည်းလမ်းမှာ ငွေချေးယူခြင်းနှင့် ပိုင်ဆိုင်မှုပစ္စည်းများ ပေါင်နှံခြင်း တို့ဖြစ်ပါသည်။**[၁၁] အဆိုပါနည်းလမ်းများသည် လယ်ယာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိန်းသိမ်းလုပ်ဆောင်ရာတွင်လည်း အခြေခံကျသည့် နည်းလမ်းဖြစ်ပါသည်။ တောင်သူများသည် သီးနှံစိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းများ လုပ်ဆောင်ရန် ငွေချေးယူလေ့ရှိကြပြီး သီးနှံများရောင်းချပြီးပါက ယင်းအကြွေး ပြန်ဆပ်ကြပါသည်။ ကယားပြည်နယ်ရှိ စစ်တမ်းဖြေကြားသူတစ်ဦး၏ပြောကြားချက်မှာ “အကြွေးနဲ့ပဲ ပုံမှန်လည်ပတ်နေရတာပါပဲ”ဟူ၍ ဖြစ်ပါသည်။ သို့ရာတွင် စီးပွားရေးအခြေအနေများ ပိုမိုဆိုးရွားလာခြင်း (သို့မဟုတ်) ကြွေးယူ-ရိတ်သိမ်း-ပြန်ဆပ် လုပ်ဆောင်မှု ဟန်ချက်ပျက်သည့် အခြေအနေမျိုးတွင် လက်ရှိ ကြွေးမြီများကို ပြန်ဆပ်ရန် ပိုမိုချေးငှားရပြီး နေ့စဉ် ငွေလည်ပတ်မှု လျော့နည်းခြင်းကို ဖြည့်ဆည်းနိုင်ရန် ကြွေးသစ်ရယူခြင်းကြောင့် တစ်ခါတစ်ရံ ကျေးရွာပြည်သူများသည် တင်းကျပ်သည့် မြီရှင် စျေးကွက်မျိုးနှင့် ကြုံတွေ့ရပါက ပိုမိုဒုက္ခရောက်ကြရပါသည်။ ကပ်ရောဂါ စတင်သည့်အချိန်မှ စ၍ ယင်းကဲ့သို့သော အခြေအနေများကို ဆန်းစစ်လေ့လာခဲ့သည့် ကျေးရွာတွင် သိသာပေါ်လွင်စွာ တွေ့ရပါသည်။

## အကျပ်အတည်းကာလမတိုင်မီ ရယူခဲ့သည့်ချေးငွေများ ပြန်လည်ပေးဆပ်ရန် အခက်အခဲ

**ကျေးရွာကိုယ်စားလှယ်များ၏ ပြောကြားချက်အရ အသေးစားချေးငွေလုပ်ငန်းအုပ်စုများမှ ချေးငွေဖြင့် မလုံလောက်ခြင်း (သို့မဟုတ်) ယင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းသတ်မှတ်ချက်များ ခက်ခဲခြင်းတို့ကြောင့် ငွေကြေးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် ကျေးရွာပြည်သူများသည် နေရာအမျိုးမျိုးမှ ချေးငွေရယူကြလေ့ရှိသည်။** ထို့ပြင် အများအားဖြင့် အသေးစားလုပ်ငန်းအုပ်စုများမှ ချေးငွေများကို အစပိုင်းတွင် လုပ်ငန်းရင်းနှီးမြှုပ်နှံမှုအတွက်ဖြစ်သော်လည်း နောက်ပိုင်းတွင် ကျပန်းလုပ်သားများအတွက်အပါအဝင် နေအိမ်ပြုပြင်မွမ်းမံခြင်းကဲ့သို့သော အခြားသုံးစွဲမှုများ အတွက် အာမခံပစ္စည်းမပါဝင်ဘဲ ဖြည့်ဆည်းပေးကြပါသည်။ ယင်းသို့သော နည်းလမ်းများသည် ရောဂါဖြစ်ပွားမှုမတိုင်မီ ကျေးရွာအများအပြားရှိ မိသားစုများ၏ ငွေကြေးခိုင်မာမှုအပေါ် များစွာ ထိခိုက်မှု ရှိပါသည်။ ရခိုင်ပြည်နယ်ရှိ ကျေးရွာတစ်ရွာမှ ကျေးရွာအကြီးအကဲတစ်ဦး၏ ပြောကြားချက်မှာ – *“အသေးစားချေးငွေလုပ်ငန်းအဖွဲ့ တစ်ခုရဲ့ မန်နေဂျာတစ်ယောက်က ရွာထဲမှာ ချေးငွေတွေ လာရောက်ချေးပေးလိုကြောင်း လာပြောတယ်။ နီးစပ်ရာရွာတွေမှာ ချေးငွေတွေ ချေးပြီး ဒုက္ခရောက်နေကြတဲ့သတင်းတွေလည်း ကြားနေရတော့ လာမချေးဖို့ ပိတ်လိုက်တယ်။ နေ့စဉ်ဝင်ငွေ မရှိကြတော့ ဒုက္ခရောက်နိုင်တယ်။”*

**ဧရာဝတီတိုင်းဒေသကြီးမှ ကျေးရွာအကြီးအကဲတစ်ဦးမှလည်း အောက်ပါအတိုင်း အဓိကထား ပြောခဲ့ပါသည်။**

> “ငွေချေးရတာသာလွယ်တာ ပြန်ဆပ်ဖို့ကျတော့ သိပ်ခက်ပါတယ်။”

၁၁ ကမ္ဘာ့ဘဏ်နှင့် GIDRR ၂၀၁၄ ၏ “Another Nargis Strikes Everyday – နာဂစ်အလွန် ၅ နှစ်တာကာလ လူမှုသက်ရောက်မှုများ လေ့လာဆန်းစစ်မှု၊ ဝါရှင်တန်ဒီစီ၊ ကမ္ဘာ့ဘဏ်


စီးပွားရေး အကျပ်အတည်းမှု ပြန်ဆန်စွာဖြစ်ပေါ်လာသည့်နောက်ပိုင်း ၅၂ ရွာအနက် ၃၁ ရွာရှိ ကျေးရွာပြည်သူများသည် အကျပ်အတည်းကာလမတိုင်မီ ရယူခဲ့သည့်ချေးငွေများ ပြန်ဆပ်ရန် အခက်အခဲ ပိုမိုကြုံတွေ့နေရပြီး (အတိုးနှင့်အရင်း)၊ ကျေးရွာ ၁၇ ရွာတွင်မူ မူလအတိုင်း အခက်အခဲများသာ ရှိပါသည်။ (ဇယား–၆)

**ယင်းသို့ အခက်အခဲဖြစ်ရသည့် အကြောင်းရင်းများသည် ဆန်းစစ်လေ့လာခဲ့သည့် ကျေးရွာများ အားလုံးတွင် အများအားဖြင့် တူညီကြပါသည်။** ၎င်းတို့မှာ – ရုတ်တရက် အလုပ် (သို့မဟုတ်) ဝင်ငွေဆုံးရှုံးခြင်းနှင့် ရပ်ဝေးမှ ငွေလွှဲပေးပို့မှုများ ရုတ်တရက်ကျဆင်းခြင်း စသည်တို့ဖြစ်ပါသည်။ ထို့အပြင် ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးရွာတစ်ရွာ၏အခြေအနေကဲ့သို့သော နိုင်ငံရပ်ခြားရှိ ဆွေမျိုးများထံမှ ငွေလွှဲပေးပို့မှု ဆက်လက်ရရှိနေသည့် ကျေးရွာပြည်သူများအနေဖြင့် ကြုံတွေ့နေရသည့် အခြားပြဿနာရှိပါသည်။ ယင်းမှာ ကျပ်ငွေနှင့် ယွမ်ငွေအကြား ငွေတန်ဖိုး အတက်အကျများကြောင့် တရုတ်နိုင်ငံမှ ငွေလွှဲပေးပို့မှုများအတွက် ငွေလဲလှယ်နှုန်းထားအရ ပုံမှန်ထက် လျော့နည်းသည့် ပမာဏသာရရှိကြပါသည်။

**ငွေချေးပေးသည့်မြီရှင်များသည် ချေးငွေပြန်လည်ပေးဆပ်မှုဆိုင်ရာပြဿနာများကို နည်းလမ်းအမျိုးမျိုးဖြင့် တုံ့ပြန်ဖြေရှင်းကြပါသည်။** ကျေးရွာအမျိုးမျိုးရှိ အချို့သော အသေးစားချေးငွေလုပ်ငန်းအုပ်စုများသည် ကျေးရွာပြည်သူများအတွက် ယာယီစိတ်သက်သာမှု ရရှိစေရန် အကြွေးဆပ်ရမည့် အချိန်ကာလကို တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။ သို့သော် ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးများရှိ ဆန်းစစ်လေ့လာမှုဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင်မူ အလားတူလုပ်ငန်းအုပ်စုများသည် သည်းခံစောင့်ဆိုင်းပေးခြင်း၊ ရက်တိုးမြှင့်သတ်မှတ်ပေးခြင်း (သို့မဟုတ်) အကြွေးဆပ်ရမည့်အချိန်ကာလ ရွှေ့ဆိုင်းခြင်းများဆောင်ရွက်ပေးခြင်း မရှိခဲ့ပါ။ ဥပမာအားဖြင့် မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာများ၌ ရက်တိုးမြှင့်သတ်မှတ်ပေးခြင်းကို ကာလတိုအနေဖြင့် ဆောင်ရွက်သည်ဟု ယူဆနိုင်ပါသည်။ ပဲခူးတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာကဲ့သို့သော အခြားအခြေအနေများတွင် အကြွေးပြန်ဆပ်ရမည့်အချိန်သည် သီးနှံစိုက်ပျိုးရာသီအစနှင့် ကြုံကြိုက်တိုက်ဆိုင်သဖြင့် တောင်သူများအကြား မတည်ငွေလိုအပ်ချက် ပိုမိုမြင့်မားလာခဲ့ပြီး ၎င်းတို့အနေဖြင့်လည်း မြန်မာစိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ် MADB မှ အတိုးနှုန်းသက်သာသည့် ချေးငွေကြွေးကျန်ရှိသူများ ဖြစ်ကြပါသည်။

ဇယား – ၆

**ချေးငွေကြွေးဆပ်ရန် အတွက် အခက်အခဲ ရှိနေသည့် ကျေးရွာများ အရေအတွက်**



ဖြစ်ရပ်လေ့လာမှု (၅)

**အကြွေးမဆပ်နိုင်၍ တိမ်းရှောင်ခြင်း**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်မှု များပြားသော ကျေးရွာ တစ်ရွာတွင် မိသားစု ဖ စုသည် မိသားစုဝင်များအား နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းလုပ်သားအဖြစ် ပို့လွှတ်နိုင်ရန် ကုန်ကျစရိတ်များအတွက် အခြားမိသားစုအများစုနှင့်အတူ အသေးစားချေးငွေ လုပ်ငန်းအုပ်စုများမှ အဖွဲ့လိုက် ချေးငွေထုတ်ယူခဲ့ကြပါသည်။ သို့ရာတွင် ရုတ်တရက် ရပ်ဝေးမှ ငွေလွှဲပေးပို့မှုများမရရှိခြင်းကြောင့် အကြွေးပြန်မဆပ်နိုင်သည့် အခြေအနေ ကြုံတွေ့ ကြရပါသည်။ ချေးငွေအုပ်စုမှ အကြွေးပြန်တောင်းသည့်အခါ ပြန်ဆပ်ရန် ငွေကြေးမရှိသဖြင့် အဆိုပါမိသားစု ဖ စုသည် အကြွေးပြန်ဆပ်ရမည့်အရေးမှ လွတ်မြောက်ရန် ၎င်းတို့ကျေးရွာမှ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်သို့ တိမ်းရှောင်ခဲ့ကြပါသည်။ ချေးငွေအုပ်စုတွင် ပါဝင်သည့် အခြားမိသားစုဝင်များသည် အုပ်စုတစ်စုလုံးအနေဖြင့် ကြွေးမြီပြန်ဆပ်ရန် ပျက်ကွက်ပါက အနာဂတ်တွင် အခြားချေးငွေများအတွက် ပိတ်ပင်ခံရမည့် အလားအလာများကြောင့် ၎င်းတို့ အားလုံး ပြန်ဆပ်ရမည့် ငွေပမာဏ ပြည့်မီစေရန် ဖြည့်ဆည်းကြရပါသည်။

# ချေးငွေအသစ်များရယူခြင်း

**ဝင်ငွေနှင့် ရပ်ဝေးငွေလွှဲပေးပို့မှုများမှ ငွေကြေးလိုအပ်ချက် ဖြည့်ဆည်းနိုင်ရန် ကျေးရွာပြည်သူ အများအပြားသည် အကျပ်အတည်း ဖြေရှင်းနိုင်ရေးအတွက် ချေးငွေအသစ်ရယူရန် ကြိုးစားခဲ့ ကြကြောင်း ကျေးရွာ ၄၉ ရွာအနက် ၃၆ ရွာရှိ ကျေးရွာခေါင်းဆောင်များမှ ဖော်ပြခဲ့ကြပါသည်။** အများအားဖြင့် နွမ်းပါးသည့် မြေယာမဲ့လုပ်သားများသာမက နေရပ်သို့ပြန်လာသည့် ရွှေ့ပြောင်း လုပ်သားများသည် အခြေခံစားကုန်နှင့် အစားအစာများ ဝယ်ယူရန် ငွေချေးယူကြပါသည်။ ဆန်းစစ်လေ့လာမှု ဆောင်ရွက်ခဲ့သည့် ဘေးအန္တရာယ်သက်ရောက်မှု ခံစားရသော ကျေးရွာများ အားလုံးတွင် ကျေးရွာပြည်သူများသည် ချေးငွေအသစ်ယူခဲ့ရသော်လည်း ယေဘုယျအားဖြင့် ဘေးအန္တရာယ်သက်ရောက်မှု မခံစားရသော ကျေးရွာများ၏ ၃ ပုံ ၂ ပုံခန့်တွင်သာ ယင်းသို့ချေးငွေ အသစ်ရယူရကြောင်း သိရပါသည်။ ၎င်းတွေ့ရှိချက်အရ ဘေးအန္တရာယ် ကျရောက်လွယ်သည့် ကျေးရွာများ၌ အစားအစာဝယ်ယူရန် ငွေကြေးလုံလောက်မှု အခြေအနေနှင့် စီးပွားရေး အကျပ်အတည်းများအပေါ် စိုးရိမ်ပူပန်မှုမြင့်မားခြင်း၏ အကျိုးရလဒ်အဖြစ် သတ်မှတ်နိုင်ပါသည်။

**အထူးသဖြင့် နွမ်းပါးသည့်ပြည်သူများသာမက နေရပ်ရွှေ့ပြောင်းလုပ်သားများအတွက် ဆန်းစစ် လေ့လာမှုဆောင်ရွက်ခဲ့သည့် ကျေးရွာများအကြား မကြာခဏတွေ့ရှိရသည့် ငွေချေးယူသည့် နည်းလမ်းမှာ ကျေးရွာဆိုင်ပိုင်ရှင်များထံမှ ပစ္စည်းများ အကြွေးဖြင့် ဝယ်ယူခြင်းဖြစ်ပါသည်။** ယေဘုယျတွေ့ရသည့် အစီအစဉ်မှာ အကြွေးယူသူများသည် ၎င်းတို့လုပ်ငန်းများ ပြန်လည် စတင်နိုင်ပါက အဆိုပါအကြွေးများ ပြန်ဆပ်ရမည်ဆိုသည့် အချက်ဖြစ်သည်။ အတိုးနှုန်းထားများ အနေဖြင့် တစ်ဆိုင်နှင့်တစ်ဆိုင် ကွဲပြားမှုရှိပြီး အချို့သော ဆိုင်ပိုင်ရှင်များမှ အတိုးနှုန်း မပါဘဲ အကြွေးဖြည့်ဆည်းပေးသော်လည်း ပဲခူးတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ဆိုင်ပိုင်ရှင် တစ်ဦးသည် ပုံမှန် ၂၀၀၀၀ ကျပ်ဖြင့် ရောင်းချသည့် ဆန်အိတ်ကို ၃၅၀၀၀ ကျပ်ရယူကြောင်း သိရှိရပါသည်။

**ကျေးရွာကိုယ်စားလှယ်များ၏ ပြောကြားချက်အရ အကယ်၍ ဖြစ်နိုင်ပါက ကျေးရွာပြည်သူများ သည် အတိုးနှုန်းနည်းပါးသည့် အသေးစားငွေချေးလုပ်ငန်းအုပ်စုများကို ပိုမိုလိုလားကြပါသည်။** သို့သော် ကျေးရွာပြည်သူအများအပြားသည် လက်ရှိအရင်ကြွေးမြီများပေးဆပ်ရန် ပျက်ကွက်

ခြင်းကြောင့် အကန့်အသတ်များရှိနေပြီး ငွေကြေးအရင်းအမြစ်အသစ်ရရှိနိုင်ရန် ကန့်သတ်ချက်များရှိပါသည်။ အဆိုပါ အခြေအနေမျိုးတွင် ကျေးရွာများသည် အရေးကြီးသည့် ထပ်ဆောင်းငွေကြေးရရှိနိုင်ရန် တရားဝင်မဟုတ်သော (အရပ်ထဲမှ) ငွေချေးငှားသူများထံမှ ရယူကြပါသည်။ အာမခံပစ္စည်းပါဝင်ပါက လစဉ်အတိုးနှုန်းမှာ ၃% ခန့်သာ ရှိနိုင်သော်လည်း အများအားဖြင့် ၅-၁၀% ခန့်ပေးကြရပါသည်။ အတိုးနှုန်းလျော့နည်းစေရန် ကျေးရွာပြည်သူများသည် တစ်ခါတစ်ရံ ရွှေ၊ ငွေပစ္စည်းများနှင့် မော်တော်ဆိုင်ကယ်ကဲ့သို့သော ပစ္စည်းများကို ပေါင်နှံကြရပါသည်။ အပေါင်ခံပစ္စည်း (သို့မဟုတ်) အာမခံထားနိုင်သည့် အခြားပစ္စည်းများမပါဝင်ပါက တရားဝင်မဟုတ်သော ငွေချေးငှားသူများ တွက်ယူသော အတိုးနှုန်းထားမှာ တစ်လလျှင် ၁၅-၂၀%အထိ မြင့်မားနိုင်ပါသည်။

ဖြစ်ရပ်လေ့လာမှု (၆)

## အကြွေးတင်ခဲ့ရသည့် အသေးစား စီးပွားရေး လုပ်ငန်းတစ်ခု

ဒေါ်မြသည် တနင်္သာရီတိုင်းဒေသကြီးတွင် နေထိုင်၍ အသက် ၅၃ နှစ်ရှိပြီး လွန်ခဲ့သည့် ၁၈ နှစ်ခန့်မှစ၍ မုဆိုးမတစ်ဦးအဖြစ် ရပ်တည်ခဲ့ရပါသည်။ သူမသည် ကျေးရွာဘတ်စ်ကားဂိတ်၌ မနက်ပိုင်းတွင် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ ရောင်းချခြင်း၊ ညနေပိုင်းတွင် ထားဝယ်ရိုးရာမုန့်များရောင်းချခြင်းဖြင့် သူမ မိသားစုအတွက် ပံ့ပိုးထောက်ပံ့ရပါသည်။ ၎င်းလုပ်ငန်းသည် သူမမိသားစု၏ ပင်မဝင်ငွေလုပ်ငန်း ဖြစ်ပါသည်။ သူမခင်ပွန်း ကွယ်လွန်ပြီးနောက် သား ၁ ဦး၊ သမီး ၂ ဦးနှင့်အတူ နေထိုင်ပါသည်။ သူမ၏ အကြီးဆုံးသား၊ အငယ်ဆုံးသမီးနှင့် ၎င်းတို့၏ သားသမီးများသည် စီးပွားရေးအရ သူမအပေါ် မှီခိုနေရဆဲ ဖြစ်ပါသည်။

ကိုဗစ်-၁၉ ဖြစ်ပွားမှုမတိုင်မီကာလများ၌ ကျေးရွာဘတ်စ်ကားဂိတ်သည် အလွန်စည်ကားခဲ့ပြီး ဒေါ်မြ၏ နေ့စဉ်ဝင်ငွေမှာ ၇၀၀၀၀-၈၀၀၀၀ ကျပ်ခန့် ရှိပါသည်။ သို့သော် အစားအစာရောင်းချသည့် ဆိုင်များ၌ ဆိုင်ထိုင်စားသုံးမှုနှင့် စပ်လျဉ်း၍ ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ထုတ်ပြန်ခြင်းနှင့် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များကြောင့် ခရီးသွားအရေအတွက် ကျဆင်းခဲ့ခြင်းကြောင့် သူမဆိုင်၏ ရောင်းအား အလွန်အမင်းကျဆင်းခဲ့ပါသည်။ ယင်းသို့ရောင်းအားကျဆင်းခဲ့ခြင်းကြောင့် ဒေါ်မြသည် စီးပွားရေးကို ၂ လခန့် ရပ်နားခဲ့ပါသည်။ ယင်းကာလအတွင်း သူမစီးပွားရေးအတွက် ရယူခဲ့သည့် ကြွေးမြီများ ပြန်လည်ပေးဆပ်ရန်နှင့် ဆိုင်ပိတ်ထားသည့်ကာလအတွင်း ငွေကြေးမလုံလောက်မှု ဖြည့်ဆည်းနိုင်ရန် လတ်တလောချေးယူထားသည့် ချေးငွေများအတွက် အကြွေးဆပ်နိုင်ရန် ရုန်းကန်ခဲ့ရပါသည်။ သူမအနေဖြင့် မိတ်ဆွေများထံမှ ငွေချေးယူရန် အခက်အခဲမရှိသော်လည်း ရေရှည်အတွက် စိတ်ပူပန်နေရပါသည်။ *“သူများလို စုဆောင်းတာလေး ထုခွဲရအောင်လဲ ကိုယ့်မှာက ယောကျ်ားဆုံးပြီးကတည်းက ရုန်းကန်လာရတာဆိုတော့ ဘာမှ မယ်မယ်ရရ မရှိဘူးရယ်။”*

ဆိုင်ပိုင်ရှင်တစ်ဦးအနေဖြင့် သူမသည် အစိုးရ၏ ပံ့ပိုးကူညီမှုရရှိရန် သတ်မှတ်ချက်နှင့် မကိုက်ညီသလို သူမ၏ စီးပွားရေး ရပ်ဆိုင်းထားသည့်ကာလအတွင်း အစိုးရထံမှ ပံ့ပိုးသည့် ငွေသားထောက်ပံ့ကြေး (သို့မဟုတ်) စားသောက်ကုန်များရရှိရန် သတ်မှတ်ချက်နှင့်လည်း ကိုက်ညီခြင်းမရှိပါ။ ဒေါ်မြပြောကြားသည့်အချက်မှာ- *“ကျွန်မအတွက်ကတော့ အထောက်အပံ့ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိသားစုစားဝတ်နေရေးအတွက် ငွေချေးပြီး ကိုယ်တိုင်ဖြေရှင်းနေရပါတယ်။ ဒါပဲတတ်နိုင်ပါတယ်။”* လတ်တလောတွင် ခေါက်ဆွဲနှင့် မုန့်ပဲသရေစာရောင်းချခြင်းသည် ယခင်လောက် အမြတ်အစွန်းမရရှိသော်လည်း ဒေါ်မြအနေဖြင့် အခြေအနေတိုးတက်ကောင်းမွန်စေရန် ဆုတောင်းလျက်ရှိပြီး သို့မှသာ သူမ၏အကြွေးများ ပြန်လည်ပေးဆပ်နိုင်မည်ဖြစ်သည်။

**ကျေးရွာ ၃၅ ရွာ အနက် ၂၂ ရွာရှိ ကျေးရွာပြည်သူများသည် ချေးငွေအသစ်ရရှိရန် ကြိုးပမ်းကြရပြီး ကျေးရွာအကြီးအကဲများ၏ ဖော်ပြချက်အရ ကျေးရွာပြည်သူများအနေဖြင့် ငွေချေးငှားရန် ကြီးမားသည့် အခက်အခဲ တစ်စုံတစ်ရာမရှိကြောင်း သိရပါသည်။** သို့သော် ဈေးနှင့် ဝေးကွာသည့်

နေရာများအနေဖြင့်မူ အခက်အခဲပိုမိုများပြားပါသည်။ အဘယ်ကြောင့်ဆိုသော် ခရီးသွားလာမှုဆိုင်ရာကန့်သတ်ချက်များကြောင့် ကျေးရွာပြင်ပတွင် အခြေစိုက်သည့် အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ပုဂ္ဂလိက ငွေချေးငှားသူများအတွက် စီးပွားရေးနှင့် ငွေချေးလုပ်ငန်းအလို့ငှာ ဝေးလံသည့်ကျေးရွာများသို့ လာရောက်ရန် အခက်အခဲရှိခြင်းကြောင့် ဖြစ်နိုင်ပါသည်။

ဖြစ်ရပ်လေ့လာမှု (၇)

**မြင့်မားသည့် အတိုးနှုန်းဖြင့် ငွေချေးယူရန်မှတစ်ပါး အခြားရွေးချယ်မှု မရှိခြင်း**

ဒေါ်ခိုင်ခိုင်သည် အသက် ၅၅ နှစ်ရှိပြီး သူမ၏ခင်ပွန်းမှာ အသက် ၇၀ ဖြစ်ပါသည်။ ၎င်းတို့နှစ်ဦးစလုံးမှာ ကျန်းမာရေးကောင်းမွန်ခြင်းမရှိကြဘဲ နှစ်စဉ်စားဝတ်နေရေးလိုအပ်ချက်အတွက် သမီးတစ်ဦး၏ လုပ်ခကြေးငွေအပေါ်မှီခိုကြရပါသည်။ အဆိုပါသမီး၏ခင်ပွန်း ဆုံးပါးပြီးနောက် သူမနှင့် သူမ၏ကလေးငယ်များသည် ဒေါ်ခိုင်ခိုင်ထံတွင် ပြောင်းရွှေ့နေထိုင်ပါသည်။

ဒေါ်ခိုင်ခိုင်၏သမီးသည် တောင်ငူမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ စားဖိုဆောင် အကူဝန်ထမ်းအဖြစ် အလုပ်လုပ်ပြီး တစ်လလျှင် ကျပ်တစ်သိန်းတစ်သောင်းခန့် ရရှိပါသည်။ သူမသည် ကျပ်တစ်သောင်းခန့်ကိုသာ ကိုယ်ပိုင်သုံးငွေအဖြစ် ချန်ထားပြီး ကျန်သည့်လစာများကို မိဘများထံသို့ ပေးပို့လေ့ရှိပါသည်။ ကိုဗစ်-၁၉ ကြောင့် စားသောက်ဆိုင်များ ပိတ်သိမ်းပြီးနောက်ပိုင်းတွင် မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများ ကြုံတွေ့လာရပါသည်။

စားသောက်ဆိုင်မပိတ်မီကာလက ဒေါ်ခိုင်ခိုင်သည် မိသားစုအတွက် သူမစုဆောင်းငွေများကို ထုတ်ယူသုံးစွဲခဲ့ပါသည်။ သူမသည် ငွေမချေးငှားရစေရန် တတ်နိုင်သမျှ ကြိုးပမ်းခဲ့သော်လည်း စားသောက်ဆိုင်မှာ ဆက်လက်ပိတ်ထားဆဲဖြစ်သောကြောင့် ငွေချေးယူခြင်းသည်သာ တစ်ခုတည်းသော ရွေးချယ်စရာ နည်းလမ်းဖြစ်လာခဲ့သည်။ သူမထံတွင် အပေါင်ပစ္စည်းအဖြစ် အသုံးပြုနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာမရှိခြင်းကြောင့် ၎င်းချေးငွေအတွက် အတိုးနှုန်းမှာ တစ်လလျှင် ၂၀% ပေးရပါသည်။ သူမ ချေးယူသည့် ငွေပမာဏမှာ တစ်သိန်းဖြစ်သောကြောင့် အကြွေးပြန်ဆပ်နိုင်ရန် လစဉ် တစ်သောင်းနှစ်ထောင်ကျပ်ဖြင့် ၁၀ လ အကြွေးပြန်ဆပ်နေရပါသည်။ သူမ၏ပြောကြားချက်မှာ – *"အကြွေးကင်းတဲ့ဘဝနဲ့နေချင်ခဲ့သော်လည်း အဲလိုမနေနိုင်ခဲ့ပါဘူး။ သူတို့ပြောတာကတော့ ကျွန်မသမီးက ဒီလကုန် အလုပ်ရမယ်ပြောတာပဲ။ ဒီတော့ အဲ့အချိန်လောက်မှပဲ အကြွေးပြန်ဆပ်နိုင်မှာပါ။"*

## အကြွေးပမာဏများပြားလာခြင်း

**ကျေးရွာကိုယ်စားလှယ်များ၏ အကဲခတ်ပြောကြားချက်အရ ဆန်းစစ်လေ့လာခဲ့သည့် ကျေးရွာ ၅၆ ရွာ အနက် အနည်းဆုံး ၅၄ ရွာတွင် ကျေးရွာပြည်သူများ အကြွေးတင်မှု ပိုမိုတိုးပွားများပြားလာကြောင်း သိရပါသည်။** အများဆုံးသက်ရောက်မှု ခံစားရသည့်အုပ်စုမှာ ကျပန်းလုပ်သားများဖြစ်ပြီး ရွာပေါင်း ၃၇ ရွာတွင် ၎င်းတို့အနေဖြင့် ပိုမိုဆိုးရွားစွာ ကြုံတွေ့နေကြောင်း သိရပါသည်။ မြန်မာနိုင်ငံကျေးလက်ဒေသရှိ ကြွေးမြီအပေါ် စီမံခန့်ခွဲသည့် ယေဘုယျနည်းလမ်းမှာ အတိုးနှုန်းနည်းသည့် အကြွေးပြန်ဆပ်နိုင်ရန် အတိုးနှုန်းများသည့်နေရာမှ ငွေထပ်မံ ချေးယူခြင်းဖြစ်သည်။ ကျေးရွာပြည်သူများသည် ယင်းသို့ အတိုးနှုန်းနည်းပါးသည့် ချေးငွေပြန်ဆပ်ရန် ပျက်ကွက်ပါက နောက်တစ်ကြိမ် ပြန်လည်ချေးခွင့်မရရှိတော့မည်ကို စိုးရိမ်သောကြောင့် ယင်းသို့ ပျက်ကွက်မှုမဖြစ်စေရန် အတိုးနှုန်းများသည့် ချေးငွေထုတ်ယူ၍ ဖြေရှင်းရကြောင်း သိရပါသည်။

ဖြစ်ရပ်လေ့လာမှု (၈)

### မည်သည့်အတိုးနှုန်းဖြင့်မဆို ချေးငွေရယူခြင်း

မကွေးတိုင်းဒေသကြီးရှိ ချေးငွေအုပ်စုခေါင်းဆောင် အမျိုးသမီးတစ်ဦးမှ ငွေချေးသူများ၏ ရွေးချယ်မှု အကြောင်းရှင်းပြခဲ့ပါသည်။ – *“ကိုရိုနာကပ်ရောဂါကြောင့် လူတော်တော်များများ အလုပ်ပြုတ်ကုန်ပြီး မကြာခဏချေးငှားကြရတယ်။ တချို့ဆို တစ်နေရာကအကြွေးပြန်ဆပ်ဖို့ တခြားတစ်နေရာက ချေးငှားရပါတယ်။ အရင်ကဆိုရင်တော့ ငွေစုငွေချေးအဖွဲ့ကနေ လစဉ် အတိုးနှုန်း ၂%နဲ့ ချေးလို့ရနိုင်ပါတယ်။ ရွာထဲက ငွေချေးသူတွေကတော့ ၅% ပေ့ါ။ နောက်ပိုင်း အသေးစားချေးငွေ ၃–၄ ဖွဲ့လောက်ရွာကို ရောက်လာပြီး မိသားစုအများစုမှာ မိသားစုဝင် ၂ ယောက်လောက်အထိ အဲ့ဒီအဖွဲ့တွေဆီကနေ ငွေချေးယူကြတယ်။ သူတို့အလုပ်ရှိရင်တော့ ပြဿနာမရှိပါဘူး။ ဒီအဖွဲ့တွေဆီကနေ အခုလိုမျိုး ပုံမှန်ချေးငှားလို့ရနိုင်ပါတယ်။ ဒါပေမယ့် အခုက ရောဂါပိုးတွေဖြစ်တော့ အလုပ်တွေမရှိကြတော့ဘဲ အခြားငွေချေးသူတွေဆီကနေ နေ့ပြန်သွင်းအစီအစဉ်နဲ့ ချေးငှားကြရတယ်။ ဥပမာ– ၁၀ ရက်အတွက် တစ်သိန်းချေးရင် အတိုးတစ်သောင်း ပေးရတယ်ဆိုတော့ အတိုးက တစ်ရက် တစ်ထောင်လောက်ကျတယ်။ ဒီထက်လဲ ပိုကျနိုင်တယ်။ တကယ်တော့ ချေးငွေထုတ်ပေးသူတွေက ဒီအတိုးနှုန်းကို တောင်းခဲ့တာ မဟုတ်ပါဘူး။ ချေးယူသူတွေ ကိုယ်တိုင်က အသေးစားချေးငွေအဖွဲ့တွေဆီမှာ ရက်ပြည့်တော့ အဲ့ဒီအကြွေးတွေကို ဖြေရှင်းဖို့ သူတို့ကိုယ်တိုင် ငွေရှင်တွေဆီကို ကမ်းလှမ်းတဲ့ နှုန်းထား ဖြစ်နေတယ်။ အဲ့ဒီအဖွဲ့တွေဆီမှာ နာမည်ပျက်သွားရင် နောက်အခြားအဖွဲ့တွေဆီမှာ ငွေချေးဖို့အတွက် ရွာက ဘယ်သူမှ သူတို့နဲ့တွဲချင်တော့မှာ မဟုတ်ဘူးလေ။ ဒါကြောင့် သူတို့က ဘယ်လိုအတိုးနှုန်းနဲ့မဆို ငွေချေးပြီး အတိုးနှုန်းသက်သာတဲ့ ကြွေးဟောင်းတွေ ပြန်ဆပ်ဖို့ ဆုံးဖြတ်ကြတာပါ။”*

---

၄.၂။

## အခြားဝင်ငွေနည်းလမ်း အရင်းအမြစ်များရှာဖွေခြင်း

**ဆန်း စစ်လေ့လာခဲ့သည့် ကျေးရွာများအားလုံးနီးပါးတွင် ၂၀၂၀ ဇူလိုင်လအထိ အခြေအနေများအရ စီးပွားရေးအခြေအနေ ပိုမိုဆိုးရွားလာခဲ့သော်လည်း ကျေးရွာခေါင်းဆောင်များ၏ ဖော်ပြချက်အရ ကျေးရွာပေါင်း ၂၀ ခန့်ရှိ ကျေးရွာပြည်သူများသည် ဝင်ငွေရနိုင်မည့် အခြားနည်းလမ်းရှာဖွေခြင်းဖြင့် အကျပ်အတည်း ဖြေရှင်းရန် သိသိသာသာဆောင်ရွက်ခြင်းမျိုး မရှိသေးကြောင်း သိရပါသည်။** ကျန်ရှိသည့် ကျေးရွာ ၃၆ ရွာအတွက် အဓိကဖြေရှင်းဆောင်ရွက်သည့်နည်းလမ်းများမှာ စုဆောင်းငွေအသုံးပြုခြင်း (၁၈ ရွာ)၊ မြေ မဟုတ်သည့် အခြားပိုင်ဆိုင်မှုပစ္စည်း (အထူးသဖြင့် ရွှေထည်ပစ္စည်း) ပေါင်နှံ (သို့မဟုတ်) ရောင်းချခြင်း (၁၅ ရွာ) စသည်တို့ဖြစ်ပါသည်။ ၎င်းကာလအပိုင်းအခြားတွင် ဆန်းစစ်လေ့လာမှုအရ ကျပန်းလုပ်သားများအတွက် အလုပ်အကိုင်မရှိခြင်း၊ အလုပ်သမားခအတွက် ပေးရန်ငွေမရှိခြင်း စသည့်အချက်များကြောင့် လုပ်သားဈေးကွက် နှစ်ဦးနှစ်ဖက်လုံးတွင် ပြဿနာရပ်များ ဖြစ်ပေါ်စေပြီး အတန်အသင့်ကျယ်ပြန့်သော ကြိုးပမ်းအားထုတ်မှုများအနေဖြင့် အလုပ်ချိန်ပိုမို လုပ်ကိုင်ကြခြင်း၊ အလုပ်အကိုင်ပြောင်းလဲခြင်း (သို့မဟုတ်) မြေယာ ပေါင်နှံရောင်းချခြင်းစသည့် အခြေအနေများကို တွေ့ရှိရပါသည်။

**နေထိုင်ရာကျေးရွာသို့ပြန်လာပြီး အလုပ်အကိုင်ရှိရာနေရာသို့ ပြန်မသွားနိုင်သည့် ရွှေ့ပြောင်းလုပ်သားများသည် ၎င်းတို့ကျေးရွာအုပ်စု အနီးဝန်းကျင်တွင် ကျပန်းလုပ်သား (သို့မဟုတ်) စိုက်ပျိုးရေးလုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်ကြပါသည်။** အလုပ်သမားများ များပြားလာခြင်းကြောင့် ကျေးရွာပြည်သူများမှာ လုပ်ခလျှော့ယူ၍ လုပ်ကိုင်ရသည့် အခြေအနေများရှိသလို အခြားတစ်ဖက်တွင်လည်း ခရီးသွားလာမှု ကန့်သတ်ချက်များကြောင့် လုပ်သား မလုံလောက်သဖြင့် တောင်သူများသည် စက်ပစ္စည်းများအသုံးပြုခြင်း၊ ကျွဲ၊ နွားနှင့် ဆွေမျိုးများ၏ အကူအညီဖြင့်

လိုအပ်သော လုပ်ငန်းများပြီးမြောက်စေရန် လုပ်ဆောင်ကြရပါသည်။ ကချင်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် လယ်ကွင်းများရေကြီး၊ ရေလျှံခြင်း၊ ရာဘာစိုက်ခင်းများ လုပ်ငန်းလုပ်ဆောင်မှုမရှိခြင်းနှင့် ဒေသခံတောင်သူများမှ လုပ်ခကြေးငွေမပေးနိုင်ခြင်း စသည့်အခြေအနေများကြောင့် ကျပန်းလုပ်သားများ အလုပ်လက်မဲ့ ဖြစ်ကြရပါသည်။ အချို့သော အလုပ်လက်မဲ့ဖြစ်ရသည့် ကျေးရွာပြည်သူများသည် အခြားရွေးချယ်ရန်မရှိ၍ လုပ်ခကြေးငွေအစား ဆန်ယူ၍ အလုပ်လုပ်ကိုင်ခြင်းများရှိသလို အခြားသူများကလည်း ချမ်းသာသည့်မိသားစုများ၏ ပရိဘောဂများပြုပြင်ခြင်း (သို့မဟုတ်) ခြံရှင်းခြင်းစသည့် လက်တိုလက်တောင်းအလုပ်များ လုပ်ကိုင်ကြရပါသည်။

**အများအားဖြင့် ပေါင်နှံ (သို့မဟုတ်) ရောင်းချသည့်ပစ္စည်းများတွင် နွားများ၊ ဆိတ်များ၊ ကြက်များနှင့် အခြားမွေးမြူရေးတိရစ္ဆာန်များ၊ ရွှေထည်/ငွေထည်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ၊ သိုလှောင်ထားသည့် ဆန်များနှင့် အခြားကိုယ်ပိုင်ပစ္စည်းများ စသည်တို့ပါဝင်ပါသည်။** အခြားကုန်ပစ္စည်းများနှင့် ပိုင်ဆိုင်မှုပစ္စည်းများ ပေါင်နှံရောင်းချခြင်းသည် ဆိုးကျိုးသက်ရောက်မှုမရှိသည့် အခြေအနေမျိုးမဟုတ်ပါ။ အကျပ်အတည်းဖြေရှင်းရန် တောင်သူများသည် မွေးမြူရေးတိရစ္ဆာန်များ ရောင်းချခြင်းကြောင့် နွားနှင့် ဆိတ်များ၏ရောင်းဈေး သိသာစွာ လျော့နည်းကျဆင်းခဲ့ပါသည်။ ဥပမာ– မကွေးတိုင်းဒေသကြီးအတွင်းရှိ ဝေးလံသည့်ရွာတစ်ရွာတွင် ပုံမှန်အားဖြင့် တစ်သိန်းကျပ်ဖြင့် ရောင်းချနိုင်သည့် တိရစ္ဆာန်တစ်ကောင်ဈေးမှာ ယခုအခါ ထက်ဝက်ခန့်သာ ရရှိနိုင်ပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာတစ်ရွာတွင် ကျပန်းလုပ်သားများမှာ အကြွေးနွံနစ်သည့် အခြေအနေမျိုးဖြစ်ပေါ်နေပြီး ၎င်းကျေးရွာပြည်သူများသည်လည်း အပေါင်ခံသည့် အကျိုးဆောင်ကိုယ်စားလှယ်များမှ ကုန်ပစ္စည်းလက်ခံ၍ ချေးငွေပေးလိုမှု လျော့နည်းလာသောကြောင့် အလားတူ တွေ့ကြုံနေရပါသည်။

**၂၀၂၀ ဇူလိုင်လအထိ အချက်အလက်များအရ ကျေးရွာအနည်းငယ်ခန့်တွင်သာ အကျပ်အတည်းဖြေရှင်းရေးနည်းလမ်းအဖြစ် မြေယာပေါင်နှံရောင်းချမှုများရှိကြောင်း သိရပါသည်။** ရန်ကုန်တိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်ရန်မြေ (သို့မဟုတ်) အိမ်ပေါင်နှံ၍ ငွေချေးခဲ့သည့် ရွှေ့ပြောင်းလုပ်သားများသည် နောက်ပိုင်းတွင် အကြွေးပြန်ဆပ်နိုင်ရန် ငွေပေးပို့နိုင်ခြင်း မရှိသောကြောင့် အကြွေးရှင်ထံတွင် ၎င်းတို့၏ အိမ်များနှင့် လယ်များဆုံးရှုံးခဲ့ရသည်ဟု စစ်တမ်းဖြေကြားသူတစ်ဦးမှ ဖော်ပြပါသည်။ မကွေးတိုင်းဒေသကြီးတွင်လည်း အကျပ်အတည်း ဖြေရှင်းရေးနည်းလမ်းအဖြစ် လက်ရှိနေထိုင်နေသောရွာလယ်ပိုင်းဝန်းကျင်မှ အိမ်ကိုပေါင်နှံရောင်းချ၍ လယ်ကွင်းနှင့် ပိုမိုနီးကပ်သည့် ဈေးသက်သာသောအိမ်ကို ဝယ်ယူနေထိုင်ကြကြောင်း စစ်တမ်းဖြေကြားသူများထံမှ သိရပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာတစ်ရွာတွင် ကိုဗစ်–၁၉ ၏ စီးပွားရေးသက်ရောက်မှုများကို ဖြေရှင်းနိုင်ရန် မြေရောင်းချခဲ့သည့် ကျေးရွာပြည်သူ ၁၀% ခန့် ရှိကြောင်း ကျေးရွာကိုယ်စားလှယ်တစ်ဦးမှ ခန့်မှန်းပြောကြားပါသည်။

## ၄.၃။ အသုံးစရိတ်လျှော့ချခြင်း

**၂၀၂၀ ဇူလိုင်လအထိ အချက်အလက်များအရ အသုံးစရိတ်လျှော့ချခြင်းသည် အဓိက ကျသည့် ဖြေရှင်းရေးနည်းလမ်းတစ်ခုဖြစ်ပါသည်။** ကျေးရွာ ၄၉ ရွာအနက် ၄၁ ရွာရှိ ကျေးရွာခေါင်းဆောင်များ၏ အချက်အလက်များအရ ကျေးရွာပြည်သူများသည် အကျပ်အတည်း ဖြေရှင်းရေးနည်းလမ်းအဖြစ် အသုံးစရိတ်လျှော့ချခဲ့ပါသည်။ အများဆုံး လျှော့ချခဲ့သည့် အသုံးစရိတ်များတွင် အစားအစာ၏ အရည်အသွေး လျှော့ချခြင်း (၂၃ ရွာ)၊ စားကုန်မဟုတ်သည့် အခြားသုံးစွဲမှုလျှော့ချခြင်း (၂၁ ရွာ)နှင့် လူမှုကဏ္ဍ အသုံးစရိတ်လျှော့ချခြင်း (၁၄ ရွာ) တို့ ပါဝင်ပါသည်။ အခြားအသုံးစရိတ်ဆိုင်ရာ ဖြေရှင်းသည့်နည်းလမ်းများတွင် နေ့စဉ်စားသုံးမှုအကြိမ် အရေအတွက် လျှော့ချခြင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ကျန်းမာရေးကိစ္စများ လစ်လျူရှုခြင်းများ ပါဝင်သလို အချို့မှာလည်း ကလေးများအား ကျောင်းထုတ်ရန် စဉ်းစားမှုများရှိကြောင်း[၁၂] ၂၀၂၀ ဇူလိုင်လအထိ အခြေအနေများအရ သိရပါသည်။

**တောင်သူများအနေဖြင့်လည်း စိုက်ပျိုးရာသီအတွက် အသုံးစရိတ် သိသာစွာလျှော့ချနိုင်ရန် ကျပန်းလုပ်သားငှားရမ်းမှုအစား ၎င်းတို့ကိုယ်တိုင်ပျိုးကြဲခြင်း၊ ကျွဲ/နွား (သို့မဟုတ်) စက်ပစ္စည်းငှားရမ်း၍ ထယ်ထိုးခြင်း စသည်တို့ဆောင်ရွက်ကြပါသည်။** အချို့သော တောင်သူများသည် မျိုးစေ့နှင့် ဓာတ်မြေဩဇာကဲ့သို့သော သွင်းအားစုများ၏ ဈေးနှုန်းတိုးမြှင့်ခြင်းကြောင့် ဧက နည်းနည်းဖြင့်သာ စိုက်ပျိုးကြပါသည်။ အသုံးစရိတ်လျှော့ချသည့် နောက်ထပ်နည်းလမ်းတစ်ခုမှာ ကျေးရွာပြည်သူများအနေဖြင့် ငွေကြေးသုံးစွဲရန်မလိုဘဲ ရရှိနိုင်သည့် စားစရာများအပေါ် မှီခိုအားပြုကြခြင်း ဖြစ်ပါသည်။ နိုင်ငံတစ်ဝှမ်းရှိ စစ်တမ်းဖြေကြားသူများ၏ ပြောကြားချက်အရ အစားအစာအတွက် ငါးဖမ်းခြင်း၊ ကဏန်းရှာခြင်း၊ အမဲလိုက်ခြင်းနှင့် သစ်တော (သို့မဟုတ်) လယ်ကွင်းများတွင် စားစရာ ရှာဖွေစားသောက်ခြင်းများ တိုးပွားလာကြောင်းသိရပါသည်။

**ကျေးရွာပြည်သူအများအပြားအတွက် အသုံးစရိတ်လျှော့ချခြင်းဆိုသည်မှာ ငါး၊ အသားဝယ်ယူစားသုံးမှုလျှော့ချခြင်းနှင့် ဟင်းသီးဟင်းရွက်များ ရှာဖွေခူးယူခြင်းနှင့် ကိုယ်ပိုင်ခြံအတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း စသည်တို့ တိုးမြှင့်လုပ်ဆောင်ခြင်းကို ဆိုလိုပါသည်။** ရန်ကုန်တိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ကျေးရွာပြည်သူများသည် ငါးပိနှင့် ဟင်းသီးဟင်းရွက်ကဲ့သို့သော ဈေးသက်သာသည့် စားသောက်ကုန်များကိုသာ စားသုံးလာကြပါသည်။ အခြားသူများအနေဖြင့်လည်း ဆီ ကဲ့သို့သော ကုန်ပစ္စည်းများဝယ်ယူမှုနှင့် စားသုံးမှုများ လျှော့ချသည့် နည်းလမ်းဖြင့် သုံးစွဲစားသောက်မှု လျှော့နည်းစေရန် လုပ်ဆောင်ကြပါသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး၏ ပြောကြားချက်မှာ –

၁၂ အခက်အခဲနှင့် ဆင်းရဲဒုက္ခ ကျရောက်သည့်အချိန်များတွင် အများအားဖြင့် ဖြေရှင်းသည့်နည်းလမ်းမှာ ကလေးများကို ကျောင်းဆက်မထားတော့ခြင်းဖြစ်သည်။ ဤပထမအကျော့ စစ်တမ်းမေးမြန်းမှုအတွက် ယင်းအချက်မှာ သက်ဆိုင်ခြင်း မရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် မတ်လ ၂၀၂၀ တွင် အတန်းတင်စာမေးပွဲများ ဖြေဆိုပြီးနောက် စာသင်နှစ်ပြီးဆုံးပြီးဖြစ်သည့်အချိန် ဖြစ်ပါသည်။ ပုံမှန်အားဖြင့် စာသင်နှစ်သည် ဇွန်လတွင် စတင်သော်လည်း ပထမအကျော့ ဆန်းစစ်လေ့လာမှု ဆောင်ရွက်သည့်အချိန်အထိ စာသင်ကျောင်းများ မဖွင့်သေးသောကြောင့် ယင်းနှင့်စပ်လျဉ်း၍ သက်ရောက်မှု တစ်စုံတစ်ရာ ဖော်ထုတ်နိုင်ခြင်း မရှိပါ။ ဘေးအန္တရာယ်ကင်းရှင်းရေး စစ်ဆေးမှုအောင်မြင်သည့် အထက်တန်းကျောင်းများ (နိုင်ငံတစ်ဝှမ်းရှိ ၇၁၇၃ ကျောင်းအနက် ကျောင်းပေါင်း ၆၅၀၀ ခန့်)ကို ရက်သတ္တပတ်အနည်းငယ်နောက်ကျ၍ ဇူလိုင်လလယ်ခန့်တွင် ဖွင့်လှစ်ခဲ့သော်လည်း ပိုးတွေ့လူနာအရေအတွက် ရုတ်တရက်ပြန်လည်မြင့်မားလာခြင်းကြောင့် ဩဂုတ်လ ၂၆ ရက်နေ့တွင် အစိုးရနှင့် ပုဂ္ဂလိကအထက်တန်းကျောင်းများကို ပြန်ပိတ်ခဲ့ပါသည်။ ၂၀၂၀ စက်တင်ဘာလအထိ အချက်အလက်များအရ အလယ်တန်းကျောင်းများနှင့် မူလတန်းကျောင်းများကို ဆက်လက်ပိတ်ထားဆဲ ဖြစ်ပါသည်။ ပဲခူး၊ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးများနှင့် ကချင်၊ ရှမ်း၊ ကရင်နှင့် ချင်းပြည်နယ်များမှ စစ်တမ်းဖြေကြားသူများသည် အထူးသဖြင့် ပညာရေးနှင့် ဆက်နွယ်သည့် ၎င်းတို့၏ပူပန်မှုများကို ဖော်ပြခဲ့ပါသည်။ ကျောင်းများပိတ်ထားခြင်းကြောင့် ၎င်းတို့၏ ကလေးငယ်များ ပညာရေးထိခိုက်နစ်နာမည်ကိုလည်း မိဘများမှ ပူပန်ကြပါသည်။ ယင်းအကြောင်းအရာနှင့် ပတ်သက်၍ နောက်တစ်ကြိမ် စစ်တမ်းမေးမြန်းရာတွင် ထပ်မံ၍ ဆန်းစစ်လေ့လာမှုဆောင်ရွက်ပါမည်။

**“ရွာကလူတွေကတော့ အသားဟင်းအစား ဟင်းသီးဟင်းရွက်တွေ ရှာဖွေ ခူးဆွတ်ပြီး အသီးအရွက်ဟင်းပဲ စားတဲ့နည်းလမ်းနဲ့ စားစရိတ်လျှော့ကြပါတယ်။ ၁၀ နပ်မှာ တစ်နပ်လောက်ပဲ အသားဟင်း စားကြပါတယ်။ မလိုအပ်ရင် ပိုက်ဆံ မသုံးတော့ဘဲ စားစရိတ်အတွက် သိမ်းထားကြတယ်။ လူမှုရေးပွဲတွေ သွားတာ လာတာတွေလဲ လျှော့ချကြရပါတယ်။”**

တောရိုင်းတိရစ္ဆာန် ကုန်သွယ်မှုများအပေါ် ပူပန်မှုအဖြစ် ယူဆရသည့် အချက်တစ်ခုအဖြစ် ရောဂါပိုးသည် အသားငါးများမှ စတင်ဖြစ်ပွားကြောင်း ကျေးရွာအများအပြားရှိ စစ်တမ်းဖြေကြား သူများမှ အကြံပြုကြပါသည်။ သို့ဖြစ်၍ အချို့သော ကျေးရွာပြည်သူများသည် အသားငါး စားသုံးမှုကို လျှော့ချခဲ့ပါသည်။

**နိုင်ငံအဝှမ်းတွင် စားသုံးမှုလျှော့ချသည့်အခြေအနေများ တွေ့ရှိရသော်လည်း ယင်းသို့လျှော့ချ ရသည့် အကြောင်းရင်းများနှင့် လျှော့ချမှုနည်းလမ်းများ အမျိုးမျိုးကွဲပြားကြပါသည်။** ဥပမာ တစ်ခုအနေဖြင့် ရှမ်းပြည်နယ်ရှိ ဝေးလံခေါင်ဖျား လက်ဖက်စိုက်ပျိုးသည့် တောင်ပေါ်ကျေးရွာ တစ်ရွာမှ ကျေးရွာပြည်သူများသည် ၎င်းတို့၏ လက်ဖက်သီးနှံရောင်းချပြီးမှသာ ဆန်ဝယ်ယူ နိုင်သည့် အခြေအနေဖြစ်သော်လည်း လက်ဖက်ဈေးနှုန်း အလွန်အမင်း ကျဆင်းခြင်းကြောင့် ဆန်ဝယ်ရန် ငွေအနည်းငယ်သာ ရရှိကြပါသည်။ စားသုံးရန် ဆန်မလုံလောက်သဖြင့် ချောင်း၊ မြောင်းနှင့် အခြားနေရာများမှ ရနိုင်သော ဟင်းသီးဟင်းရွက်များကို ဆန်နှင့်ရော၍ ချက်ပြုတ် စားသောက်ကြရပါသည်။

**အခြားသူများနှင့် အထူးသဖြင့် ကျပန်းလုပ်သားများသည် စားသုံးသည့် အကြိမ်အရေအတွက် လျှော့ချပြီး တစ်နေ့လျှင် ၃ ကြိမ်အောက်လျှော့၍ စားသုံးကြရပါသည်။** ယေဘုယျအားဖြင့် နေ့စဉ်စားသုံးသည့် အကြိမ်အရေအတွက်လျှော့ချသည့် ကျေးရွာပြည်သူများရှိကြောင်း ဆန်းစစ် လေ့လာခဲ့သည့် ကျေးရွာ ၈ ရွာမှ စစ်တမ်းဖြေကြားသူများကသာလျှင် ဖော်ပြခဲ့ကြပါသည်။ အဆိုပါကျေးရွာများအားလုံးမှာ ပြည်နယ်များတွင် တည်ရှိပြီး ချင်း၊ ရှမ်း၊ ရခိုင်၊ ကရင်နှင့် ကယားပြည်နယ်များပါဝင်ပါသည်။ ပြည်နယ်တစ်ခုမှလွဲ၍ ၎င်းပြည်နယ်များသည် ပဋိပက္ခ သက်ရောက်မှုခံစားရသော နှင့်/သို့မဟုတ် NCDDP စီမံကိန်းမှ အကျိုးကျေးဇူးရရှိသော ပြည်နယ်များဖြစ်ပြီး ၎င်းစီမံကိန်းသည် တိုင်းဒေသကြီး/ပြည်နယ်ရှိ အနွမ်းပါးဆုံးမြို့နယ်များတွင် အဓိကဆောင်ရွက်ခြင်းဖြစ်၍ ၎င်းပြည်သူများ၏ နွမ်းပါးမှုအခြေအနေကြောင့် ဤအကျပ် အတည်း ဖြေရှင်းမှုနည်းလမ်းကို အသုံးပြုခြင်းဖြစ်ကြောင်း ယူဆနိုင်ပါသည်။ ရခိုင်ပြည်နယ်ရှိ ဝေးလံခေါင်ဖျားသည့် ရိုဟင်ဂျာကျေးရွာတစ်ရွာတွင် ကျေးရွာပြည်သူများ၏ အခြေအနေ ပိုမိုဆိုးရွားပြီး တစ်နေ့ ၂ ကြိမ်မှ တစ်နေ့ တစ်ကြိမ်သို့ လျှော့ချ၍ စားသောက်နေရပါသည်။

**ကျေးရွာများတွင် လူမှုကဏ္ဍအသုံးစရိတ်များလျှော့နည်းစေရန် အသုံးပြုသည့် အဓိကနည်းလမ်း မှာ မင်္ဂလာဆောင်၊ ကလေးဖွားမြင်မှု၊ အသုဘနှင့် ပဉ္စင်းခံရှင်ပြုခြင်း[၃၃]နှင့် အလှူပွဲများကဲ့သို့သော ဘာသာရေးအခမ်းအနားများ၊ ဘုရားပွဲများစသည်တို့နှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို လျှော့ချခြင်းဖြစ်ပါသည်။** ဥပမာ – အသုဘအခမ်းအနားများတွင် ပုံမှန်အားဖြင့် ရက်အနည်းငယ်

၃၃ ရဟန်းခံရှင်ပြုခြင်းသည် ယောကျ်ားလေးများ ဘုန်းကြီးကျောင်း၌ ကိုရင်ဘဝဖြင့် သာမဏေပြုသည့် အခမ်းအနားဖြစ်၍ ယင်းသည် အများအားဖြင့် ကာလတိုအတွက်သာ ဖြစ်ပါသည်။

ခန့်အထိ ညှော့သည်များကို ကျွေးမွေးရန် လိုအပ်သော်လည်း ယခုအခါ မိသားစုနှင့် စေတနာ့ဝန်ထမ်းအချို့သာလျှင် အသုဘအခမ်းအနားကို စီစဉ်ဆောင်ရွက်ကြပါသည်။ အချို့ဒေသများတွင်မူ ဇွန်လနှင့် ဇူလိုင်လများတွင် ကန့်သတ်ချက်များ ဖြေလျော့ခဲ့ခြင်းကြောင့် ယခင်ကဲ့သို့ စီတန်း၍ အသုဘပို့ဆောင်မှုများ ပြန်လည်စတင်ခဲ့ပါသည်။ ခရစ်ယာန်ကျေးရွာများတွင် လူစုလူဝေး ကန့်သတ်ချက်များကြောင့် ကျေးရွာပြည်သူများသည် ဘုရားရှိခိုးကျောင်း၌ လက်ထပ်ပွဲ (သို့မဟုတ်) ညှော့ခံပွဲများ ဆောင်ရွက်ခြင်းမရှိဘဲ လက်ထပ်စာချုပ်တွင် လက်မှတ်ရေးထိုးခြင်းသာ လုပ်ဆောင်ကြပါသည်။

**သို့သော် လူမှုကဏ္ဍ အသုံးစရိတ်လျှော့ချခြင်းသည် ကုန်ကျစရိတ်သက်သာစေသည့် နည်းလမ်းဖြစ်သော်လည်း တစ်ဖက်တွင် မင်္ဂလာဆောင်၊ ဘုရားပွဲ၊ နတ်ပွဲ၊ အလှူပွဲ၊ ရှင်ပြုပွဲစသည်တို့တွင် ပါဝင်ပံ့ပိုးလုပ်ကိုင်ကြသည့် လုပ်သားများနှင့် ကျပန်းလုပ်သားများ၏ ဝင်ငွေအပေါ်သက်ရောက်မှုရှိပါသည်။** ယင်းနှင့်စပ်လျဉ်း၍ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်၏ အချို့သောဒေသများကဲ့သို့ ပြည်တွင်းဘုရားဖူးခရီးသည် ဝင်ရောက်နှုန်းမြင့်မား၍ ကြီးမားသည့် ဘုရားပွဲတော်များ ကျင်းပသောဒေသများတွင် ပိုမိုသိသာပါသည်။ ဥပမာ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ပုံမှန်အားဖြင့် မေလ၌ ကဆုန်ဘုရားပွဲကို ၁၅ ရက်ခန့် ကျင်းပလေ့ရှိသော်လည်း ယခုနှစ်တွင် ဘုရားပွဲ ဖျက်သိမ်းခဲ့ပါသည်။ စစ်တမ်းဖြေကြားသူများမှ အရေးပါသည့်ဖြစ်စဉ်များ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုပွဲတော်များအပေါ် ကန့်သတ်ခြင်းနှင့် လူစုလူဝေး ကန့်သတ်ချက်များအပေါ် ညည်းညူပြောဆိုခဲ့ကြပါသည်။

# ၅

# လူမှုကဏ္ဍ ဆက်ဆံမှုများ

စာမျက်နှာ ၃၇-၄၄

## ၅.၁။ လူမှုကဏ္ဍ ပေါင်းစည်း ညီညွတ်မှု



Photo by Ban Yido on Unsplash

**အ** ချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာကျေးလက်ဘဝ၏ အစဉ်အလာတစ်ခု ဖြစ်ပါသည်။ ချင်းပြည်နယ်ရှိ သဘာဝဘေးဒဏ်ခံစားခဲ့ရသော ဝေးလံသည့် ကျေးရွာတစ်ရွာမှ စစ်တမ်းဖြေကြားသူ အမျိုးသမီးတစ်ဦး၏ ဖြေကြားချက်မှာ – *"အဲဒါမျိုး အချင်းချင်း ကူညီကြတာတွေမရှိရင် ဘယ်လို အသက်ရှင်နိုင်ပါတော့မလဲ။ အိမ်နီးချင်းကို ကြည့်ဖို့ လိုလာတယ်။ အချင်းချင်း ကူညီပေးကြတယ်။ ပြန်ဆပ်ဖို့ လမ်းမမြင်ပေမယ့် သူတို့ဆန်မရှိရင် ၃ ဘူးလောက်ပေး စသည်ဖြင့်ပေါ့။"* စစ်တမ်းဖြေကြားသူများ၏ လေ့လာအကဲခတ်မှုအရ အချင်းချင်း အစားအစာမျှဝေသည့် ကျေးရွာ ၂၂ ရွာခန့်ရှိကြောင်း သိရပါသည်။ ဖြစ်ရပ်လေ့လာမှု (၉) တွင် အစားအစာမျှဝေမှု လုပ်ဆောင်ကြသည့် နမူနာကောင်းတစ်ခုကိုတင်ပြထားသည်။

**အကျပ်အတည်းကာလ စတင်သည့်အချိန်မှစ၍ လူမှုကဏ္ဍဆက်ဆံမှုများ ပြောင်းလဲခြင်း မရှိသည့် ကျေးရွာ ၃၆ ရွာရှိပြီး အပြန်အလှန်ပံ့ပိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးပွားလာခြင်းကြောင့် လူမှုကဏ္ဍဆက်ဆံမှု ပိုမိုကောင်းမွန်လာသည့် ကျေးရွာ ၁၁ ရွာရှိ၍ အခြေအနေ ပိုမိုဆိုးရွားမှု ဖြစ်ပေါ်သည့် ကျေးရွာ ၂ ရွာရှိပါသည်။** (ဇယား–၇) ဥပမာ – ရှမ်းပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ရောဂါပိုးပျံ့နှံ့မှုကို တားဆီးနိုင်ရန် ကျေးရွာပြည်သူများ ကိုယ်တိုင် လမ်းညွှန်ချက်များအား စိတ်ရှည်သည်းခံမှုဖြင့် အတူတကွ လိုက်နာဆောင်ရွက်ကြရန် တွန်းအားပေး လုပ်ဆောင်ခဲ့ကြသည်။ တနင်္သာရီတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ကိုဗစ်–၁၉ ဆိုင်ရာ

သတင်းအချက်အလက်များကို အချင်းချင်းမျှဝေကြပြီး ကျေးရွာဝင်ပေါက်များ စောင့်ကြပ်ထိန်းချုပ်မှုကို အတူတကွ လုပ်ဆောင်ခဲ့ကြပါသည်။ ကျေးရွာခေါင်းဆောင်များကလည်း အစိုးရ၏ ပံ့ပိုးကူညီမှု အစီအစဉ်များ မရောက်လာမီ နွမ်းပါးသည့် ပြည်သူများအား ပံ့ပိုးရေးအတွက် ရန်ပုံငွေ ရှာဖွေရာတွင်လည်း ကျေးရွာပြည်သူများ တက်ကြွစွာ ပါဝင်ခဲ့ကြပါသည်။ အကျပ်အတည်းကို ဖြေရှင်းရာတွင် တစ်ဦးတစ်ယောက်ချင်းဖြင့် ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း ကျေးရွာပြည်သူများ နားလည်သိရှိကြပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာတစ်ရွာတွင် ဆောင်ရွက်သည့် နည်းလမ်းတစ်ခုမှာ အကယ်၍ တစ်စုံတစ်ဦး မြို့သို့သွားပါက ၎င်းသည် အခြားသူများအတွက်ပါ စားသောက်ကုန်များ ဝယ်ယူပေးသည့် နည်းလမ်းဖြစ်ပါသည်။ မွန်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် အသေးစားတောင်သူများနှင့် ကျပန်းလုပ်သားများသည် အကြွေးတင်မှု များပြားခဲ့သော်လည်း ကနဦးစိုးရိမ်ပူပန်မှုများ ကျဆင်းပြီးနောက် တောင်သူများအနေဖြင့် နေ့စားအလုပ်ခွင်သို့ ပြန်လည် ဝင်ရောက်ခဲ့ပြီး နေ့စဉ်အလုပ်များကို နွမ်းပါးသည့် ကျပန်းလုပ်သားများအတွက် ကူညီဖြည့်ဆည်း ပေးခဲ့ပါသည်။

ဖြစ်ရပ်လေ့လာမှု (၉)


**အတူတကွစုပေါင်း လုပ်ဆောင်မှု၏ စွမ်းပကား**

အမျိုးမျိုးကွဲပြားသည့် လူမျိုးစုများနေထိုင်ရာ ကယားပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် အနွမ်းပါးဆုံး ကျေးရွာပြည်သူများအတွက် အစားအစာမျှဝေသည့် လုပ်ငန်းစဉ်တစ်ရပ် သတ်မှတ်ဆောင်ရွက်ခဲ့ကြပါသည်။ ၎င်းရွာရှိ ကျေးရွာပြည်သူများသည် "ကျေးရွာစုပေါင်းစပါး" အစီအစဉ်အတွက် ရာသီအလိုက် ၎င်းတို့လယ်ယာမြေမှ ထွက်ရှိသည့်စပါး၏ ဆယ်ပုံတစ်ပုံကို စုဆောင်းထည့်ဝင်ကြပါသည်။ ရည်ရွယ်ချက်မှာ တစ်နှစ်တာအတွင်း ကျေးရွာအတွက် ဆန်စပါးပြတ်လတ်မှု အန္တရာယ်လျော့ပါးစေရန်နှင့် ကြပ်တည်းသည့် အိမ်ထောင်စုများအတွက် ပံ့ပိုးနိုင်ရန်ဖြစ်သည်။ အိမ်ထောင်စုတစ်စုအနေဖြင့် စုပေါင်းစပါးအစီအစဉ်မှ တစ်နှစ်လျှင် အများဆုံး ဆန် ၆ အိတ်ခန့်အထိ ထုတ်ယူနိုင်ပါသည်။ စပါးမစိုက်သည့် မိသားစုများ သည်လည်း လိုအပ်ပါက ဆန်ထုတ်ယူနိုင်ပါသည်။ အစားအစာမဖူလုံသည့် မိသားစုများ အနေဖြင့် လိုအပ်ချက်ပေါ် မူတည်၍ ချေးယူနိုင်ပြီး ယင်းသို့ အတိုးနှုန်းနည်းနည်းဖြင့် ချေးယူ စရိတ်ကို ၎င်းတို့စပါးရိတ်သိမ်းပြီးချိန်မှသာ ပြန်လည်ပေးဆပ်ရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ကြောင့် ပြင်းထန်စွာဒုက္ခခံစားရသည့် ကျေးရွာပြည်သူများကိုလည်း စုပေါင်း၍ ပံ့ပိုးကူညီကြပါသည်။ ကျေးရွာအကြီးအကဲ၏ပြောကြားချက်မှာ – *"ကိုဗစ်ကာလမှာ လယ်မစိုက်ရင်တောင် ဆန်တော့ မပြတ်ကြဘူး။ နောက်ဆုံးမရှိရင် ရွာရဲ့ဆယ်ဖို့တစ်ဖို့ဆန် (ဘုံစပါး) ဆိုတာရှိတယ်။ အဲ့ကနေ ကူညီပေးတယ်။ ဘုံစပါးက လူတိုင်းနဲ့ဆိုင်တယ်။"*

ဇယား – ၇

**လူမှုကဏ္ဍ ဆက်ဆံမှု အခြေအနေများနှင့် ကျေးရွာအရေအတွက် ပုံမှန်အတိုင်း ပြောင်းလဲခြင်း မရှိ**



ယေဘုယျအားဖြင့် လူမှုကဏ္ဍဆက်ဆံမှုအခြေအနေမှာ တည်ငြိမ်၍ အားကောင်းခိုင်မာဆဲဖြစ်သော်လည်း အထူးသဖြင့် ရောဂါဖြစ်ပွားမှု အစပိုင်းကာလတွင် သံသယနှင့် မယုံကြည်မှုဖြစ်ပေါ်သည့် အခြေအနေများ ရှိခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ ဝေးလံသော ကျေးရွာ ၂ ရွာတွင် အချို့သော ကျေးရွာပြည်သူများသည် မလိုလားသည့် ဧည့်သည်များ မဝင်နိုင်ရန် ၎င်းတို့အိမ်ဝိုင်းတစ်ဝိုက် ခြံစည်းရိုးများ ကာရံခဲ့ကြပါသည်။ ကျေးရွာအကြီးအကဲများ၏ ပြောကြားချက်အရ အိမ်နီးချင်းတစ်ဦးဦး၏ နှာချေချောင်းဆိုးသည့်အသံကြားလျှင် သံသယဖြစ်ဖွယ် နာမကျန်းမှုအဖြစ် ကျေးရွာကိုဗစ်-၁၉ ကာကွယ်တားဆီးရေးကော်မတီများသို့ ဖုန်းဆက်တိုင်ကြားခဲ့သည့်အရေအတွက် မြင့်မားခဲ့ကြောင်း သိရပါသည်။ သို့သော် အခြေအနေများ ပြောင်းလဲလာပြီးနောက် အဆိုပါ အပြုအမူများ လျော့နည်းလာခဲ့ပါသည်။

**၂၀၂၀ ဇူလိုင်လအထိ အချက်အလက်များအရ ဆန်းစစ်လေ့လာမှုအနေဖြင့် ကျေးရွာတွင်တည်ရှိသည့် မတူညီသော တိုင်းရင်းသားနှင့်/ သို့မဟုတ် ဘာသာရေးအုပ်စုများအကြား ကိုဗစ်-၁၉ ကြောင့် ပြင်းထန်သည့် ခွဲခြားဆက်ဆံမှုအခြေအနေမျိုး မတွေ့ရှိရပါ။** သို့သော် ကျေးရွာပြည်သူများသည် ရပ်ရွာအတွင်း နောက်ခံတင်းမာမှု အခြေအနေများရှိကြောင်း ပြောကြားခဲ့ပါသည်။ ချင်းပြည်နယ်ရှိ ဝေးလံသည့် ကျေးရွာတစ်ရွာတွင် ကပ်ရောဂါမတိုင်မီကာလများအတွင်း ဘာသာရေးလူနည်းစုအုပ်စုအပေါ် အများစုမှ ခွဲခြားဆက်ဆံမှုနှင့် ဖယ်ကြဉ်မှုရှိကြောင်း သိရပါသည်။ ရောဂါဖြစ်ပွားမှု စတင်သည့်အချိန်မှစ၍ အဆိုပါဘာသာရေးအုပ်စုဝင်များသည် ကျေးရွာတွင် အတည်ပြုလူနာ မရှိသော်လည်း ရောဂါပိုးအန္တရာယ်ကြောင့် သတိ၊ သံသယနှင့် ဆက်ဆံခံရကြောင်း သိရှိရပါသည်။ သို့သော် ကချင်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင်မူ ဆက်ဆံမှုအခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်ခဲ့ပြီး အရင်းအမြစ်မျှဝေမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ တိုးပွားလာခဲ့ပါသည်။ ကယားပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင်လည်း လူအများစုဖြစ်သော တိုင်းရင်းသားအုပ်စုသည် ၎င်းတို့ကိုယ်တိုင်အနေဖြင့် အကူအညီပံ့ပိုးမှု လုံလောက်စွာမရရှိခဲ့သော်လည်း နွမ်းပါးသည့် တိုင်းရင်းသား လူနည်းစုအုပ်စုအတွက် အကူအညီပံ့ပိုးမှု ပိုမိုရရှိခြင်းအပေါ် ကန့်ကွက်ခဲ့ခြင်းမရှိပါ။ သို့ဖြစ်၍ အချို့သော ရပ်ရွာအသိုင်းအဝိုင်းများ၏ ယေဘုယျ သဘောဆန္ဒမှာ ကပ်ရောဂါ၏ စီးပွားရေးသက်ရောက်မှုများကို အတူတကွ ပူးပေါင်းကျော်လွှားရန် ဆန္ဒရှိကြောင်း ကောက်ချက်ချနိုင်ပါသည်။

**ကပ်ရောဂါကာလအတွင်း ကျေးရွာပြည်သူများအနေဖြင့် ဘာသာရေးနှင့် လူမှုရေးအခမ်းအနားများ မည်သို့ကြုံတွေ့ခဲ့ရသည်ဆိုသည်နှင့်စပ်လျဉ်း၍ ကွဲပြားသည့် အခြေအနေများရှိပြီး ယင်းသည် ရောဂါပိုးထိန်းချုပ်ရေးအတွက် အစိုးရလမ်းညွှန်ချက်များအပေါ် ဖြည့်စွက်သည့် ဒေသဆိုင်ရာ လမ်းညွှန်ချက်များ၏ အမျိုးမျိုးကွဲပြားသည့် အခြေအနေများအပေါ် ထင်ဟပ်မှုရှိနေပါသည်။** ယေဘုယျအားဖြင့် ၂၀၂၀ ဇူလိုင်လအထိ ကျေးရွာ ၂၀ မှာ ကျေးရွာပြည်သူများသည် လူမှုရေးနှင့် ဘာသာရေးအခမ်းအနားများကို ရှောင်လွှဲခဲ့ကြောင်း သိရပါသည်။ ဆန်းစစ်လေ့လာခဲ့သည့် ကျေးရွာအများအပြားတွင် အများအားဖြင့် ဘာသာရေးအဆောက်အအုံများ၌ ဝတ်ပြုဆုတောင်းမှုများ ပိတ်ထားပြီး အစိုးရလမ်းညွှန်ချက်များနှင့်အညီ လူမှုရေးနှင့် ဘာသာရေးစုဝေးမှုများကို ရပ်ဆိုင်းခဲ့ကြပါသည်။ ကယားပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ဘုရားရှိခိုးကျောင်းများ ပိတ်ထား၍ မိသားစု ၂ စု/၃ စု အတူ စုပေါင်း၍ တစ်စုံတစ်ဦးအိမ်တွင် ဝတ်ပြုဆုတောင်းကြပါသည်။ ချင်းပြည်နယ် ကျေးရွာ ၂ ရွာတွင် အချို့သော ဘုရားရှိခိုးကျောင်းများကို ဝတ်ပြုဆုတောင်းရန် ဖွင့်ထားသော်လည်း နည်းပါးသည့် လူဦးရေကန့်သတ်ချက်ဖြင့်သာ တက်ရောက်ခွင့်ပြုပြီး ချင်းပြည်နယ် အခြားကျေးရွာများရှိ ဘုရားရှိခိုးကျောင်းများကိုမူ ပိတ်ထားခဲ့ပါသည်။ အရေးကြီးသည့် မိသားစုအခမ်းအနားများကို ကျင်းပကြသော်လည်း ယခင်ကဲ့သို့ အစဉ်အလာနည်းလမ်းအတိုင်း ဆောင်ရွက်ခြင်းမပြုကြပါ။ ဥပမာ- ကချင်ပြည်နယ်တွင် လက်ထပ်မည့် စုံတွဲများသည် မင်္ဂလာအခမ်းအနား မကျင်းပဘဲ လက်ထပ်စာချုပ်တွင်သာ လက်မှတ်ရေးထိုးကြပါသည်။ ရန်ကုန်တိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် မင်္ဂလာအခမ်းအနားကျင်းပရန် ခွင့်မပြုသော်လည်း အသုဘအခမ်းအနားများကိုမူ မိသားစုဝင်အရင်းများဖြင့် ဆောင်ရွက်ခဲ့ပြီး ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန်နှင့် အချင်းချင်း ၆ ပေ ခွာ၍ နေထိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ ချင်းပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင်

လက်ထပ်ထိမ်းမြားမှု လုပ်ငန်းစဉ်ကို ဆွေမျိုးအရင်းများဖြင့်သာ ဆောင်ရွက်ခဲ့ကြပြီး အသုဘ အခမ်းအနားများကိုမူ ပုံမှန် ကျင်းပသည့် ၃ ရက် အစား (ကွယ်လွန်သူသည် အရွယ်ရောက် ပြီးသူဖြစ်ပါက) တစ်ရက်ခန့်ဖြင့် ကန့်သတ်ဆောင်ရွက်ခဲ့ကြပါသည်။

**သို့သော် အချင်းချင်း ခပ်ခွာခွာနေထိုင်မှုသည် ကျေးရွာအတွင်း လူမှုကဏ္ဍဆက်ဆံမှုများအပေါ် သက်ရောက်မှုမရှိခဲ့ပါ။** အကျပ်အတည်းကာလသက်ရောက်မှုကို ကျေးရွာတစ်ရွာလုံး ခံစားနေ ရခြင်းဖြစ်သောကြောင့် လူတိုင်းအတွက် တူညီသည့်အခြေအနေကို ကြုံတွေ့နေရကြောင်း ကျေးရွာပြည်သူများမှ သဘောပေါက်နားလည်ကြသည်ဟု စစ်တမ်းဖြေကြားသူများထံမှ သိရှိ ရပါသည်။

---

## ၅.၂။ အမျိုးသမီးများအပေါ် သက်ရောက်မှု

**ဆန်း စစ်လေ့လာမှုများအရ အမျိုးသမီးများသည် အကျပ်အတည်းရိုက်ခတ်မှုကို ပိုမိုခံစားရကြောင်း သိရှိရပါသည်။** အမျိုးသမီးများသည် အများအားဖြင့် အိမ်ထောင်စု၏ ငွေကြေးသုံးစွဲမှု အခြေအနေနှင့် ချက်ပြုတ်ကျွေးမွေးရန် တာဝန်ယူရသောကြောင့် အစားအစာနှင့် ပတ်သက်၍ မိသားစုအတွက် ပိုမိုပူပန်ကြရပါသည်။ ရခိုင်ပြည်နယ်ကျေးရွာတစ်ရွာမှ စစ်တမ်းဖြေကြားသူတစ်ဦး၏ ပြောကြားချက်မှာ -

> "ဒီရောဂါပိုးကြီးဖြစ်တာက အမျိုးသမီးတွေအတွက် အထိနာဆုံးပဲ။ ဝင်ငွေကမရှိလို့ စားရေးသောက်ရေး ကျပ်တည်းလို့ ပိုက်ဆံသွားချေးတာကလည်း အမျိုးသမီးတွေပဲ လုပ်ရတော့ အမျိုးသမီးတွေမှာ ဝန်ထုပ်ဝန်ပိုးတွေချည်းပဲ။ အိမ်အတွက် ဈေးဝယ်တာလည်း မိန်းမတွေပဲဆိုတော့ ရောဂါပိုးလည်း ကြောက်ရ၊ သူများက ဆက်ဆံရေးမကောင်းလည်း မိန်းမတွေပဲ ခံကြရတော့ မိန်းမတွေ ပိုပင်ပန်းတယ်။ ဒီရွာက အမျိုးသားတွေက လယ်ထွန်၊ နွားကျောင်းအလုပ်ပဲ လုပ်တာ ကျန်တာအကုန် အမျိုးသမီးတွေပဲ လုပ်ရတာ။"

**သို့သော် အချင်းချင်း ခပ်ခွာခွာနေထိုင်မှုသည် ကျေးရွာအတွင်း လူမှုကဏ္ဍဆက်ဆံမှုများအပေါ်- တိုးပွားလာသည့် အလုပ်တာဝန်များ၊ စိတ်ဖိစီးမှုနှင့် ၎င်းစိတ်ဖိစီးမှုလျော့နည်းစေမည့် စိတ်ထွက် ပေါက်နည်းလမ်းနှင့် ပံ့ပိုးမှုနည်းပါးသည့်အခြေအနေများကို စစ်တမ်းဖြေကြားသူအမျိုးသမီး များမှ ထောက်ပြကြပါသည်။** ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာမှ စစ်တမ်းအင်တာဗျူး ဖြေကြားခဲ့သည့် အမျိုးသားတိုင်း ဖော်ပြသည့်အချက်မှာ ကပ်ရောဂါ အကျပ်အတည်းကြောင့် အမျိုးသမီးများအပေါ် ထူးထူးခြားခြား အခက်အခဲများ ဖြစ်ပေါ်စေခြင်းမရှိဟု သိရှိရသော်လည်း ၎င်းကျေးရွာမှ စစ်တမ်းဖြေကြားသူ အမျိုးသမီး၏ ပြောကြားချက်အရ ကပ်ရောဂါကြောင့် မရေရာမှုများနှင့် စိတ်ပိုင်းဆိုင်ရာ ဖိအားခံစားရမှုများကို မတူညီသည့်အမြင်ဖြင့် ယခုလို ပြောကြားခဲ့ပါသည်။ - *"အမျိုးသမီးတွေ အိမ်မှုကိစ္စ ပိုလာတယ်။ ကလေးတွေဆိုရင်လဲ အရင်ကဆို ဆော့ချင်တိုင်းဆော့ လွှတ်ထားလို့ရပေမယ့် အခုဆို ကလေးတွေ သေချာထိန်းရတယ်။ အရင်ကထက် ပိုပင်ပန်းတာပေါ့။ ကလေးတွေ သန့်ရှင်းရေးပိုင်း တာဝန်ပိုတာတွေရှိတယ်။ မိသားစုအတွင်း ဆက်ဆံရေးကတော့ အကုန်အဆင်ပြေတယ်။ ရပ်ရေးအမျိုးသမီးကဏ္ဍကတော့ ပုံမှန်ထက် လုပ်စရာတွေ နည်းသွားတယ်။ ဘာလို့လဲဆိုတော့ ပဋ္ဌာန်းလဲ မရွတ်တော့ဘူး။*

*ဝါတွင်းကုသိုလ်လဲ မလုပ်ရတော့ဘူး။ ဝေယျာဝစ္စတွေ မလုပ်ရတော့ဘူး။ မလုပ်ရတော့ စိတ်မကောင်း ဖြစ်မိတာပေါ့။ ကုသိုလ်မယူရတော့ဘူးဆိုတော့ ရွာထဲက အမျိုးသမီးတွေ စိတ်မကောင်း ဖြစ်နေကြတယ်။”*

**သို့သော် ကိုဗစ်–၁၉ ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမျိုးသမီးများ၏ ပံ့ပိုးမှုနှင့် ပူးပေါင်းပါဝင်မှုများ တိုးမြင့်ခဲ့သည့်အခြေအနေများရှိပါသည်။** ဥပမာ – မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် အမျိုးသမီးများ မပါဝင်ပါက ကျေးရွာခေါင်းဆောင်များအကြား ပူးပေါင်းဆောင်ရွက်မှု အနည်းငယ်သာရှိခဲ့မည်ဖြစ်ပြီး ကျေးရွာအတွင်း ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန်နှင့် လက်ဆေးရန် သတင်းအချက်အလက်များကို အမျိုးသမီးများမှ ကူညီဖြန့်ဝေပေးခဲ့ကြပါသည်။ မကွေးတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် အမျိုးသမီးများသည် လုံခြုံရေးတာဝန်၊ ကြိုတင်ကာကွယ်ရေး စောင့်ရှောက်မှုတာဝန်များ လုပ်ဆောင်ခြင်း၊ ရန်ပုံငွေများ စီမံခြင်း။ (ဥပမာ – ဆပ်ပြာများ၊ နှာခေါင်းစည်းများဝယ်ယူခြင်းနှင့် ၎င်းတို့ကိုယ်တိုင် စိုက်ထုတ်လှူဒါန်း လုပ်ဆောင်ခြင်းစသည်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။)

**မိသားစု၏ ဘဏ္ဍာရေးဖိအားများနှင့် စီးပွားရေးအခက်အခဲများကြောင့် မိသားစုအတွင်း ဆက်ဆံရေးအခြေအနေများအပေါ် ထိခိုက်သက်ရောက်မှုများရှိကြောင်း သိရပါသည်။** စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများမှအစ ချင်းနှင့် မွန်ပြည်နယ်အဆုံး စစ်တမ်းဖြေကြားသူများ၏ ပြောကြားချက်အရ အိမ်ထောင်ဖက်များအကြား မကြာခဏ စကားများမှုများ ပိုမိုဖြစ်ပေါ်ခဲ့သည်ဟု သိရပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာမှ အမျိုးသားတောင်သူတစ်ဦး၏ ပြောကြားချက်မှာ *“အိမ်ထောင်ရေးမှာ စီးပွားရေး အဆင်ပြေကောင်းမွန်ဖို့က သိပ်အရေးကြီးပါတယ်။”* အများအားဖြင့် အိမ်ထောင်ဖက်အချင်းချင်း စကားများမှုများသည် မြန်မြန်ဆန်ဆန် ပြန်လည်ဖြေရှင်းနိုင်သည့် အခြေအနေမျိုးရှိသော်လည်း မကြာခဏဆိုသလို ကျေးရွာခေါင်းဆောင်၏ ကြားဝင်ဖြန်ဖြေရမှုများရှိပြီး အကျပ်အတည်းကာလ ဆက်လက်ဖြစ်ပေါ်နေမှုကြောင့် မိသားစုဆက်ဆံရေးအပေါ် ဖိအားများထပ်မံဖြစ်ပေါ်မည့် အခြေအနေကို စိုးရိမ်ပူပန်ကြကြောင်း စစ်တမ်းဖြေကြားသူများထံမှ သိရပါသည်။ သို့သော် အခြားစစ်တမ်း ဖြေကြားသူများ၏ ပြောကြားချက်အရ လော့ခ်ဒေါင်းနှင့် ခရီးသွားလာမှု ကန့်သတ်ချက်များကြောင့် မိသားစုအတွင်း အတူတကွ နေထိုင်သည့်အချိန် ပိုမိုများပြားလာပြီး မိသားစုအတွင်း ဟန်ချက်ညီမှုများ တိုးပွားလာသည်ဟုလည်း သိရပါသည်။

ဖြစ်ရပ်လေ့လာမှု (၁၀)

**ရောဂါပိုးကူးစက်မှုအပေါ် ထိတ်လန့်ခြင်းကြောင့် အိမ်ထောင်ရေးဆိုင်ရာ ဖိအားများ တိုးလာခြင်း**

အကျပ်အတည်း စတင်ဖြစ်ပွားသည့်အချိန်၌ စစ်တမ်းဖြေကြားသူတစ်ဦး၏ ခင်ပွန်းသည် ၎င်းအလုပ်လုပ်သည့် ရေနံလုပ်ကွက်တွင် ကာလရှည်နေထိုင်လုပ်ကိုင်ပြီးနောက် ကျေးရွာသို့ ပြန်လာခဲ့ပါသည်။ ကွာရန်တင်းစင်တာတွင် ၁၄ ရက်ခန့်နေပြီးနောက် ဇနီးသည်ရှိရာ အိမ်သို့ ပြန်လာခဲ့ပါသည်။ သူမအနေဖြင့် မိသားစုနှင့် အိမ်မှုကိစ္စတာဝန်အများအပြားကို ဆောင်ရွက်နေရပြီး ခင်ပွန်းဖြစ်သူမှာ အေးအေးဆေးဆေး စားလိုက်၊ အိပ်လိုက် ရွာအတွင်း လှည့်ပတ်သွားလာရင်း အချိန်ဖြုန်းနေသည်ဟု ထင်မြင်ယူဆလာပါသည်။ ၎င်း၏ဇနီးဖြစ်သူမှာ ၎င်းခင်ပွန်းသည်၏ ရောဂါပိုးကာကွယ်ရေးအစီအမံများအပေါ် လျော့တိလျော့ရဲ သဘောထားသည်ဟု စိုးရိမ်ပူပန်လာခဲ့ပြီး တစ်ကိုယ်ရေ ကျန်းမာရေးနှင့်ပတ်သက်၍ နှာခေါင်းစည်း တပ်ရန်၊ လက်ဆေးရန်စသည်တို့ကို မကြာခဏ သတိပေးနေရပါသည်။ သူမ၏ ခင်ပွန်းသည် ကျေးရွာအတွင်း သွားလာရာမှ အိမ်သို့ပြန်လာသည့်အချိန်များတွင် ၎င်းထံမှ ရောဂါပိုးကူးစက်မည်ကို ထိတ်လန့်ကြောက်ရွံ့မှုများ ပိုမိုတိုးပွားလာပြီး ဇနီးသည်အနေဖြင့် ခင်ပွန်းမှ တို့ထိမည်ကို ငြင်းဆန်သည့် အခြေအနေအထိ စိုးရိမ်ထိတ်လန့်မှုမြင့်မားလာခဲ့ပါသည်။ ယင်းအခြေအနေအပေါ် ခင်ပွန်းသည်၏ ပြောကြားချက်မှာ – *“ငါ့မှာ ကိုယ်ပိုင်အိမ်ရှိပေမယ့် အိမ်မှာမနေနိုင်ဘဲ အမြဲတမ်းအလုပ်လုပ်နေရတာပါ။ ဒါပေမယ့် အခုလို အနားယူဖို့ အိမ်ပြန်လာတဲ့အချိန် ငါ့မှာ မင်းကိုထိတို့လို့တောင် မရဘူးဆိုတော့ ငါမင်းနဲ့ ကွာရှင်းတော့မယ်”*

**အိမ်တွင်းအကြမ်းဖက်မှုဖြစ်ရပ်များ သိသာစွာတိုးမြင့်လာသည်ကို သတိပြုမိကြောင်း၊ ကျေးရွာ ၃ ရွာမှ ကိုယ်စားလှယ်များက ဖော်ပြခဲ့သလို ထပ်မံ၍ကျေးရွာ ၅ ရွာတွင်လည်း အနည်းငယ်တိုးမြင့်လာသည်ဟု သိရှိရပါသည်။** နိုင်ငံတကာအထောက်အထားများအရ ယေဘုယျအားဖြင့် အိမ်တွင်းအကြမ်းဖက်မှုဖြစ်ရပ်များကို တိုင်ကြားခြင်းမရှိသလို နစ်နာမှုခံစားရသည့်ပုဂ္ဂိုလ်များအနေဖြင့်လည်း လက်တုံ့ပြန်ခံရမည်ကို ကြောက်ရွံ့သဖြင့် ထုတ်ဖော်တိုင်ကြားရန် (သို့မဟုတ်) အကူအညီ ရှာဖွေရန် ကြိုးပမ်းလုပ်ဆောင်လေ့မရှိကြပါ။ ဆန်းစစ်လေ့လာမှုအတွက် နမူနာကောက်ယူရာတွင် အမျိုးသမီးအရေအတွက် သိသာများပြားစွာ ပါဝင်သော်လည်း ဤဆန်းစစ်လေ့လာမှုအနေဖြင့် အထက်တွင် ဖော်ပြခဲ့သလို အလားတူကန့်သတ်ချက်များ ရှိပါသည်။ အိမ်တွင်းရေးအကြမ်းဖက်မှု ဖြစ်ရပ်များကို ဖြေရှင်းရာတွင် ကြုံတွေ့ရသည့် လက်ရှိအခက်အခဲများသည် ကပ်ရောဂါအခြေအနေကြောင့် ပိုမိုဆိုးရွားစေပြီး နေအိမ်အတွင်း၌သာနေထိုင်ရန် (Stay–at–home) သတ်မှတ်ချက်များကြောင့် အိမ်တွင်နေထိုင်သည့် အချိန်တိုးပွားလာပြီး နစ်နာသူများအတွက်လည်း အကူအညီရရှိနိုင်မည့် အခွင့်အလမ်း နည်းပါးစေခြင်းကြောင့် အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ (သို့မဟုတ်) ကျား/မအခြေပြု အကြမ်းဖက်မှု (SGBV) များအတွက် ဖြေရှင်းဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်စေပါသည်။ ရောဂါပိုးကူးစက်ခံရမည့် အခြေအနေကို စိုးရိမ်ပူပန်ခြင်းကြောင့် အမျိုးသမီးများအနေဖြင့် SGBV နှင့် ကျန်းမာရေး အကူအညီ ဝန်ဆောင်မှုများ ရယူနိုင်ခြေနည်းပါးသလို မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပံ့ပိုးမှုများအနေဖြင့်လည်း ရွေးချယ်ဆောင်ရွက်ရန် အကန့်အသတ်များစွာရှိပါသည်။[၁၄] ချက်ပြုတ်ရေးနှင့် အစားအသောက်ဖူလုံရေးအတွက် အမျိုးသမီးများတွင် တာဝန်ရှိသည့် အခြေအနေမျိုးတွင် အစားအစာလုံလောက်မှုမရှိခြင်းကြောင့် အမျိုးသမီးများအတွက် အိမ်တွင်းရေးအကြမ်းဖက်မှု[၁၅] အန္တရာယ် ပိုမိုမြင့်မားနိုင်ပါသည်။

**မူးယစ်ဆေးအလွဲသုံးစားမှုသည် ပြဿနာတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေပြီး အိမ်တွင်းအကြမ်းဖက်မှုဖြစ်ရပ်များနှင့် ဆက်နွှယ်မှုရှိပါသည်။** တနင်္သာရီတိုင်းဒေသကြီးရှိ ပြစ်မှုဖြစ်ပွားမှုရာဇဝင် မရှိခဲ့သော ကျေးရွာတစ်ရွာမှ ကျေးရွာကိုယ်စားလှယ်များ၏ ပြောကြားချက်အရ လော့ခ်ဒေါင်းသတ်မှတ်ချက်၊ ခရီးသွားလာမှုကန့်သတ်ချက်များနှင့် ကျေးရွာအတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်မှုများကြောင့် အကျပ်အတည်းကာလအတွင်း မူးယစ်ဆေးနှင့် ပတ်သက်သည့် ကိစ္စရပ်များ လျော့နည်းကျဆင်းခဲ့သည်ဟု သိရှိရပါသည်။ ယင်းကျေးရွာခေါင်းဆောင်၏ မှတ်ချက်ပြုပြောကြားချက်မှာ – *"အစိုးရအနေနဲ့ မူးယစ်ဆေးဝါးကိုလဲ အခု ကိုဗစ်လိုမျိုး ဂိတ်တွေဖွဲ့ပြီး စစ်ဆေးတာတွေ လုပ်ဆောင်မယ်ဆိုရင် ကျနော့်အမြင် တော်တော်ကောင်းမယ်ထင်တယ်"* သို့သော် ကန့်သတ်ချက်များကြောင့် ကျေးရွာများသို့ မူးယစ်ဆေးဝါး စီးဆင်းမှု လျော့နည်းခဲ့သော်လည်း မူးယစ်ဆေးစွဲသူများအတွက် မိသားစုနှင့်အတူရှိနေသည့်အချိန် များပြားလာသောကြောင့် ၎င်းတို့အတွက် အန္တရာယ် အလားအလာရှိနိုင်ပါသည်။ ရှမ်းပြည်နယ်ရှိ ဝေးလံသော ကျေးရွာတစ်ရွာမှ စစ်တမ်းဖြေကြားသူတစ်ဦး၏ပြောကြားချက်အရ ဆန်းစစ်လေ့လာမှု ဆောင်ရွက်နေသည့်ကာလအတွင်း မူးယစ်ဆေးစွဲသူတစ်ဦးမှ ၎င်း၏ မီးနေသည်ဖြစ်သော ဇနီးကို ရိုက်နှက်သဖြင့် အဖမ်းခံခဲ့ရကြောင်း အိမ်တွင်းအကြမ်းဖက်မှုဖြစ်ရပ်အကြောင်းကို ဖော်ပြခဲ့ပါသည်။

---

၁၄ Fraser, E. 2020. "Impact of COVID–19 Pandemic on Violence Against Women and Girls." VAWG Helpdesk Research Report No. 284. March 16, UKAID.

၁၅ GBV ကဏ္ဍ၌ မြန်မာ ၂၀၂၀ ကိုဗစ်–၁၉ ကပ်ရောဂါ အချိန်ကာလအတွင်း GBV အတွက် ဝန်ဆောင်မှုများ ထောက်ပံ့ရာတွင် လိုက်နာရမည့် လမ်းညွှန်မှတ်စု

## ၅.၃။ ပြစ်မှုများ

**ရခိုင်၊ ကရင်၊ ချင်း၊ မွန်ပြည်နယ်များနှင့် မန္တလေးတိုင်းဒေသကြီးများ အပါအဝင် အချို့သော ပြည်နယ်တိုင်းဒေသကြီးများရှိ ကျေးရွာပြည်သူများအနေဖြင့် ကပ်ရောဂါ စတင်သည့်အချိန်မှစ၍ ကျေးရွာများတွင် အလစ်သုတ် ခိုးယူမှုများ တိုးပွားလာသည်ကို သတိပြုမိကြောင်း သိရှိရပါသည်။** အထူးသဖြင့် သူခိုးများသည် မော်တော်ဆိုင်ကယ်များ၊ မွေးမြူရေးတိရစ္ဆာန်များ၊ တိရစ္ဆာန်အစာများနှင့် အမျိုးသမီးပိုက်ဆံအိတ်များကို အဓိက ပစ်မှတ်ထားကြပါသည်။ အချို့သော ကျေးရွာပြည်သူများသည် စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်ရခြင်းကြောင့် ယခုကဲ့သို့ပြစ်မှုများ တိုးပွားလာသည်ဟု ယူဆကြကြောင်း ကျေးရွာကိုယ်စားလှယ်များမှ ယူဆကြပါသည်။ ဧရာဝတီတိုင်းဒေသရှိ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သော ကျေးရွာတစ်ရွာမှ စစ်တမ်းဖြေကြားသူတစ်ဦး၏ပြောကြားချက်မှာ ၎င်းတို့အနေဖြင့် သူခိုးများကို ပူပန်ရသောကြောင့် ယခင်ကဲ့သို့ ငါးဖမ်းပိုက်များကို မလှမ်းထားတော့ဘဲ လုံခြုံစိတ်ချရမှုရှိစေရန် အချို့ငါးဖမ်းသူများသည့် နေ့စဉ်ငါးဖမ်းပိုက်များကို အိမ်သို့ဆွဲယူသိမ်းဆည်းကြရကြောင်း သိရပါသည်။

---

## ၅.၄။ ကျေးရွာများအကြား ဆက်ဆံ/ဆက်သွယ်မှုများ

**ဤဆန်းစစ်လေ့လာမှုအနေဖြင့် ကျေးရွာအဆင့်ကို အခြေခံယူနစ်တစ်ခုအဖြစ် အဓိက ထား ဆောင်ရွက်သော်လည်း မြန်မာနိုင်ငံရှိ ကျေးရွာများကို ကျေးရွာအုပ်စုများအဖြစ် ဖွဲ့စည်း၍ အစိုးရအုပ်ချုပ်ရေးစနစ်၏ အခြေခံယူနစ်အဖြစ် သတ်မှတ်ထားရှိပါသည်။** ဆန်းစစ်လေ့လာမှု ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် လူမှုကဏ္ဍပေါင်းစည်းညီညွတ်မှု အနေဖြင့် သိသာစွာလျော့နည်းမှုရှိသည်ဟု ယူဆနိုင်ပြီး အနီးဝန်းကျင်ရှိ ကျေးရွာများနှင့် ဆက်ဆံရေးအခြေအနေသည်လည်း ကွာရန်တင်းစင်တာ တည်ရှိမှု၊ အသွားအလာမရှိမှု၊ အလုပ်ကိစ္စအလို့ငှာ ကျေးရွာများအကြား သွားလာနိုင်ခြင်းမရှိမှု၊ ခိုးယူမှု စွပ်စွဲချက်များနှင့် ရောဂါပိုး အပေါ် ပူပန်မှုများကြောင့် အခက်အခဲနှင့် ဖိအားများကြုံတွေ့ရမှု ရှိနိုင်ပါသည်။

**နိုင်ငံအတွင်း ကာလကြာရှည် ပဋိပက္ခဖြစ်ပွားမှုရှိသော (သို့မဟုတ်) တိုင်းရင်းသားနှင့် ဘာသာရေး အုပ်စုများအကြား ယုံကြည်မှုအားနည်းသော ဒေသများတွင် ရောဂါပိုးကြောင့် ရန်လိုမှုနှင့် ဖယ်ကြဉ်မှုများ ထပ်မံတိုးပွားစေရန် တွန်းအားပေးသည့် အခြေအနေမျိုးဖြစ်နိုင်ပါသည်။**

ဖြစ်ရပ်လေ့လာမှု (၁၁)

## ကျေးရွာများအကြား ဆက်ဆံရေး အခြေအနေများ

ရခိုင်ပြည်နယ်ရှိ ကျေးရွာအုပ်စုတစ်ခုတွင် ၂၀၁၂ ခုနှစ်အတွင်း ရိုဟင်ဂျာ ကျေးရွာမီးရှို့မှု ဖြစ်ပေါ်ပြီးနောက်ပိုင်း ရခိုင်ကျေးရွာများနှင့် ရိုဟင်ဂျာအဖြစ် ကိုယ်ပိုင်သတ်မှတ်ထားသည့် ကျေးရွာတစ်ရွာအကြား ဆက်ဆံရေးအခြေအနေမှာ တင်းမာသည့်အခြေအနေ ဖြစ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် ၎င်းကျေးရွာပြည်သူများကို ရခိုင်ကျေးရွာများသို့ ဝင်ရောက်ရန် (သို့မဟုတ်) ကျောက်တော်သို့ သွားလာရန်ခွင့်မပြုတော့ဘဲ ၎င်းတို့အား "ဘင်္ဂါလီ"အဖြစ် ရည်ညွှန်းသတ်မှတ်ခဲ့ပါသည်။ မကြာသေးမီကာလအတွင်း ရခိုင်ပြည်သူများသည် ၎င်းတို့အား "မွတ်ဆလင်"များအဖြစ် ရည်ညွှန်းသတ်မှတ်ပြီး အချို့ကျေးရွာများသည် ရိုဟင်ဂျာများကို ရခိုင်ကျေးရွာများတွင် ပြန်၍အလုပ်လုပ်စေပါသည်။ သို့သော် ဘင်္ဂလားဒေ့ရှ်မှ ပြန်ရောက်လာသူများတွင် ပိုးကူးစက်ခံရသူများပါဝင်ကြောင်း တွေ့ရှိပြီးနောက်ပိုင်း ရခိုင်ကျေးရွာများသည် ၎င်းတို့ ကျေးရွာများတွင် လာရောက်အလုပ်လုပ်ခွင့် ငြင်းပယ်ခဲ့ပြီး ရိုဟင်ဂျာများ ကျေးရွာအတွင်း ဝင်ရောက်မှုကို လုံးဝခွင့်မပြုဘဲ ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းတွင်သာ ထိရောက်စွာ ပိတ်ဆို့ကန့်သတ်ထားရှိပြီး ၎င်းတို့အနေဖြင့် အစားအစာဝယ်ယူရန်ပင် အခက်အခဲများစွာ ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၀၂၀ ဇူလိုင်လတွင် အနီးရှိ ရခိုင်ကျေးရွာမှ နွားများ ခိုးယူကြောင်း အဆိုပါကျေးရွာပြည်သူများကို စွပ်စွဲခဲ့ပြီး ဆက်ဆံရေး ပိုမိုတင်းမာသည့် အခြေအနေ ဖြစ်ပေါ်စေခဲ့ပါသည်။

စစ်တမ်းအင်တာဗျူး မေးမြန်းသည့်အချိန်တွင် ကျေးရွာအကြီးအကဲနှင့် စစ်တမ်းဖြေကြားသူ သုံးဦးအနက် နှစ်ဦးမှာ ကာလကြာရှည် အဖျားရောဂါ ခံစားနေရပြီး ရိုးရာဆေးဝါးများနှင့်လည်း မသက်သာကြောင်းသိရသည်။ ၎င်းတို့၏ပြောကြားချက်အရ အဖျားရောဂါနှင့် နာမကျန်းမှုကို အချိန်အတော်ကြာ ခံစားနေရသောကြောင့် ကျေးရွာခေါင်းဆောင်မှ မြို့နယ်ကျန်းမာရေးဌာနရှိ ဒေသခံသားဖွားဆရာမကို ၎င်းတို့၏ရောဂါလက္ခဏာများပြောပြ၍ လာရောက်စစ်ဆေးပေးရန် ကူညီတောင်းခံခဲ့ပါသည်။ သို့သော် သူမက အဆိုပါနာမကျန်းမှုမှာ ရာသီတုပ်ကွေးသာ ဖြစ်ကြောင်းပြောဆိုပြီး လာရောက်စစ်ဆေးပေးရန် ငြင်းဆိုခဲ့သောကြောင့် ကျေးရွာခေါင်းဆောင်မှ ဤသို့စိတ်ပျက်လက်ပျက် ညည်းတွားဖော်ပြခဲ့ပါသည်။ – *"အခုလို ဘဝကြီးနဲ့ ရှင်သန်နေထိုင်ရတာကို စိတ်ကုန်လွန်းလို့ နောက်ဘဝ လူတောင် ပြန်မဖြစ်ချင်တော့ဘူး။ အခုဖျားနေတာ တစ်လလောက်ရှိနေပြီ ဆေးကုသခွင့်လည်းမရတော့ လူ့အခွင့်အရေးဆိုတာ ဘာမှန်းတောင် မသိတော့ဘူး။ ကျွန်တော် စစ်တွေသွားပြီး ဆေးခန်း အရမ်းပြချင်နေတယ်။ ဒါပေမဲ့ ကျွန်တော်တို့ သွားလို့မရဘူး။ အခုကျွန်တော်သတင်းကြားရတာ ကျွန်တော့်သူငယ်ချင်း မွတ်ဆလင်ရွာတွေမှာလည်း ဖျားနေတဲ့သူတွေရှိတယ်လို့ ပြောကြတယ်။ အခု ကျွန်တော်တို့ ဖျားတာကို ရမ်းကုခေါ်ပြီး ကုရတယ်။ သူပေးနိုင်တာကလည်း ပါရာစီတမောလောက်ပဲ ပေးနိုင်တာလေ။ အဖျားက ပျောက်လိုက် ပြန်ဖျားလိုက်နဲ့ မပျောက်ဘူးဖြစ်နေတာ။"*

ဩဂုတ်လကုန်ပိုင်းလောက်တွင် ကျေးရွာပြည်သူအများစု၏ ရောဂါလက္ခဏာများ ပျောက်ကင်းသွားခဲ့ပြီး အဖျားငွေ့ငွေ့ဖြင့် နေထိုင်မကောင်းသူ အနည်းငယ်သာ ဆက်လက်ကျန်ရှိကြောင်း ကျေးရွာအကြီးအကဲထံမှ သိရှိရပါသည်။

# ၆ ဦးဆောင်မှု

စာမျက်နှာ ၄၅–၅၀

## ၆.၁။ ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများတွင် ဦးဆောင် ပါဝင်သူများ




Photo by Anastasiia Popova on Unsplash

ကျေးရွာအုပ်ချုပ်ရေးမှူးများ (သို့မဟုတ်) ကျေးရွာခေါင်းဆောင်များသည် ကျေးရွာ ၃ ရွာမှလွဲ၍ ကျန်သည့် ကျေးရွာများအားလုံးတွင် ရောဂါပိုး တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများ၌ ဦးဆောင်ပါဝင်ခဲ့ကြပါသည်။ ကျေးရွာကျန်းမာရေးလုပ်သားများ ဦးဆောင်သည့် အခန်းကဏ္ဍမှပါဝင်သည့် ကျေးရွာ ၃၅ ရွာရှိပြီး အခြားဦးဆောင်သူများ (ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ) ပါဝင်သည့် ကျေးရွာ ၃၁ ရွာ၊ ကျေးရွာ ရပ်မိရပ်ဖများနှင့် အခြား ဦးဆောင်သူများ ဆောင်ရွက်သည့် ကျေးရွာ ၂၅ ရွာနှင့် ဘာသာရေးခေါင်းဆောင်များ ပါဝင်သည့် ကျေးရွာ ၁၃ ရွာခန့် ရှိပါသည်။ (ဇယား–၈) ဘာသာရေးခေါင်းဆောင်များသည် အထူးသဖြင့် အစားအသောက် အကူအညီများ၊ အခြားလှူဒါန်းမှုများ စီမံခန့်ခွဲခြင်းနှင့် ၎င်းတို့၏ အဆောက်အအုံအား ကွာရန်တင်းစင်တာအဖြစ် အသုံးပြုရန် ကမ်းလှမ်းခြင်း စသည့်လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခဲ့ကြပါသည်။ ကိုဗစ်–၁၉ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ၌ တက်ကြွစွာပါဝင်ခဲ့သည့် အခြား အုပ်စုများတွင် သားဖွားဆရာမများ၊ ကြက်ခြေနီများ၊ ဒေသခံမီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့များ၊ လူငယ်အဖွဲ့များနှင့် အမျိုးသမီးအဖွဲ့များ ပါဝင်ပါသည်။ ထို့ပြင် တအောင်းကျန်းမာရေး အဖွဲ့များ၊ တအောင်းရပ်ရွာပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးသည့် ဒေသခံ NGO အဖွဲ့အစည်းနှင့် ကရင်အမျိုးသား အဖွဲ့ချုပ် (KNU)တို့လည်း ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

**ကျေးရွာခေါင်းဆောင်များ၏ ပြောကြားချက်အရ NCDDP စီမံကိန်းမရှိသော ကျေးရွာများနှင့် နှိုင်းယှဉ်ပါက NCDDP စီမံကိန်းရှိသော ကျေးရွာများမှ ခေါင်းဆောင်များသည် အစိုးရ လမ်းညွှန်ချက်များ လိုက်နာဆောင်ရွက်မှုရှိစေရေးအတွက် သိသာစွာ ပိုမိုဆောင်ရွက်မှုရှိကြောင်း သိရပါသည်။** ဦးဆောင်သူများ အများဆုံးပံ့ပိုးဆောင်ရွက်သည့် လုပ်ငန်းများတွင် သတင်းအချက် အလက်မျှဝေခြင်း (၃၆ ရွာ)၊ လက်ကမ်းစာစောင်နှင့် မိုဘိုင်းဖုန်းအသုံးပြု၍ ကြေညာချက်များ ဖြန့်ဝေခြင်းနှင့် အစိုးရလမ်းညွှန်ချက်များ လိုက်နာဆောင်ရွက်မှုရှိစေရေး ကြိုးပမ်းခြင်း (၃၁ ရွာ)၊ ညမထွက်ရ အမိန့်ထုတ်ပြန်ချက်များ၊ ခရီးသွားလာမှုကန့်သတ်ချက်များ၊ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရေး၊ လူစုလူဝေးကန့်သတ်ချက်များ၊ လက်ဆေးခြင်း၊ ကိုယ်ပူချိန် တိုင်းတာခြင်း၊ ပံ့ပိုးအကူအညီများဖြန့်ဝေခြင်း စသည့်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်း (၂၄ ရွာ)၊ ကွာရန်တင်းနှင့် သက်ဆိုင်သည့် လမ်းညွှန်ချက်များ ဖြည့်ဆည်းပေးခြင်း (၂၂ ရွာ) တို့ ပါဝင်ကြပါသည်။ ထို့ပြင် ကွာရန်တင်းစင်တာများ ထူထောင်ခြင်း၊ ကွာရန်တင်းဆိုင်ရာ လိုအပ်ချက် များနှင့် စပ်လျဉ်း၍ ကျေးရွာပြည်သူများအား အသိပေးခြင်း (သို့မဟုတ်) ကွာရန်တင်းဝင်သည့် ကျေးရွာပြည်သူများအတွက် အစားအသောက် ဖြည့်ဆည်းပေးခြင်း စသည်တို့လည်း ပါဝင် ပါသည်။ (ဇယား-၈)


ဇယား - ၈

**ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများတွင် ဦးဆောင်သူများ ပါဝင်ဆောင်ရွက်မှု (ကျေးရွာအရေအတွက်)**



ဇယား - ၉

## အမျိုးမျိုးသော လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် ဦးဆောင်သူများရှိသော ကျေးရွာအရေအတွက်




**ဒေသဦးဆောင်မှုအပေါ် ယုံကြည်မှု (သို့မဟုတ်) ယုံကြည်မှုမရှိခြင်းသည် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အစီအမံများအပေါ် ကျေးရွာပြည်သူများမှ ရှုမြင်လက်ခံသည့် နည်းလမ်းပုံစံအပေါ် အရေးပါသည့် သက်ရောက်မှုရှိပါသည်။** အောက်ပါဖြစ်ရပ်လေ့လာမှု (၁၂) တွင် ယင်းနှင့်စပ်လျဉ်း၍ ဖော်ပြထားပါသည်။

ဖြစ်ရပ်လေ့လာမှု (၁၂)

## ယုံကြည်မှု အားနည်း၍ လိုက်နာမှု အားနည်းခြင်း

ချင်းပြည်နယ်ရှိ ဆန်းစစ်လေ့လာမှုဆောင်ရွက်ခဲ့သည့် ကျေးရွာများအနက် ကျေးရွာတစ်ရွာသည် မြန်မာနိုင်ငံအတွင်း ပထမဆုံး ကိုဗစ်-၁၉ အတည်ပြုလူနာတွေ့ရှိခဲ့သည့် တည်နေရာဖြစ်ပါသည်။ အဆိုပါ လူနာအမှတ် (၁) သည် အမေရိကန်ပြည်ထောင်စုမှ ပြန်ရောက်လာပြီးနောက် နာမကျန်းဖြစ်ခဲ့ပြီး မြို့နယ်ဆေးရုံသို့ လွှဲပြောင်း၍ ၎င်းအား စမ်းသပ်စစ်ဆေးခဲ့ပါသည်။ ရောဂါပိုးရှိကြောင်း အတည်ပြုပြီးနောက် အာဏာပိုင်များက ၄င်းအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သည့် အခြားပြည်သူများအား ရှာဖွေဖော်ထုတ်ရန် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ညွှန်ကြားခဲ့ပါသည်။ ၎င်းတို့အနက် နောက်ထပ်ပြည်သူ ၃ ဦးအား ရောဂါပိုးရှိကြောင်းစမ်းသပ်တွေ့ရှိခဲ့ပြီး မြို့နယ်ဆေးရုံသို့ လွှဲပြောင်းပေးပို့ခဲ့သလို ရောဂါပိုးမရှိကြောင်း စမ်းသပ်တွေ့ရှိခဲ့သည့် အခြားထိတွေ့ ပြည်သူများကို ၎င်းဒေသရှိ ကွာရန်တင်းစင်တာသို့ ပို့ဆောင်ခဲ့ပါသည်။

လူနာအမှတ် (၁) အပါအဝင် လူနာနှင့် ထိတွေ့ခဲ့သူများသည် ၎င်းတို့တွင် ရောဂါပိုးကူးစက်ခံရကြောင်း မယုံကြည်ခဲ့ကြပါ။ ယင်းအစား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ၎င်းတို့အပေါ် မိသားစုနှင့် ကိုယ်ရေးကိုယ်တာ အငြိုးအတေးကြောင့် ကိုဗစ်-၁၉ ရောဂါပိုးရှိကြောင်း စွပ်စွဲခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ခဲ့ကြပါသည်။ စင်စစ်အားဖြင့် ကျေးရွာပြည်သူများသည် အဆိုပါသတင်းအပေါ် ယုံကြည်ခဲ့ခြင်းမရှိဘဲ အစိုးရအာဏာပိုင်များနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ ချမှတ်ခဲ့သည့် အစီအမံလမ်းညွှန်ချက်များကို အရေးမစိုက်ဘဲ လျစ်လျူရှုခဲ့ကြပါသည်။ ၎င်းဖြစ်ရပ်နှင့်စပ်လျဉ်းသည့် မလိုလားသည့် ထင်မြင်ချက်များ လူမှုမီဒီယာပေါ်တွင် ဖော်ပြမှုများရှိခဲ့ပြီး ကျေးရွာအတွင်း လူမှုကဏ္ဍဆက်ဆံမှုများလည်း ပိုမိုဆိုးရွားခဲ့ပါသည်။

## ၆.၂။ ကိုဗစ် - ၁၉ ရောဂါကာကွယ်တားဆီးရေးကော်မတီများ

**မြန်မာနိုင်ငံအတွင်း ပထမဆုံး ကိုဗစ်-၁၉ လူနာတွေ့ရှိပြီးနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ၎င်း၏မြို့နယ်အဆင့်ရုံးများမှတစ်ဆင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်တားဆီးရေးကော်မတီများဖွဲ့စည်းရန် ညွှန်ကြားခဲ့ပါသည်။** ထိုမှတစ်ဆင့် အုပ်ချုပ်ရေးမှူးများသည် ကျေးရွာအဆင့် ၎င်းကော်မတီများ ဆက်လက်ဖွဲ့စည်းရန် ကျေးရွာအကြီးအကဲများကို ညွှန်ကြားခဲ့ပါသည်။ ၎င်းကော်မတီများတွင် ပုံမှန်အားဖြင့် ကျေးရွာအကြီးအကဲမှ ဥက္ကဋ္ဌအဖြစ်ပါဝင်၍ ကျန်းမာရေးလုပ်သားများ၊ ကျောင်းအုပ်ဆရာ၊ ဆရာမများနှင့် အခြားသြဇာရှိသည့် ဒေသခံခေါင်းဆောင်များပါဝင်ကြပါသည်။ ကော်မတီများအနေဖြင့် အစိုးရလမ်းညွှန်ချက်များ ကြေညာခြင်းနှင့် လိုက်နာဆောင်ရွက်မှုရှိစေရန် လုပ်ဆောင်ခြင်း၊ ပြုမူနေထိုင်မှု ပုံစံပြောင်းလဲရန် တိုက်တွန်းခြင်း၊ ရောဂါပိုးနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ မျှဝေခြင်း စသည်တို့အပါအဝင် တရားဝင်တာဝန်ဝတ္တရားများအပေါ် ပိုမိုအဓိကထား ဆောင်ရွက်ကြပါသည်။

**ကိုဗစ်ကာကွယ်တားဆီးရေးကော်မတီများကို ဆန်းစစ်လေ့လာခဲ့သည့် ကျေးရွာ ၃၃ ရွာတွင် ဖွဲ့စည်းခဲ့ပြီး ၎င်းတို့အနက် ကော်မတီ ၃၀ ၌ အမျိုးသမီးအဖွဲ့ဝင်များ ပါဝင်ပါသည်။** ဘေးအန္တရာယ်သက်ရောက်မှုခံစားခဲ့ရသည့် ကျေးရွာများသည် ကြီးမားသည့် သဘာဝဘေးအန္တရာယ် ခံစားခဲ့ရခြင်းမရှိသော ကျေးရွာများထက်စာလျှင် ကော်မတီဖွဲ့စည်းဆောင်ရွက်မှု ပိုမိုများပြားကြောင်း ယူဆသတ်မှတ်နိုင်ပါသည်။ ယင်းသို့ ကွဲပြားခြားနားရသည့် အကြောင်းရင်းမှာ ဘေးအန္တရာယ်သက်ရောက်မှု ခံစားခဲ့ရသည့် ကျေးရွာများအနေဖြင့် ဘေးအန္တရာယ်များအပေါ် ဖြေရှင်းဆောင်ရွက်ခဲ့သည့် ယခင်အတွေ့အကြုံများကြောင့် ပြင်ပရိုက်ခတ်မှုများအား တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရန်လိုအပ်ကြောင်း ပိုမိုသိရှိနားလည်သောကြောင့် ဖြစ်နိုင်ပါသည်။

**ကော်မတီများတွင် ပါဝင်သည့် အဖွဲ့ဝင်များ၏ အခြေအနေ၊ ဖွဲ့စည်းပါဝင်မှုနှင့် အမျိုးသမီးများ၏ ကိုယ်စားပြုမှုများသည် ကျေးရွာအလိုက် အမျိုးမျိုးကွဲပြားပါသည်။** ရန်ကုန်တိုင်းဒေသကြီးရှိ ဆန်းစစ်လေ့လာခဲ့သည့် ကျေးရွာ ၄ ရွာတွင် အမျိုးမျိုးကွဲပြားသည့် ကော်မတီအဖွဲ့ပါဝင်မှုအခြေအနေများနှင့် စပ်လျဉ်းသည့် နမူနာကောင်းများကို တွေ့ရှိရပါသည်။ ကော်မတီ ၂ ခုတွင် အမျိုးသမီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ ဦးဆောင်ကြပြီး ဆေးရုံနှင့် အထက်တန်းကျောင်းရှိသော ပိုမိုကြီးမားသည့် မြို့နယ်တွင် တည်ရှိသည့် ကော်မတီတစ်ခုတွင်မူ အမျိုးသမီးများမပါဝင်ပါ။ ၄ ရွာမြောက်ကျေးရွာ၏ ကော်မတီတွင် အမျိုးသားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ဦးဆောင်ပြီး အမျိုးသမီး ကျန်းမာရေးဝန်ထမ်းများ ပါဝင်ခဲ့ပါသည်။

**အမျိုးသမီးကော်မတီဝင်များသည် အများအားဖြင့် ကျန်းမာရေး လုပ်သားများ (သားဖွားဆရာမများ) (သို့မဟုတ်) ကျောင်းဆရာမများ (ကျောင်းများကို ကွာရန်တင်းနေရာအဖြစ် အသုံးပြုခြင်းကြောင့်) စသည့် အခြားလုပ်ငန်းနယ်ပယ် အခန်းကဏ္ဍများမှ ဖြစ်ကြပါသည်။** မကွေးတိုင်းဒေသကြီးရှိ မတူညီသည့် မြို့နယ် ၂ ခုမှ ကျေးရွာများတွင် ကျောင်းဆရာမ (သို့မဟုတ်) ကျန်းမာရေးဝန်ထမ်း မဟုတ်သော အမျိုးသမီး ကော်မတီဝင်များကို ရည်ရွယ်ချက်ရှိရှိဖြင့် ထည့်သွင်းဖွဲ့စည်းခဲ့ပြီး မွန်ပြည်နယ်ရှိ အချို့သောဒေသများတွင် ကော်မတီများ၌ မွန်အမျိုးသမီးအသင်းအဖွဲ့များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့များမှ အမျိုးသမီးများ ပါဝင်ခဲ့ကြပါသည်။

## ၆.၃။ ခေါင်းဆောင်များအကြား ပူးပေါင်းဆောင်ရွက်မှု

**ဆန်းစစ်လေ့လာခဲ့သည့် ကျေးရွာ ၄၀ ခန့်တွင် ၎င်းတို့ကျေးရွာရှိ ခေါင်းဆောင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုရှိကြောင်း ကျေးရွာအကြီးအကဲများထံမှ လေ့လာတွေ့ရှိရပါသည်။**[၁၆] ဆန်းစစ်လေ့လာမှုအရ NCDDP စီမံကိန်း ကျေးရွာများတွင် ခေါင်းဆောင်များအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတွေ့ရှိခဲ့ရပြီး ၎င်းကျေးရွာများတွင် ကျေးရွာရပ်မိရပ်ဖများ ပိုမိုပါဝင်ဆောင်ရွက်မှုရှိကြောင်း တွေ့ရပါသည်။ (အထက်ဖော်ပြပါ ဇယား-၉ တွင်ကြည့်ရန်) “ပဋိပက္ခသက်ရောက်မှု ခံစားရသည့် ကျေးရွာများတွင် ခေါင်းဆောင်များကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်မားကြောင်းကိုလည်း သိရှိရပါသည်။ မြန်မာနိုင်ငံ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ပူးတွဲအုပ်ချုပ်သည့် ဒေသများရှိ ပဋိပက္ခသက်ရောက်မှု ခံစားရသည့် ကျေးရွာများတွင် ပူးပေါင်းဆောင်ရွက်မှု မြင့်မားပြီး ယင်းသည် ဒေသတွင်း ဦးဆောင်မှုနှင့် ချိတ်ဆက်လုပ်ကိုင်မှုများ၏ အရေးပါမှုနှင့် လိုအပ်ချက်အပေါ် အသိအမှတ်ပြု သိရှိနားလည်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။


**ကျေးရွာအကြီးအကဲများအကြား ပူးပေါင်းဆောင်ရွက်မှုရှိသည့် ကျေးရွာများတွင် ကျေးရွာပြည်သူများသည်**[၁၆] **အကူအညီပံ့ပိုးမှုများကို လုံလောက်ပြည့်စုံစွာ ရရှိကြကြောင်း အထောက်အထားများအရ သိရှိကြပါသည်။** ပူးပေါင်းဆောင်ရွက်သော ခေါင်းဆောင်များရှိသည့် ကျေးရွာများ၏ ထက်ဝက်ကျော်တွင် ကျေးရွာပြည်သူများသည် လုံလောက်ပြည့်စုံသော အကူအညီပံ့ပိုးမှုများရရှိသည်ဟု ခံစားကြရပြီး ပူးပေါင်းဆောင်ရွက်မှုအားနည်းသည့် ခေါင်းဆောင်များရှိသော ကျေးရွာများ၏ လေးပုံတစ်ပုံခန့်သာလျှင် ယင်းသို့ခံစားရရှိကြကြောင်း သိရှိကြပါသည်။ (ဇယား-၁၀) အဆိုပါ ဆက်ဆံရေးအခြေအနေများသည် ဘေးအန္တရာယ်သက်ရောက်မှု ခံစားရသည့် ကျေးရွာများတွင် ပိုမို သိသာမြင်သာပါသည်။ (ဘေးအန္တရာယ် သက်ရောက်မှု မခံစားရသော ကျေးရွာများနှင့် နှိုင်းယှဉ်ပါက) ခေါင်းဆောင်များအကြား ပူးပေါင်းဆောင်ရွက်မှု မြင့်မားသည့် ကျေးရွာများသည် ၎င်းတို့၏ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရထံမှ ပံ့ပိုးမှု ပိုမိုရရှိကြပြီး အစိုးရ၏ ဒုတိယအကြိမ် ငွေသားထောက်ပံ့ကြေးအတွက် ရရှိနိုင်သည့် အခြေအနေ ပိုမိုမြင့်မားခြင်းကြောင့် ၎င်းတို့ရရှိသည့် အထောက်အကူပံ့ပိုးမှုများသည် ပြည့်စုံလုံလောက်မှု ရှိသည်ဟု ယူဆသတ်မှတ်ကြပါသည်။

**ကျေးရွာများရှိ ကောင်းမွန်သည့် လူမှုကဏ္ဍဆက်ဆံမှု အခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်လိုမှုရှိစေသည့် ခေါင်းဆောင်များအကြား ဆက်နွယ်မှုရှိကြောင်း ဆန်းစစ်လေ့လာမှုအရ တွေ့ရှိရပါသည်။** ကောင်းမွန်သည့် ဆက်ဆံရေးအခြေအနေရှိသော ကျေးရွာ ၁၁ ရွာလုံးရှိ ခေါင်းဆောင်များသည် ပူးပေါင်းဆောင်ရွက်လိုမှု မြင့်မားကြောင်း သိရှိရပါသည်။ ခေါင်းဆောင်များ ပူးပေါင်းဆောင်ရွက်မှုရှိသည့် ကျေးရွာ ၈ ရွာအနက် ကျေးရွာတစ်ရွာတွင်သာ ဆက်ဆံရေးအခြေအနေဆိုးရွားမှုရှိပြီး ခေါင်းဆောင်များ ပူးပေါင်းဆောင်ရွက်မှုမရှိသည့် ကျေးရွာ ၄ ရွာအနက် တစ်ရွာတွင် ယင်းသို့ ဆက်ဆံရေး အခြေအနေဆိုးရွားမှုရှိပါသည်။ ထို့ပြင် ပူးပေါင်းဆောင်ရွက်မှုရှိသော ခေါင်းဆောင်များရှိသည့် ကျေးရွာများမှ ကျေးရွာပြည်သူများသည် ပူးပေါင်းဆောင်ရွက်မှု မရှိသည့် ကျေးရွာများနှင့် နှိုင်းယှဉ်ပါက ရောဂါပိုးထိန်းချုပ်ရေးဆိုင်ရာ အစိုးရလမ်းညွှန်ချက်များကို ပိုမိုလိုက်နာကြသည့် အခြေအနေရှိကြောင်း တွေ့ရှိရပါသည်။

၁၆ ကျေးရွာအကြီးအကဲအပြင် ဒေသခံကျန်းမာရေးဝန်ထမ်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ ကျေးရွာရပ်မိရပ်ဖများ (သို့မဟုတ်) အများရိုသေလေးစားသည့် ပုဂ္ဂိုလ်များနှင့်/ သို့မဟုတ် အခြားဦးဆောင်သူများသည် ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများတွင် ပါဝင်မှုရှိပါက ကျေးရွာအတွင်း ပူးပေါင်းဆောင်ရွက်မှုရှိသော ဦးဆောင်မှု အခန်းကဏ္ဍရှိသည်ဟု သတ်မှတ်ပါသည်။

ဇယား - ၁၀

**ပူးပေါင်းဆောင်ရွက်သည့် ခေါင်းဆောင်များရှိသော ကျေးရွာများ၏ အရေအတွက်**




ဖြစ်ရပ်လေ့လာမှု (၁၃)

**အမျိုးသမီး အုပ်ချုပ်ရေးမှူး တစ်ဦး၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်မှု**

ရန်ကုန်တိုင်းဒေသကြီးရှိ ဘောအန္တရာယ်သက်ရောက်မှု ခံစားခဲ့ရသည့် NCDDP စီမံကိန်း ကျေးရွာတစ်ရွာတွင် ၂၀၁၆ အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲတွင် မြို့နယ်၏ ပထမဆုံးအမျိုးသမီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦး ရွေးချယ်ခံခဲ့ရပါသည်။ ကျေးရွာပြည်သူများသည် သူမအတွက် များစွာဂုဏ်ယူခဲ့ကြပြီး သူမသည် ရွာနှင့်ဆိုင်သည့် ကိစ္စရပ်များအားလုံးတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ဘုန်းတော်ကြီးများ၊ ကျေးရွာရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများအကြား အကြံပြုဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းသူတစ်ဦးဖြစ်ကြောင်း သိရှိရပါသည်။ သူမအုပ်ချုပ်သည့်ဒေသကျေးရွာမှ ပြည်သူတစ်ဦး၏ပြောကြားချက်မှာ – *“လူကြီးလုပ်လာတဲ့အစဉ်အဆက် အခုအမျိုးသမီးကိုတော့ ဘယ်သူမှ မမီဘူး။ တော်တယ်။ အကောင်းဆုံး လုပ်နိုင်တယ်။ ဒီအမျိုးသမီးကို အုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် စပြီးတင်တုန်းကတော့ မိန်းကလေးဆိုတော့ ခေါးခုတ်၊ လုံထိုးဖြစ်ရင် သွားရလာရဖြေရှင်းရတာ မကောင်းဘူးဆိုပြီး သဘောမတူနိုင်ဘူးဆိုပြီး ကန့်ကွက်ခဲ့သေးတယ်။အခုတော့ အဲလိုကန့်ကွက်ခဲ့မိတာကို နောင်တရနေတယ်။”*

အဆိုပါ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ကိုဗစ်–၁၉ အကျပ်အတည်းအပေါ် ကိုင်တွယ်ဖြေရှင်းရာတွင် ကျေးရွာဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပုံမှန်အားဖြင့် သူမဆွေးနွေးတိုင်ပင်နေကြဖြစ်သည့် ပုဂ္ဂိုလ်များအပြင် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာပြည်သူများ၊ ဒေသခံ ပရဟိတအဖွဲ့အစည်းများမှ ခေါင်းဆောင်များကို စုစည်းဆောင်ရွက်နိုင်ကြောင်း တွေ့ရပါသည်။ ကပ်ရောဂါဆိုင်ရာ ကျေးရွာအဆင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် အားလုံးပူးပေါင်းပါဝင်မှုရှိသော ဆွေးနွေးညှိနှိုင်းမှု နည်းလမ်း၊ တာဝန်အသီးသီး ခွဲဝေသတ်မှတ်သည့်နည်းလမ်းများဖြင့် အဖွဲ့ကို ဦးဆောင်ခဲ့ပါသည်။ ထို့ပြင် လူမှုကဏ္ဍဆက်ဆံမှု အခြေအနေများ ပိုမိုကောင်းမွန်ခဲ့ပြီး ကျေးရွာပြည်သူများအနေဖြင့်လည်း လုံလောက်ပြည့်စုံသည့် အကူအညီပံ့ပိုးမှုများ လက်ခံရရှိခဲ့ကြောင်း သိရပါသည်။

# ၇

စာမျက်နှာ ၅၁-၅၈

# အကူအညီပံ့ပိုးမှု



**ယေဘုယျအားဖြင့် ၂၀၂၀ ဇူလိုင်လအထိ အချက်အလက်များအရ အစိုးရနှင့် အခြားအဖွဲ့အစည်းများမှ အားထုတ်ပံ့ပိုးခဲ့သည့် အကူအညီပံ့ပိုးမှုများ၏ အတိုင်းအတာသိသာများပြားမှုရှိကြောင်း တွေ့ရပါသည်။** ဆန်းစစ်လေ့လာမှုဆောင်ရွက်ခဲ့သည့် ကျေးရွာ ၅၆ ရွာအနက် ၅၄ ရွာမှ ကျေးရွာပြည်သူများသည် အကူအညီပံ့ပိုးမှုများ လက်ခံရရှိခဲ့ကြပါသည်။ အနီးဆုံးဈေးနေရာသို့ သွားလာရန် ၂ နာရီ (သို့မဟုတ်) ယင်းထက် ပိုမိုကြာမြင့်သည့် အကွာအဝေးတွင်ရှိသော ကျေးရွာ ၅ ရွာမှ ကျေးရွာပြည်သူများသည်ပင် အကူအညီပံ့ပိုးမှုများ လက်ခံရရှိခဲ့ကြပါသည်။ ကျေးရွာ ၂ ရွာမှ စစ်တမ်းဖြေကြားသူများသာလျှင် အကူအညီပံ့ပိုးမှု တစ်စုံတစ်ရာ မရရှိကြောင်း ဖော်ပြခဲ့ကြပြီး အဆိုပါ ကျေးရွာ ၂ ရွာလုံးမှာ လူမှုကဏ္ဍအရ တစ်သားတည်းဖြစ်သည့် မျိုးနွယ်တူ တိုင်းရင်းသားလူနည်းစုများ နေထိုင်သည့် ကျေးရွာများဖြစ်၍ တစ်ရွာမှာ ချင်းပြည်နယ်နှင့် နောက်တစ်ရွာမှာ ရှမ်းပြည်နယ် တို့မှဖြစ်ပါသည်။ သို့သော် အကူအညီပံ့ပိုးရေးလုပ်ငန်းများအနေဖြင့် ကန့်သတ်ချက်နှင့် ပြဿနာတစ်စုံတစ်ရာ မရှိသည့် အခြေအနေမျိုးမဟုတ်ပါ။

## ၇.၁။ အကူအညီ ပံ့ပိုးဖြည့်ဆည်းသူများ

**ပြည်ထောင်စုအစိုးရသည် ဆန်းစစ်လေ့လာခဲ့သည့် ကျေးရွာများအနက် ကျေးရွာ ၅၀ ခန့်တွင် အကူအညီပံ့ပိုးမှုများ ဖြည့်ဆည်းပေးခဲ့ကြောင်း ကျေးရွာခေါင်းဆောင်များထံမှ သိရှိရပါသည်။** ၎င်းတို့တွင် ပဋိပက္ခသက်ရောက်မှုခံစားရသည့် ဒေသများရှိ ဆန်းစစ်လေ့လာမှုဆောင်ရွက်ခဲ့သော ကျေးရွာများ အားလုံးပါဝင်ပြီး အချို့ကျေးရွာများမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ အပြည့်အဝ (သို့မဟုတ်) တစ်စိတ်တစ်ဒေသ စီမံအုပ်ချုပ်သည့် ကျေးရွာများဖြစ်ပါသည်။ အကူအညီပံ့ပိုးမှုရရှိကြောင်း သိရသည့် ကျန်ရှိသော ကျေးရွာ ၄ ရွာတွင် မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများမှ အကူအညီပံ့ပိုးသည့် ကျေးရွာ ၂ ရွာ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရမှ ပံ့ပိုးသည့်ကျေးရွာ ၁ ရွာ၊ ရှမ်းပြည်နယ်ရှိ တပ်မတော်လက်ဖက်စက်ရုံမှတစ်ဆင့် တပ်မတော်မှ ပံ့ပိုးသည့် ကျေးရွာ ၁ ရွာတို့ဖြစ်ပါသည်။ စုစုပေါင်းအနေနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရမှ ကျေးရွာ ၄ ရွာတွင် အကူအညီဖြည့်ဆည်းခဲ့ပြီး ပုဂ္ဂလိက အလှူရှင်များမှ ကျေးရွာ ၁၀ ရွာတွင် ဖြည့်ဆည်းပေးအပ်ခဲ့ပါသည်။ အကူအညီပံ့ပိုးမှုရရှိရန် သတ်မှတ်ချက်နှင့် ကိုက်ညီသော အိမ်ထောင်စုများ၏စာရင်းကို စာရင်းပြုစုတင်ပြရန် အပါအဝင် အကူအညီပံ့ပိုးမှုများ ဖြန့်ဝေရေးနှင့် စပ်လျဉ်း၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဆက်သွယ်နိုင်ရန် မြို့နယ်အာဏာပိုင်များသည် မိုဘိုင်း application တစ်ခု ဖြစ်သည့် Viber ကို အသုံးပြုခဲ့ကြပါသည်။

**အစိုးရ၏ အကူအညီပံ့ပိုးမှုများအပြင် အချို့သော ကျေးရွာများသည် ပုဂ္ဂလိကအလှူရှင်များထံမှ ကူညီထောက်ပံ့မှုများကိုလည်း ရရှိခဲ့ကြပါသည်။** ပုဂ္ဂလိကအလှူရှင်များတွင် ဘာသာရေးအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ တစ်ဦးချင်းအလှူရှင်များ ပါဝင်ကြပါသည်။ အဆိုပါအလှူရှင်များသည် တစ်ခါတစ်ရံ ၎င်းတို့၏လှူဒါန်းမှု လက်ခံရရှိသည့်ကျေးရွာမှ မဟုတ်ကြဘဲ အနီးဝန်းကျင်ရှိမြို့ (သို့မဟုတ်) မြို့နယ်ရုံးစိုက်ရာနေရာများမှ လာရောက်ခြင်းဖြစ်ပါသည်။ ယေဘုယျအားဖြင့် ဝေးလံသည့်ကျေးရွာများအတွက် အဆိုပါ ပုဂ္ဂလိက အလှူရှင်များသည် အလွန်အရေးပါသည့် ကူညီထောက်ပံ့မှု အရင်းအမြစ်များ ဖြစ်ပါသည်။ အဆိုပါ ပုဂ္ဂလိက အလှူရှင်များအနေဖြင့် ဒေသတစ်ခုအတွင်းရှိ အမျိုးမျိုးသော ကျေးရွာများအား လှူဒါန်းခြင်းလား (သို့မဟုတ်) အချို့သောကျေးရွာများကို ရွေးချယ်သတ်မှတ်၍ လှူဒါန်းခြင်းလား ဆိုသည်ကို ရှင်းလင်းစွာမသိရပါ။ ပဲခူးတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ငွေကြေးချမ်းသာသူတစ်ဦးသည် ၎င်း၏ လက်ထောက်ဖြစ်သူနှင့်အတူ ကျေးရွာသို့ ရောက်ရှိလာပြီး ကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာအတွင်း လှည့်လည်လေ့လာ၍ ကူညီထောက်ပံ့ရန် နွမ်းပါးသည့်မိသားစုများကို ရွေးချယ်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

---

## ၇.၂။ ကူညီ ထောက်ပံ့မှု အမျိုးအစားများ

**၂၀၂၀ ဇူလိုင်လအထိ အချက်အလက်များအရ ကပ်ရောဂါစတင်သည့်အချိန်မှစ၍ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတစ်ဝှမ်းရှိ ကျေးရွာများအတွက် အစားအစာထောက်ပံ့မှု တစ်ကြိမ်၊ ငွေသားထောက်ပံ့ကြေး တစ်ကြိမ် ဖြည့်ဆည်းပေးအပ်ခဲ့ပါသည်။** ကျေးရွာ ၂ ရွာမှလွဲ၍ ကျန်သည့် ကျေးရွာများအားလုံးတွင် ပြည်ထောင်စုအစိုးရထံမှ အစားအစာထောက်ပံ့မှု လက်ခံရရှိခဲ့ကြပါသည်။ အဆိုပါ အစားအစာထောက်ပံ့မှုအစီအစဉ်ကို ၂၀၂၀ ဧပြီလတွင် နိုင်ငံတစ်ဝှမ်း၌ ဖြန့်ဝေပေးအပ်ခဲ့ပြီး ၎င်းအစီအစဉ်တွင် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်တို့ ပါဝင်ပါသည်။ ၂၀၂၀ ဇွန်လတွင် ဆန်းစစ်လေ့လာခဲ့သည့် ကျေးရွာများအနက် ၃၃ ရွာသည် ငွေသားထောက်ပံ့ကြေး ၁၅၀၀၀-၂၀၀၀၀ ကျပ်ကိုလည်း လက်ခံရရှိခဲ့ကြပါသည်။ အစားအစာနှင့် ငွေသား ထောက်ပံ့မှုလက်ခံရရှိခဲ့သည့် ကျေးရွာများ၌ အချို့သော ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ယခင်အစားအစာထောက်ပံ့မှုစာရင်းတွင် မပါဝင်ခဲ့သည့် အိမ်ထောင်စုများအတွက် ငွေသားထောက်ပံ့ကြေးများ ခွဲဝေခြင်းဖြင့် မိသားစုအရေအတွက်

ပိုမိုရရှိစေရန် ကူညီထောက်ပံ့မှုများကို တစ်ဆင့်ပြန်လည်ဖြန့်ဝေခဲ့ပါသည်။ အခြားကျေးရွာများ၌ အချို့သော မိသားစုများသည် အစားအစာနှင့် ငွေသားထောက်ပံ့ကြေး ၂ မျိုးလုံး ရရှိခဲ့ကြသော်လည်း ဧပြီလအတွင်း အစားအစာထောက်ပံ့မှုရရှိခဲ့သည့် အိမ်ထောင်စုအားလုံး အပြည့်အဝ ဇွန်လတွင် ငွေသားထောက်ပံ့ကြေးကိုလည်း ရာနှုန်းပြည့် ထပ်မံရရှိခဲ့သည်ဆိုသည့် ကျေးရွာ တစ်ရွာမျှ ဆန်းစစ်လေ့လာမှုတွင် မတွေ့ရှိရပါ။

**ကျေးရွာများသည် အမျိုးမျိုးသော လူမှုဖူလုံရေး အစီအစဉ်များမှတစ်ဆင့်လည်း အချို့သော ထောက်ပံ့မှုများကိုလက်ခံရရှိခဲ့ကြပါသည်။** သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ၂ နှစ်အောက် ကလေးရှိသည့် မိခင်များသည် ပုံမှန်အားဖြင့် ၃ လ တစ်ကြိမ် လူမှုဖူလုံရေး ထောက်ပံ့ကြေး ၁၀၀၀၀-၁၅၀၀၀ ကျပ်သာ ရရှိကြသော်လည်း ၎င်းတို့သည် တစ်ကြိမ် ထပ်ဆောင်း ထောက်ပံ့ကြေးအဖြစ် ၃၀၀၀၀ ကျပ် ရရှိခဲ့ကြပါသည်။ ကယားပြည်နယ်နှင့် ချင်းပြည်နယ်များရှိ လူမှုအဖွဲ့အစည်းများ (non-profit group)နှင့် အမျိုးသမီးအဖွဲ့အစည်းအချို့ သည်လည်း အမျိုးသမီးများအတွက် တစ်ကိုယ်ရည် သန့်ရှင်းရေးပစ္စည်းများ လှူဒါန်းခဲ့ပါသည်။ လျှပ်စစ်ဓာတ်အားခများ လျှော့ချပေးမှုကိုလည်း ဖော်ပြခဲ့ကြပါသည်။

**ပစ္စည်းထောက်ပံ့မှုလုပ်ငန်းများ၏ အရည်အသွေးသည် အမြဲတမ်းမလွဲမသွေ စံသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ကြသည့် အခြေအနေမျိုးမဟုတ်ပါ။** အချို့သော ကျေးရွာများတွင် လက်ခံရရှိသည့် ဆန်များ၏ အရည်အသွေးအလွန်နိမ့်ပါး၍ ပြည်သူများမစားသုံးနိုင်သောကြောင့် မွေးမြူရေးတိရစ္ဆာန်များ ကျွေးမွေးရန်သာ အသုံးပြုခဲ့ရကြောင်း ပြစ်တင်ဝေဖန်မှုများ ကြားသိရပါသည်။ အချို့သော ဒေသအနည်းငယ်တွင် အသေးစားတောင်သူများအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရမှ ပံ့ပိုးသည့် မျိုးစေ့များသည် အရည်အသွေးနိမ့်ပါးသော (သို့မဟုတ်) ကျေးရွာတွင် စိုက်ပျိုးနေကျ သီးနှံအမျိုးအစား မဟုတ်သော မျိုးစေ့များဖြစ်ကြောင်း သိရှိရပါသည်။ အရင်းအမြစ်အမျိုးမျိုးမှ ထောက်ပံ့မှု လက်ခံရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ပံ့ပိုးမှုအဖြစ် ရရှိသည့် စပါးမျိုးစေ့များမှာ မြက်ပင်များ ရောနှော၍ အရည်အသွေးမကောင်းခြင်းကြောင့် ကျေးရွာပြည်သူများမှ စိုက်ပျိုးမည့်အစား ဆန်ကြိတ်ပြီး စားသုံးခဲ့ကြသည်ဟု သိရှိရပါသည်။


---

## ၇.၃။ ကူညီထောက်ပံ့မှုများ ပြည့်စုံလုံလောက်မှု အခြေအနေ

ကူညီထောက်ပံ့မှုများနှင့်စပ်လျဉ်း၍ ပြည့်စုံလုံလောက်မှုရှိသည်ဟု ကျေးရွာအကြီးအကဲများမှ သတ်မှတ်သည့် ကျေးရွာနှစ်ရွာရှိပြီး လုံလောက်မှုမရှိမှုဖော်ပြသည့် ကျေးရွာ ၁၈ ရွာရှိ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား သိသာသည့်ကွဲပြားမှုမျိုး မတွေ့ရှိရပါ။(ဇယား-၁၁) NCDDP စီမံကိန်းကျေးရွာများသည် အခြားကျေးရွာများနှင့် နှိုင်းယှဉ်ပါက လက်ခံရရှိသည့် ထောက်ပံ့မှု လျော့နည်းကြောင်း သိရှိရပါသည်။ ယင်းသို့ ကွဲပြားမှုများနှင့် စပ်လျဉ်း၍ ဖြစ်နိုင်ခြေရှိသည့် အကြောင်းရင်း ၂ ချက်ရှိပါသည်။ ပထမအချက်မှာ NCDDP စီမံကိန်း ဒီဇိုင်းပုံစံအရ စီမံကိန်းကျေးရွာများသည် ပိုမိုနွမ်းပါးသည့်မြို့နယ်များတွင် တည်ရှိသောကြောင့် တူညီစွာလက်ခံရရှိသည့် ထောက်ပံ့မှုပမာဏနှင့် နှိုင်းယှဉ်ပါက ၎င်းတို့၏ လိုအပ်ချက် ပိုမိုများပြားခြင်းကြောင့် ထိုသို့ပြောဆိုခြင်းဖြစ်နိုင်သည်ဟု ယူဆနိုင်ပါသည်။ ဒုတိယတစ်ချက်မှာ NCDDP စီမံကိန်းကျေးရွာများသည် စီမံကိန်းအရ ပြည်ထောင်စုအစိုးရထံမှ ပံ့ပိုးမှုများ ရရှိနေပြီးဖြစ်သည်ဆိုသည့် ယူဆချက်ကြောင့် ၎င်းတို့ထက်စာလျှင် စီမံကိန်းမရှိသည့် ကျေးရွာများသည် ပုဂ္ဂလိကအလှူရှင်များထံမှ ထောက်ပံ့မှုများ သိသာစွာပိုမိုရရှိကြသည် ဆိုသည့် အချက်ဖြစ်နိုင်ပါသည်။ ယခင် ထောက်ပံ့မှုအစီအစဉ်များနှင့် စပ်လျဉ်း၍ အတွေ့အကြုံရှိပြီး အရေးပေါ်အခြေအနေများ၌ ထောက်ပံ့မှု မည်မျှမျှော်မှန်းနိုင်သည်ဆိုသည်နှင့် ပတ်သက်၍ အကျွမ်းတဝင်ရှိသော သဘာဝဘေးအန္တရာယ်သက်ရောက်မှု ခံရသည့်ကျေးရွာများ မှတ်တမ်းဖြေကြားသူများသည် သဘာဝဘေးသက်ရောက်မှု မခံခဲ့ရသည့်ကျေးရွာများထက် ပိုမို၍ ထောက်ပံ့မှုများ လုံလောက်မှုရှိသည်ဟု ယူဆသတ်မှတ်ကြပါသည်။

ဇယား - ၁၁

**ကျေးရွာပြည်သူများ လုံလောက်သည့် ထောက်ပံ့မှု ရရှိခဲ့သော ကျေးရွာများ၏ အရေအတွက်**




ယေဘုယျအားဖြင့် ကျေးရွာအများစုသည် ကူညီထောက်ပံ့မှုများကို လေ့ခ်ဒေါင်းကာလအတွင်း အခက်အခဲမရှိစေရန် အဓိကပံ့ပိုးမှုအဖြစ် ယူဆခြင်းမျိုးထက် အပိုဆောင်းဖြည့်စွက်ချက် (သို့မဟုတ်) ရက်အနည်းငယ်စာ အစားအစာ အထောက်အပံ့များအဖြစ်သာ ရှုမြင်ကြပါသည်။ ငွေသားထောက်ပံ့ကြေး ၁၅၀၀၀ ကျပ် ရရှိခဲ့သူတစ်ဦး၏ ပြောကြားချက်မှာ -

> **“ဒီထောက်ပံ့ကြေး ငွေလေးနဲ့ ဘာလုပ်လို့ရမလဲ။ ကျေးဇူးတင်ပေမယ့် သက်ကယ်ချောင်းနဲ့ ခေါင်းလောင်းထိုးသလိုပေါ့၊ အသံမထွက်ဘူးပေါ့ကွာ။”**

အိမ်ထောင်စုအတွင်းရှိသည့် လူဦးရေအပေါ် ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ အိမ်ထောင်စုတိုင်းအတွက် အစားအစာနှင့် ငွေသားထောက်ပံ့မှုများကို တူညီစွာဖြန့်ဝေပေးအပ်ခဲ့ပါသည်။ သို့ဖြစ်၍ မိသားစု အရေအတွက်နည်းသည့် အိမ်ထောင်စုများအတွက် အဆိုပါထောက်ပံ့မှုများသည် ၁-၂ ပတ်ခန့်အတွက် ဖူလုံမှုရှိသော်လည်း မိသားစုဝင်များပြားသည့် မိသားစုများအတွက် အဆိုပါထောက်ပံ့မှုသည် ရက်အနည်းငယ်ခန့်အတွက်သာ လုံလောက်မှုရှိသည်ဟု ကျေးရွာအများအပြားရှိ စစ်တမ်းဖြေကြားသူများမှ ပြောကြားခဲ့ပါသည်။ ကျေးရွာပြည်သူများအနေဖြင့် အလုပ်အကိုင်/ဝင်ငွေရရှိနိုင်မှုကဲ့သို့သော ရေရှည်ဖြေရှင်းမှုနည်းလမ်းများကို ပိုမိုလိုအပ်ကြောင်း စစ်တမ်းဖြေကြားသူများထံမှ သိရပါသည်။ *“အစိုးရအနေနဲ့ အခြေခံစားကုန်တွေ ပံ့ပိုးတာထက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ရင် ပိုကောင်းမှာပါ။ အလုပ်အကိုင်အခွင့်အလမ်းအတွက် အစီအစဉ်တွေပါ ရေးဆွဲပေးနိုင်ရန် အတိုင်းထက် အလွန်ပေါ့။”*

---

၇.၄။
## ထောက်ပံ့မှု ရရှိကြသူများ

**ငွေ**သားနှင့် အစားအစာထောက်ပံ့မှုအစီအစဉ်များကို ပုံမှန်ဝင်ငွေမရှိသည့် နွမ်းပါးသော မိသားစုများအတွက် အဓိကရည်ရွယ်ပါသည်။ ကျေးရွာအကြီးအကဲများ၏ ပြောကြားချက်အရ ကျေးရွာပေါင်း ၅၃ ရွာတွင် ထောက်ပံ့မှုအစီအစဉ်အတွက် နွမ်းပါးသည့် အိမ်ထောင်စုများရရှိစေရန် အဓိက ရည်ရွယ်ဆောင်ရွက်ခဲ့ပြီး ကျန်ရှိသည့်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် မိသားစုများကို အဓိက ရည်ရွယ်ပံ့ပိုးခဲ့ပါသည်။ ယေဘုယျအားဖြင့် မျိုးနွယ်တူ တိုင်းရင်းသားများနေထိုင်သည့် ချင်းပြည်နယ်ရှိ ကျေးရွာ ၂ ရွာတွင်သာလျှင် ကျေးရွာပြည်သူများအားလုံး ထောက်ပံ့မှုလက်ခံရရှိခဲ့ကြောင်း သိရပါသည်။

အများဆုံး လေ့လာတွေ့ရှိရသည့် ပြဿနာမှာ ကျေးရွာအကြီးအကဲများအနေဖြင့် ၎င်းတို့ကျေးရွာမှ ထောက်ပံ့မှုလိုအပ်သည့် အိမ်ထောင်စုများစာရင်းကို မြို့နယ်အာဏာပိုင်အဖွဲ့များထံသို့ အချိန်မီတင်ပြရမည့်အချိန် ကန့်သတ်ချက်ပြဿနာဖြစ်ပါသည်။ ဥပမာ - ရှမ်းပြည်နယ်ရှိ

ကျေးရွာတစ်ရွာမှ ကျေးရွာအကြီးအကဲ၏ ပြောကြားချက်အရ ကျေးရွာအတွင်းရှိ အနွမ်းပါးဆုံး မိသားစုများ၏ စာရင်းပြုစုရန် ၎င်းကို မနက် ၁၁ နာရီခန့်တွင် အကြောင်းကြားခဲ့ပြီး အဆိုပါ စာရင်းကို ယင်းနေ့ ညနေ ၄ နာရီမတိုင်မီ အပြီးတင်ပြရန် ညွှန်ကြားခဲ့ကြောင်း သိရပါသည်။ ယင်းသို့ အချိန်သတ်မှတ်ချက် တိုတောင်းမှုကြောင့် စာရင်းများ မပြည့်မစုံဖြင့် တင်ပြရသည့် အကျိုးရလဒ် ဖြစ်စေပါသည်။ အလားတူ အချိန်ကန့်သတ်ချက်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် အခြားနေရာများမှလည်း ကြားသိရပြီး ကျေးရွာအကြီးအကဲများအနေဖြင့် အဆိုပါ တိုတောင်းသည့်အချိန်အတွင်း အချိန်မီ ပြီးစီးရန် ဆောင်ရွက်ရခြင်းကြောင့် အချို့သော မိသားစုများ စာရင်းတွင် မပါဝင်ဘဲ ကျန်ရစ်ခဲ့ပါသည်။ ယင်းသို့ အချိန်ကန့်သတ်ချက်များကြောင့် ရှမ်းပြည်နယ်ရှိ ကျေးရွာ ၂ ရွာတွင် ထောက်ပံ့မှုမရရှိသည့် အခြေအနေများရှိကြောင်း ကြားသိရပါသည်။ နည်းစနစ်ကျသည့် စာရွက်စာတမ်း၊ မှတ်တမ်းမှတ်ရာများ မရှိခြင်းသည်ကလည်း ထောက်ပံ့မှု လက်လှမ်းမီ ရရှိရေးဆိုင်ရာ အခြေအနေများကို ပိုမိုရှုပ်ထွေးစေပါသည်။

ဖြစ်ရပ်လေ့လာမှု (၁၄)

### နိုင်ငံသား/ အိမ်ထောင်ဆိုင်ရာ စာရွက်စာတမ်း များနှင့် ထောက်ပံ့မှု ကန့်သတ်ချက်များ

ထောက်ပံ့မှုနှင့်စပ်လျဉ်းသည့် အခြားကိစ္စရပ်တစ်ခုမှာ ကျေးရွာအများစုတွင် အိမ်ထောင်စု စာရင်း ကဲ့သို့သော စာရွက်စာတမ်းများအပေါ် အခြေခံ၍ ဆုံးဖြတ်ကြခြင်းဖြစ်ပြီး မြန်မာ နိုင်ငံ၌ ရွှေ့ပြောင်းနေထိုင်မှု၊ အိုးအိမ်ခြံမြေ မပိုင်ဆိုင်မှု၊ မီးဘေး၊ စစ်ဘေး၊ သဘာဝဘေး အန္တရာယ် (သို့မဟုတ်) ကွာရှင်းမှု/ဇနီး အိမ်ထောင်ဖက်တစ်ဦးထက်ပိုခြင်း စသည့် မိသားစု ကိစ္စများကြောင့် အဆိုပါ စာရွက်စာတမ်းမရှိသည့် ပြည်သူများ ရှိကြပါသည်။

မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုများ ကိုဗစ်-၁၉ ဆိုင်ရာ အကျပ်အတည်း ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေရန် သက်ကြီးရွယ်အိုများအတွက် လူမှုဖူလုံရေး ပင်စင်အစီအစဉ်ကို တိုးချဲ့၍ ထပ်ဆောင်းငွေသားပံ့ပိုးမှုတစ်ကြိမ် ဖြည့်ဆည်းခဲ့သော်လည်း အဆိုပါထောက်ပံ့မှုကို အိမ်ထောင်စုစာရင်းရှိသူများသာ ရရှိခဲ့ကြပါသည်။ ရန်ကုန်တိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာမှ အဖွားအိုတစ်ဦးမှာ ထောက်ပံ့မှုရရှိရန် အရေးပေါ်လိုအပ်သော်လည်း သူမတွင် အိမ်ထောင်စု စာရင်းမရှိပါ။ သို့ဖြစ်၍ ယင်းကိစ္စရပ်ကို ကျေးရွာအုပ်ချုပ်ရေးမှူးမှ မြို့နယ်အရာရှိထံသို့ တင်ပြခဲ့သော်လည်း ၎င်းမှ အကယ်၍ လူဝင်မှုကြီးကြပ်ရေးဌာနမှ ထောက်ခံချက် ဖော်ပြ နိုင်ပါက အဆိုပါအဘွားအိုအနေဖြင့် လူမှုဖူလုံမှု ထောက်ပံ့ကြေးရရှိနိုင်မည်ဟု ပြန်လည် ဖြေကြားခဲ့ပါသည်။ ဤအစီရင်ခံစာ ရေးသားနေစဉ်ကာလအတွင်း အုပ်ချုပ်ရေးမှူးသည် ယင်းပြဿနာဖြေရှင်းနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးအရာရှိနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရှိခဲ့ရပါသည်။

**ကျေးရွာအကြီးအကဲများအနေဖြင့် နွမ်းပါးသည့် အိမ်ထောင်စုများစာရင်း ပြုစုတင်ပြရန် အချိန်ကန့်သတ်ချက်များကြောင့် ထောက်ပံ့မှုရရှိရန် လိုအပ်သူများအားလုံး ရာနှုန်းပြည့် မရရှိခဲ့ကြကြောင်း စစ်တမ်းဖြေကြားသူအများစုထံမှ သိရပါသည်။** အချို့သော အခြေအနေများတွင် ကျေးရွာအကြီးအကဲ၏ စာရင်း၌မပါဝင်သည့် အိမ်ထောင်စုများရှိပြီး အချို့မှာ ၎င်းစာရင်းတွင် ပါဝင်သော်လည်း ရောက်ရှိလာသည့် ထောက်ပံ့မှုများမှာ အားလုံးသော လိုအပ်ချက်များ ပြည့်မီစေရန် လုံလောက်မှုမရှိခဲ့ပါ။ ဥပမာ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ကျပန်းလုပ်သားမိသားစုအချို့ စာရင်းတွင် မပါဝင်ခဲ့သောကြောင့် ကျေးရွာခေါင်းဆောင်ထံ အရေးဆို တင်ပြခဲ့ပြီး အဆိုပါကျေးရွာခေါင်းဆောင်မှ ၎င်းအနေဖြင့် စာရင်းကို နေ့တစ်ဝက်ဖြင့် အပြီးရေးဆွဲ တင်ပြရခြင်းဖြစ်သောကြောင့် ၎င်းတို့ မတော်တဆ ကျန်ရစ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါမိသားစုကို တောင်းပန်ခဲ့ပါသည်။

**ပြည်ထောင်စုအစိုးရသည် ထောက်ပံ့မှုအစီအစဉ်အတွက် အိမ်ထောင်စုများအား ရွေးချယ်သတ်မှတ်ရန်အချက် ၁၂ ချက်ပါဝင်သော စာရင်းကို ရေးဆွဲသတ်မှတ်ခဲ့ပါသည်။** ယေဘုယျအားဖြင့် အနွမ်းပါးဆုံးမိသားစုများသာ ထောက်ပံ့မှု လက်ခံရရှိမည်ဆိုသည့်အချက်ကို ကျေးရွာပြည်သူများမှ သဘောတူလက်ခံပါသည်။ စစ်ကိုင်းရှိ တောင်သူတစ်ဦး၏ ပြောကြားချက်မှာ

*– "ဒီကာလကြီးမှာတော့ ကျွန်တော်တို့တောင်သူတွေအနေနဲ့ ကြီးမားတဲ့ အခက်အခဲတွေကို ရင်ဆိုင်နေရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့မှာ နောက်ဆုံးစားစရာမရှိရင်တောင် ရောင်းချစရာ ပစ္စည်းရှိပါ သေးတယ်။ ဥပမာ – ကျွဲတွေ၊ နွားတွေရှိပါသေးတယ်။ လက်လုပ်လက်စား၊ နွမ်းပါး သူတွေမှာတော့ ဘာမှမရှိဘူး။ ကျွန်တော်တို့ ဘာမှမရပေမယ့် သူတို့တွေ အထောက်အပံ့တွေ ရကြတယ်ဆို ကောင်းပါတယ်။ အဲ့ဒီအတွက်လည်း ဝမ်းသာပါတယ်။"*

**သို့သော် ထောက်ပံမှုအစီအစဉ်အတွက် အိမ်ထောင်စုများ ရွေးချယ်သတ်မှတ်ရန် ယေဘုယျစံနှုန်း သတ်မှတ်ချက်များသည် ဒေသနောက်ခံအခြေအနေအားလုံးအတွက် ရာနှုန်းပြည့် ဆီလျော် သင့်တော်သည့် အခြေအနေမျိုးမရှိပါ။** ဥပမာ–အချို့သော တောင်သူများတွင် မြေရှိသော်လည်း သီးနှံမရှိသည့် အခြေအနေမျိုးရှိသလို မကြာသေးမီကာလအတွင်း နေရပ်သို့ ပြန်လာသည့် ရွှေ့ပြောင်းလုပ်သားများအနေဖြင့်လည်း ကောင်းမွန်သည့် အိမ်ရှိသော်လည်း အလုပ်မရှိသည့် အခြေအနေမျိုးရှိနိုင်ပြီး ၎င်းတို့အနေဖြင့် အဆိုပါ စံနှုန်းသတ်မှတ်ချက်အရ ထောက်ပံ့မှုရရှိရန် ကိုက်ညီမှုမရှိပါ။ ပင်စင်ရရှိသည့်မိသားစုများ (သို့မဟုတ်) ဌာနဆိုင်ရာ/တရားဝင်အလုပ်ရှိသည့် ဝန်ထမ်းရှိသော မိသားစုများသည်လည်း စာရင်းတွင်ပါဝင်ခြင်း မရှိပါ။ အဆိုပါ မိသားစုများ အနေဖြင့် အခြားမိသားစုဝင်များ အလုပ်မရှိတော့၍ ၎င်းတစ်ဦးတည်း၏ ဝင်ငွေအပေါ် မှီခို နေရသည့် အခြေအနေမျိုး ဖြစ်ခဲ့လျှင်လည်း ထောက်ပံ့မှုစာရင်းတွင် ပါဝင်နိုင်မည် မဟုတ်ပါ။ စစ်တမ်းဖြေကြားသူတစ်ဦး၏ ပြောကြားချက်မှာ – *"အစိုးရရဲ့စည်းမျဉ်းသတ်မှတ်ချက်တွေ ကြောင့် နွမ်းပါးသူတချို့ ထောက်ပံ့မှုမရခဲ့တာတွေ ရှိပါတယ်။ အချို့တောင်သူတွေဆိုရင် လယ်ကတော့ သူတို့အမည်ပေါက်ဆိုပေမယ့် အခက်အခဲကြောင့် ပေါင်ထားရတာတွေ သူများကို ပေးထားရတာတွေ ရှိကြပါတယ်။ ဒီတော့ သူတို့မှာ အလုပ်လုပ်လို့ မရနိုင်ဘူးပေ့ါ။ သူတို့မှာ ထောက်ပံ့မှု ရသင့်လျက်နဲ့ မရခဲ့ကြဘူး။"*

**သို့သော် အခြေအနေကောင်းမွန်ပုံပေါ်သည့် အချို့သော ကျပန်းလုပ်သားများသည် အစိုးရ၏ စာရင်းတွင် ပါဝင်ခဲ့ပြီး ထောက်ပံ့မှုရရှိခဲ့ကြပါသည်။** အဆိုပါအခြေအနေနှင့် စပ်လျဉ်း၍ ရွာများ တွင် ထောက်ပံ့မှုရသူများ၊ မရရှိသူများအကြောင်း ဝေဖန်ပြောဆိုမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ထို့ပြင် အချို့မှာ ထောက်ပံ့မှုအစီအစဉ်နှင့် ကိုက်ညီသည့် အခြေအနေမရှိသော်လည်း ကျေးရွာ ခေါင်းဆောင်နှင့် ရင်းနှီးသည့် ဆက်ဆံရေးရှိသူများ၊ အာဏာရပါတီနှင့်နီးစပ်သည့် အဆက်အသွယ် ရှိသူများ ထောက်ပံ့မှုရရှိနိုင်သည်ဆိုသည့် စွပ်စွဲချက်များထွက်ပေါ်ခဲ့ကြောင်း ကြားသိရပါသည်။

**အဆိုပါကန့်သတ်ချက်များအား ဖြေရှင်းနိုင်ရန် အစိုးရသတ်မှတ်ချက်နှင့်အညီ ကျေးရွာအကြီး အကဲများအားလုံးမှ ထောက်ပံ့မှု ဖြန့်ဖြူးခဲ့သည့် အခြေအနေမျိုးမဟုတ်ဘဲ ၎င်းတို့အနေဖြင့် ကျေးရွာအတွင်းရှိ အနွမ်းပါးဆုံးပြည်သူများကို ရည်ရွယ်လုပ်ဆောင်နိုင်ရန် အခြားနည်းစနစ် များကို အသုံးပြုခဲ့ကြပါသည်။** ကျေးရွာအတွင်းရှိ အိမ်ထောင်စုတစ်ခုချင်းအတွက် ထောက်ပံ့မှု တန်းတူမျှဝေနိုင်ရန် အချို့သော ကျေးရွာအကြီးအကဲများသည် ကျေးရွာရပ်မိရပ်ဖများ၊ အခြား ဦးဆောင်သူများနှင့် ထောက်ပံ့မှု ဖြန့်ဖြူးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။ အခြား ကျေးရွာခေါင်းဆောင်များသည်လည်း ထောက်ပံ့မှု ဖြန့်ဖြူးရေးအတွက် ကျေးရွာပြည်သူများနှင့် တိုက်ရိုက်ဆွေးနွေးခဲ့ပြီး မည်သည့်မိသားစုများ ထောက်ပံ့မှုရသင့်သည်ဆိုသည့်အပေါ် ပူးတွဲ ဆုံးဖြတ်ခဲ့ကြပါသည်။ ဥပမာ – ပဲခူးတိုင်းဒေသကြီးရှိ ပူးပေါင်းဆောင်ရွက်မှု အားကောင်းသော ကျေးရွာခေါင်းဆောင်ရှိသည့် ကျေးရွာတစ်ရွာတွင် မြေပိုင်ဆိုင်မှု နည်းပါး၍ မိသားစုဝင် အရေအတွက်များသည့် အသေးစားမြေပိုင်သူအချို့ကိုလည်း အစားအစာထောက်ပံ့မှု ဖြန့်ဝေခဲ့ ပါသည်။ အခြားကျေးရွာများတွင် ထောက်ပံ့မှုရရှိသူများသည် ၎င်းတို့ရရှိသည့် ထောက်ပံ့မှုများကို စာရင်းတွင် မပါဝင်ခဲ့သည့်လူများအတွက် ပြန်လည်မျှဝေပေးခဲ့ကြောင်း သိရပါသည်။

၇.၅။

## အကူအညီ လုံလောက် ပြည့်စုံမှု မရှိခြင်း၏ နောက်ဆက်တွဲ သက်ရောက်မှု များ

**ကူညီထောက်ပံ့မှုများ ပြည့်စုံလုံလောက်မှုမရှိခြင်းသည် သက်ဆိုင်ရာ ဒေသနောက်ခံ အခြေအနေအပေါ် မူတည်၍ ကျေးရွာအတွင်း လူမှုကဏ္ဍဆက်ဆံမှု အခြေအနေ ပိုမို ခိုင်မာအားကောင်းမှု (သို့မဟုတ်) အားနည်းဆုတ်ယုတ်မှုကို ဖြစ်ပေါ်စေပါသည်။** ပံ့ပိုးမှုများ လုံလောက်ပြည့်စုံမှုမရှိဟု ယူဆသည့် အခြေအနေတွင် ကျေးရွာပြည်သူများသည် ၎င်းတို့၏ဥယျာဉ် (သို့မဟုတ်) ရိတ်သိမ်းသီးနှံများမှ အစားအစာမျှဝေခြင်း၊ လိုအပ်သူများ အတွက် ရက်အနည်းငယ်စာ ဆန်များမျှဝေခြင်း (သို့မဟုတ်) အစိုးရထောက်ပံ့မှုများကို ကျေးရွာပြည်သူများ ဝေစုပိုမိုရရှိစေရန် စနစ်တကျ ပြန်လည်စီမံဖြန့်ဖြူးခြင်း စသည်တို့ ဆောင်ရွက်ကြကြောင်း ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးများ၊ ကရင်၊ ရှမ်း၊ ကချင်ပြည်နယ် များနှင့် အခြားဒေသများရှိ စစ်တမ်းဖြေကြားသူများထံမှ သိရှိရပါသည်။ ရှမ်းပြည်နယ်ရှိ လူမှုကဏ္ဍအရ အမျိုးမျိုးကွဲပြား ပါဝင်သည့် ကျေးရွာတစ်ရွာတွင် အချို့သော ကျေးရွာပြည်သူ များသည် ၎င်းတို့ရရှိသည့် ထောက်ပံ့မှု၏ အချိုးကျပမာဏတစ်ခုကို ထောက်ပံ့မှု မရရှိသူများ အတွက် လှူဒါန်းခဲ့ကြပါသည်။ သို့သော် အထောက်အပံ့ဖြန့်ဝေမှုများ မလုံလောက်မှုကြောင့် ကျေးရွာအတွင်း လူမှုကဏ္ဍ ဆက်ဆံရေးများပျက်ပြား၍ အချင်းချင်း အချင်းများရသည့် အခြေအနေများစွာရှိကြောင်း သိရပါသည်။ အများအားဖြင့် အစိုးရ၏ စံနှုန်းသတ်မှတ်ချက်များ ကြောင့် လူမှုကဏ္ဍ ရင်းနှီးမှု ပျက်စီးရသည့် အခြေအနေများရှိပါသည်။ ကျေးရွာအကြီးအကဲနှင့် ထောက်ပံ့မှု မရသူများအကြား ပဋိပက္ခများ (သို့မဟုတ်) ထောက်ပံ့မှုရရှိသည့် မိသားစုများအပေါ် ဝန်တိုမှုများရှိကြောင်း အချို့သော စစ်တမ်းဖြေကြားသူများထံမှ သိရပါသည်။ ယင်းနှင့်စပ်လျဉ်း၍ ကျေးရွာအကြီးအကဲတစ်ဦး၏ ပြောကြားချက်မှာ–

> “ပံ့ပိုးထောက်ပံ့တာတွေ မလုံလောက်ရင် ကျွန်တော့်မှာ စိတ်ပူနေရတယ်။ ဒါကြောင့် လူတိုင်းအတွက်မှ မလုံလောက်ဘူးဆိုရင် ဘာအထောက်အပံ့မှ မရတာက ကျွန်တော်တို့အတွက် ပိုကောင်းမယ်လို့ တစ်ခါတလေ စဉ်းစားမိတယ်။ ဘယ်သူ့ကိုရွေးရမှန်းမသိဖြစ်ရပါတယ်။ ရွာသားတွေကြား ရန်ဖြစ်မှာကိုလဲ စိုးရိမ်ရပါတယ်။ ကံစမ်းမဲပဲ ဖောက်ပေးလိုက်ရကောင်းမလား စဉ်းစားမိတယ်။”

ကျေးရွာခေါင်းဆောင်များသည် ၎င်းတို့ကျေးရွာများတွင် ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကို ကြိုးစားဖြေရှင်းခဲ့ကြရပြီး စစ်တမ်းဖြေကြားသူ အများအပြား၏ပြောကြားချက်အရ ထောက်ပံ့မှု မလုံလောက်သည့် အခြေအနေမျိုးတွင်ပင် ကျေးရွာပြည်သူများအကြား (သို့မဟုတ်) ကျေးရွာ ခေါင်းဆောင်အပေါ် ကြာရှည်ရန်လို အငြိုးထားမှု တစ်စုံတစ်ရာမရှိဟု သိရပါသည်။ အချို့သော နွမ်းပါးသူများအတွက် အစိုးရ၏ ပံ့ပိုးမှုရရှိပြီးဖြစ်သော်လည်း ၎င်းတို့အား ထပ်မံပံ့ပိုးကူညီနိုင်ရန် အများအားဖြင့် စေတနာ့ဝန်ထမ်း ကော်မတီများမှ ကျေးရွာအတွင်း အလှူငွေကောက်ခံ၍ ဆောင်ရွက်ကြကြောင်း သိရပါသည်။

# ၈

# နောက်ဆက်တွဲများ

စာမျက်နှာ ၅၈-၆၃



နောက်ဆက်တွဲ ၁.၁။

## ကျေးရွာဆိုင်ရာ စံနှုန်းညွှန်းမှတ်များ

**ဆန်း** စစ်လေ့လာခဲ့သည့် ဒေသများတွင် ဤရပ်ရွာအဆင့် ဆန်းစစ်အကဲဖြတ်မှုသည် ကျေးရွာများ၏ အချို့သော စရိုက်လက္ခဏာများ (သို့မဟုတ်) စံနှုန်းညွှန်းမှတ်များအပေါ်မူတည်၍ ကပ်ရောဂါ၏ သက်ရောက်မှု အတိုင်းအတာ ကွဲပြားခြားနားမှု ရှိ/မရှိနှင့် အဆိုပါညွှန်းမှတ်များကြောင့် ကပ်ရောဂါသက်ရောက်မှုအပေါ် လျော့ပါး (သို့မဟုတ်) တိုးပွားစေခြင်းရှိ/မရှိ ဖော်ထုတ်သတ်မှတ်နိုင်ရန် ရည်ရွယ်ပါသည်။ ဇယား (၁) တွင် အဆိုပါစံနှုန်းညွှန်းမှတ်များကို ဖော်ပြထားပါသည်။

ဇယား – ၁

## ကျေးရွာဆိုင်ရာ စံနှုန်းညွှန်းမှတ် သတ်မှတ်ချက်များ

| စံနှုန်းညွှန်းမှတ် | သတ်မှတ်ချက် (ကျေးရွာအရေအတွက်) |
|---|---|
| ဦးဆောင်မှု | – NCDDP စီမံကိန်းကျေးရွာ – NCDDP စီမံကိန်းအရ အနည်းဆုံးနှစ်စဉ် တိုက်ရိုက်ထောက်ပံ့ငွေ ၃ ကြိမ် ရရှိပြီးဖြစ်သည့် မြို့နယ်တွင် တည်ရှိခြင်း။ (၂၈)<br>– NCDDP စီမံကိန်းမရှိသည့်ကျေးရွာ – NCDDP စီမံကိန်းမှ အကျိုးကျေးဇူး မရရှိသေးသည့် မြို့နယ်တွင် တည်ရှိခြင်း (၂၈) |
| တည်နေရာ ဝေးလံ ခေါင်ဖျားမှု | – အနီးဝန်းကျင်တွင်ရှိခြင်း – အနီးဆုံးဈေးနေရာသို့ သွားလာချိန် ၄၅ မိနစ် (သို့မဟုတ်) ယင်းထက်လျော့နည်းခြင်း (၃၈)<br>– ဝေးလံခြင်း – အနီးဆုံးဈေးနေရာသို့ သွားလာချိန် ၄၅ မိနစ်ထက် ပိုမိုခြင်း (၁၈) |
| ပဋိပက္ခ | – ပဋိပက္ခသက်ရောက်မှုခံစားရခြင်း – လတ်တလော ပဋိပက္ခဖြစ်ပွားနေသည့်ဒေသတွင် တည်ရှိခြင်း (သို့မဟုတ်) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ တစ်စိတ်တစ်ဒေသ (သို့မဟုတ်) အပြည့်အဝ စီမံအုပ်ချုပ်သည့် ဒေသတွင် တည်ရှိခြင်း (၇)<br>– ပဋိပက္ခသက်ရောက်မှုမခံစားရခြင်း – လတ်တလော ပဋိပက္ခဖြစ်ပွားနေမှုမရှိသော (သို့မဟုတ်) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုခုမှ ထိန်းချုပ်ထားခြင်းမရှိသောဒေသတွင် တည်ရှိခြင်း (၄၉) |
| ဘေးအန္တရာယ် (သဘာဝဘေး) | – သဘာဝဘေးအန္တရာယ်သက်ရောက်မှု ခံစားရခြင်း – ဆိုင်ကလုန်းမုန်တိုင်း (သို့မဟုတ်) ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် ရေကြီးရေလျှံမှု၊ မြေပြိုမှုစသည့် ကြီးမားသည့် သဘာဝဘေးအန္တရာယ်များ သက်ရောက်မှုခံရသည့် ဒေသတွင် တည်ရှိခြင်း။ (၄၈)<br>– ဘေးအန္တရာယ်သက်ရောက်မှု မခံစားရခြင်း – ကြီးမားသည့် (သို့မဟုတ်) ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် ဘေးအန္တရာယ်သက်ရောက်မှု မခံစားရသော ဒေသတွင် တည်ရှိခြင်း။ (၈) |
| စိုက်ပျိုး ဂေဟဇုန် | ကျေးရွာများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆက်နွယ်မှုရှိသည့် ဇုံများအပေါ် အခြေမခံဘဲ သက်ဆိုင်ရာ စိုက်ပျိုးဂေဟဇုန် တည်နေရာအလိုက် ခွဲခြားသတ်မှတ်ခြင်း<br>• ကမ်းရိုးတန်းဒေသဇုန် (၂၁)<br>• ပူပြင်းခြောက်သွေ့ဒေသဇုန် (၁၅)<br>• တောင်တန်းဒေသဇုန် (၂၀) |
| စီးပွားရေးရာ အမျိုးအစား ကွဲပြားပါဝင်မှု | – အမျိုးအစား ကွဲပြားမှုမရှိခြင်း – ကျပန်းလုပ်သား အရောင်းအဝယ်နှင့် ရွှေ့ပြောင်း လုပ်သားများအပေါ် ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ပင်မ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအပြင် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းမရှိခြင်း[၁၇] (၁၈)<br>– အမျိုးအစားကွဲပြားမှုရှိခြင်း – ကျပန်းလုပ်သား အရောင်းအဝယ်နှင့် ရွှေ့ပြောင်း လုပ်သားများအပေါ် ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ပင်မအသက်မွေးဝမ်းကျောင်း လုပ်ငန်းအပြင် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း အနည်းဆုံးတစ်ခုရှိခြင်း။ (၃၈) |
| ရွှေ့ပြောင်း နေထိုင် လုပ်ကိုင်မှု | – ကပ်ရောဂါမတိုင်မီ ကျေးရွာလူဦးရေနှင့် နှိုင်းယှဉ်ပါက ရွှေ့ပြောင်းလုပ်သားအဖြစ် လုပ်ကိုင်သည့် ကျေးရွာပြည်သူများ၏ ရာခိုင်နှုန်း<br>• အကန့်အသတ်ရှိသည့်အရေအတွက် (၀–၅%) (၂၇)<br>• အတန်အသင့်ရှိသည့်အရေအတွက် (၆–၁၅%) (၁၉)<br>• များပြားသည့်အရေအတွက် (၁၅% အထက်) (၈) |
| လူမှုကဏ္ဍ အမျိုးအစား ကွဲပြားမှု | – တစ်သားတည်းတူညီသည့် အမျိုးအစားဖြစ်ခြင်း – တိုင်းရင်းသားအုပ်စုတစ်စုတည်းနှင့် ဘာသာရေးအုပ်စု တစ်ခုတည်းသာရှိခြင်း (၂၈)<br>– အမျိုးအစားကွဲပြားခြင်း – ၂ ခု (သို့) ယင်းထက်ပိုမိုသော တိုင်းရင်းသားအုပ်စု နှင့်/သို့ ဘာသာရေးအုပ်စုများရှိခြင်း (၂၈) |

၁၇ ကျေးလက်ဒေသများရှိ ကျပန်းလုပ်သားများသည် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် အခြေခံ၍ ဆင်းသက်လာခြင်းဖြစ်ပြီး အထူးသဖြင့် လယ်ယာလုပ်ငန်းအပေါ် အခြေခံခြင်းဖြစ်၍ အရောင်းအဝယ်လုပ်ငန်းဆိုသည်မှာ မြန်မာကျေးလက်ဒေသတစ်ဝှမ်း၌ ပုံမှန်တွေ့ရလေ့ရှိသည့် လုပ်ငန်းမျိုးဖြစ်ခြင်းကြောင့် ကွဲပြားမှုအဖြစ် ထည့်သွင်းခြင်းမပြုပါ။ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းသည် ကျေးရွာပြင်ပဒေသများမှ အလုပ်အကိုင်အခွင့်အလမ်းများအပေါ် ထင်ဟပ်ခြင်းဖြစ်သောကြောင့် ဒေသတွင်းအသက်မွေးဝမ်းကျောင်းအဖြစ် မယူဆပါ။

## နောက်ဆက်တွဲ ၁.၂။

# ကျေးရွာဆိုင်ရာ အချက်အလက်များ


**ဆန်း စစ်လေ့လာခဲ့သည့် ကျေးရွာ ၅၆ ရွာအနက် ကျေးရွာ ၅၀ မှာ စိုက်ပျိုးရေး လုပ်ကိုင်သည့် ကျေးရွာများ ဖြစ်ပါသည်။** ပင်မအသက်မွေးဝမ်းကျောင်းအဖြစ် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သည့် ကျေးရွာ ၄ ရွာနှင့် ရွှေ့ပြောင်းလုပ်သားအဖြစ် အဓိက လုပ်ကိုင်သည့် ကျေးရွာ ၂ ရွာလည်း ပါဝင်ပြီး အဆိုပါ ကျေးရွာ ၆ ရွာတွင် လယ်ယာ လုပ်ငန်းကိုလည်း လုပ်ကိုင်ကြပါသည်။ ကျေးရွာများအားလုံးတွင် ကျပန်းလုပ်သားများ ရှိကြပြီး ရွှေ့ပြောင်းလုပ်သားအဖြစ် လုပ်ကိုင်မှုရှိသည့် ကျေးရွာ ၄၄ ရွာ ရှိပါသည်။ ကျေးလက် လူမှုအသိုင်းအဝိုင်းများအတွက် ပုံမှန်ဝင်ငွေအရင်းအမြစ်၊ အရောင်းအဝယ်ရှိသည့် ကျေးရွာ ၃၁ ရွာရှိပါသည်။ ပင်မ မဟုတ်သော အရေးပါဆုံးဖြစ်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ အသေးစား စီးပွားရေးလုပ်ငန်းများ (ကျေးရွာ ၁၂ ရွာတွင်တွေ့ရှိ)နှင့် ဆောက်လုပ်ရေးလုပ်ငန်း (ကျေးရွာ ၁၁ ရွာတွင် တွေ့ရှိ) တို့ဖြစ်ကြပါသည်။ အင်တာဗျူးမေးမြန်းမှု မတိုင်မီ မကြာသေးမီ ကာလအတွင်း ရိတ်သိမ်းသီးနှံ အရည်အသွေး၊ သီးနှံထွက်နှုန်းများနှင့် စပ်လျဉ်း၍ ကောင်းမွန် သည်ဟု ဖော်ပြသည့် ကျေးရွာ ၁၂ ရွာ၊ အသင့်အတင့်ရှိသည်ဟု ဖော်ပြသည့်ကျေးရွာ ၂၄ ရွာနှင့် ကောင်းမွန်ခြင်းမရှိဟု ဖော်ပြသည့် ကျေးရွာ ၂၀ ခန့်ဖြစ်ပါသည်။ ကျေးရွာ ၂၉ ရွာတွင်သာ အခြေခံကျန်းမာရေး ဆေးပေးခန်း ရှိပါသည်။

**ဆန်းစစ်လေ့လာမှု ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် တိုင်းရင်းသားလူမျိုးစုတစ်မျိုးတည်းသာ တည်ရှိသည့် ကျေးရွာ ၃၂ ရွာပါဝင်ပြီး အနည်းဆုံး အခြားတိုင်းရင်းသား လူမျိုးတစ်မျိုး ရှိသည့် ကျေးရွာ ၂၄ ရွာ ပါဝင်ပါသည်။** ကျေးရွာပေါင်း ၂၇ ရွာတွင် အဓိကနေထိုင်သည့် တိုင်းရင်းသားလူမျိုးမှာ ဗမာလူမျိုးဖြစ်ပါသည်။ စစ်တမ်းနမူနာ ကောက်ယူသည့် ကျေးရွာ များတွင် အဓိကတိုင်းရင်းသားအဖြစ် ကရင်လူမျိုးများ ပါဝင်သည့် ကျေးရွာ ၈ ရွာရှိပါသည်။ အခြားတိုင်းရင်းသားများဖြစ်သည့် ဗမာ(ထားဝယ်)၊ ချင်း၊ ကချင်၊ ကယား၊ ကယမ်း၊ ကရော်၊ မွန်၊ ပအိုဝ်၊ ရခိုင်၊ ရာ၊ ရိုဟင်ဂျာ၊ ရှမ်း၊ ရှမ်းနီ၊ တအောင်းနှင့် ဇိုမီး[၁၈]လူမျိုးများ အဓိက တိုင်းရင်းသားအဖြစ် နေထိုင်သည့် ကျေးရွာ ၁-၃ ရွာခန့်စီရှိပါသည်။ ဆန်းစစ်လေ့လာခဲ့သည့် ကျေးရွာများတွင်နေထိုင်သည့် အခြားတိုင်းရင်းသားအုပ်စုများမှာ ဂျိန်းဖော၊ လီဆူး၊ ရဝမ်၊ ဂေါ်ရခါး၊ ဒိုင်းနက်၊ မာရူ၊ လာခေး၊ ကနန်း စသည်တို့ဖြစ်ပါသည်။ ကရင်လူမျိုးအများစု နေထိုင်သည့် ကျေးရွာများနှင့် နှိုင်းယှဉ်ပါက ဗမာလူမျိုးအများစု နေထိုင်သည့် ကျေးရွာများသည် ဘာသာရေးအရ ကွဲပြားမှုနည်းပါးသော်လည်း စီးပွားရေးအရ အမျိုးအစား ပိုမိုကွဲပြားမှုရှိပါသည်။

**စစ်တမ်းနမူနာကောက်ယူသည့် ကျေးရွာများတွင် ဘာသာရေးအရ အမျိုးမျိုးကွဲပြားသည့် ကျေးရွာ ၁၆ ရွာရှိပြီး ဘာသာရေး အမျိုးအစားတူညီသည့် ကျေးရွာ ၄၀ ပါဝင်ပါသည်။** ကျေးရွာ ၃၀ တွင် ဗုဒ္ဓဘာသာ တစ်မျိုးတည်းကိုသာ ကိုးကွယ်ကြပြီး အခြားကျေးရွာ ၁၀ ရွာတွင် အခြား သက်ဝင် ယုံကြည်မှုများရှိသော်လည်း အများစုကိုးကွယ်သည့်ဘာသာမှာ ဗုဒ္ဓဘာသာ ဖြစ် ပါသည်။ ခရစ်ယာန်ဘာသာတစ်မျိုးတည်း ကိုးကွယ်သည့်ကျေးရွာ ၈ ရွာရှိပြီး အခြားဘာသာ များရှိသော်လည်း ခရစ်ယာန်ဘာသာ အများစုဖြစ်သည့် ကျေးရွာ ၄ ရွာရှိပါသည်။ အများစု မွတ်ဆလင် ဘာသာကိုးကွယ်သည့် ကျေးရွာ ၃ ရွာရှိပြီး လိုင်ပီအန် အများစုဖြစ်သည့် ကျေးရွာ ၁ ရွာ ရှိပါသည်။ နတ်ကိုးကွယ်သူများ နေထိုင်သည့် ကျေးရွာ ၁ ရွာရှိပါသည်။ ဗုဒ္ဓဘာသာဝင် အများစုဖြစ်သည့် ကျေးရွာများထက် ခရစ်ယာန်ဘာသာဝင်အများစုဖြစ်သည့် ကျေးရွာများတွင် တိုင်းရင်းသားအမျိုးအစား ပိုမိုကွဲပြားမှုရှိကြောင်း တွေ့ရပါသည်။ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ဘာသာအများစုဖြစ်သော ကျေးရွာများအကြားတွင် စီးပွားရေးအရ အမျိုးအစား ကွဲပြားမှုနှင့် စပ်လျဉ်း၍ သိသာသည့် ခြားနားမှု မတွေ့ရှိရပါ။

၁၈ ဇိုမီးလူမျိုးများသည် တိုင်းရင်းသားလူမျိုးစုတစ်စုဖြစ်၍ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ အချို့သော ဒေသများအပါအဝင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသများတွင် နေထိုင်ကြပါသည်။ ဇိုမီးခေါင်းဆောင်တစ်ဦးဖြစ်သော ပေါ်ကျင်ဟာ သည် ၁၈၈၈ တွင် လိုင်ပီအန်ဘာသာကို ထူထောင်ခဲ့ပါသည်။ ထို့ပြင် ၎င်းသည် လိုင်ပီအန် အက္ခရာကိုလည်း တီထွင်ခဲ့ပါသည်။

# မြန်မာနိုင်ငံအတွင်း ကိုဗစ်ကပ်ရောဂါ၏ လူမှုစီးပွားသက်ရောက်မှုများအပေါ် လေ့လာဆန်းစစ်မှု ဆောင်ရွက်ခဲ့သည့် မြို့နယ်များ




Disclaimer: The boundaries and names shown and the designations used on this map do not imply official endorsement or acceptance by the United Nations.